

# ကြယ်များဆီသို့

မောင်ဝံသ
မြန်မာပြန်

A TRIP TO
THE STARS
LESTER VAUGHAN

# ကြယ်များဆီသို့

မောင်ဝံသ

(မြန်မာပြန်)

## A Trip to the Stars

**Lester Vaughan**

မောင်ဝံသ

**ကြယ်များဆီသို့**

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ– ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊ ၁၁၃၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ–ဒေါ်တင်ရီ(၀၂၈၃၉)၊ နန်းသဇင်ပုံနှိပ်တိုက်။ အမှတ်–၁၉၆(မြေညီထပ်)၊ ၃၉လမ်း၊ ရန်ကုန်မြို့။ စာအုပ်စာတမ်းပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် ၂၆/ ၂၀၀၂(၁)။ မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် ၂၁၆ / ၂၀၀၂( ၃ )

**ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်၊ မေ လ**

**စောင်ရေ ၅၀၀၊ တန်ဖိုး** ၁၀၀၀ ကျပ်

# A Trip to the Stars
## by Lester Vaughan

## ကြယ်များဆီသို့
မောင်ဝံသ မြန်မာပြန်သည်

### မြန်မာပြန်သူ၏ အမှာ

ကျွန်တော်၏သားနှစ်ယောက်ကျေးဇူးဖြင့် ဤပျော်စရာအာကာသသိပ္ပံဝတ္ထုစာအုပ်ကလေးကို ဘာသာပြန်ဆို ဖြစ်ခဲ့ပါသည်။

သားများသည် သိပ္ပံဝတ္ထုများကို စွဲစွဲလမ်းလမ်း ဖတ်ရှုခဲ့ကြသည်မှာ ကြာပြီဟု သိရပါသည်။ နှစ်ဦးနှစ်ဖက်အားလပ်ကြချိန်များတွင် သားများက သူတို့ ဖတ်ဖူးသော သိပ္ပံဝတ္ထုများအကြောင်း ပြန်ပြောပြပါသည်။ ကျွန်တော် တအံ့တဩ နားထောင်ပြီး သဘောကျနေမိပါသည်။

တစ်နေ့တွင် သားကြီးက ဤစာအုပ် A Trip to the Stars ကို ငှားလာပါသည်။ Lester Vaughan ရေးပြီး လန်ဒန်မြို့ Richmond Publishing မှ ၁၉၉၈ ခုနှစ်တွင် ထုတ်ဝေသော စာအုပ်ဖြစ်သည်။

ခရစ်နှစ် ၂၂၈၅ ခုနှစ်တွင် ဤမြေကမ္ဘာမှ အာကာသသို့ ခရီးသွားကြပုံအကြောင်းကို လျှို့ဝှက်ဆန်းကြယ်စာတတ်လမ်းဆင်၍ ရေးထားပါသည်။ ရိုဘော့များ ကွန်ပျူတာများနှင့် လူသားတို့၏ ဆက်ဆံရေးကို ပျော်စရာ အံ့ဩစရာဖြစ်အောင် ရေးထားပုံမှာ ဖတ်ရင်းဖတ်ရင်း သဘောကျလွန်း၍ ကျွန်တော်ဘာသာ ပြန်ဖြစ်သွားပါသည်။

ဝတ္ထုစာတတ်အိမ်ဖွဲ့စည်းပုံမှာ အခန်းစဉ်များကို လိုအပ်သလို ညွှန်းထားပြီး စာဖတ်သူက ညွှန်းထားသည့်အတိုင်း လိုက်၍ဖတ်ရသည်။ အခန်းတစ်ခု အပြီးတွင် အဆုံးအဖြတ်ပေးရန် သို့မဟုတ် ရွေးချယ်ရန် ပြဿနာတစ်ခုခု ရှိလျှင် စာဖတ်သူကို အကြောင်းအကျိုးဆက်စပ်စဉ်းစားပြီး ဆုံးဖြတ်နိုင်သည်။ မိမိဆုံးဖြတ်ချက်မှန်၊

မမှန်ကို ဆက်ညွှန်းထားသည့်အခန်းတွင် အဖြေတွေ့ရမည်။ မှန်လျှင် နိုင်မှတ်ရမည်။ မှားလျှင် အမှတ်လျှော့ခံရမည်။

ဝတ္ထုဇာတ်လမ်းကို ဖတ်ရင်းဖတ်ရင်း ပျော်စရာကောင်းလာလိမ့်မည်။ ဆုံးဖြတ်စရာ ရွေးချယ်စရာတွေ့လျှင် ရိုးရိုးသားသားစဉ်းစားပြီး ရဲရဲတင်းတင်းဆုံးဖြတ်ပါ။ မိမိဘာသာစာရွက်တစ်ရွက်ပေါ်တွင် အဖြေနှင့် ရမှတ် ရှုံးမှတ်များရေးချပြီး အဖြေထုတ်ဖို့သာ ဖြစ်သည်။ ကြွားစရာလည်းမလို၊ ရှက်စရာလည်းမလို။ အပြစ်ကင်းစင်သော အပျင်းဖြေဉာဏ်စမ်းနည်းတစ်မျိုး ဖြစ်သည်။ အင်္ဂလိပ်စကားလုံးများဖြင့် ကွက်လပ်ဖြည့်ရသော နေရာများတွင် ဘာသာပြန်သူအနေဖြင့် တတ်နိုင်သမျှ မြန်မာလို ပြန်ဆိုဖော်ပြထားသည်။ အဖြေကိုမူ အင်္ဂလိပ်စကားလုံးများဖြင့်သာ ဖြည့်ရမည် ဖြစ်ပါသည်။

ဂြိုဟ်အမည်များကို အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်စသည်ဖြင့် ဘာသာမပြန်ထားပါ။ မူလအတိုင်း မားစ်၊ မာကျူရီ စသည်ဖြင့် အသုံးပြုထားပါသည်။ မြန်မာအခေါ်အဝေါ်များမှာ နေကို တနင်္ဂနွေဂြိုဟ်ဟု ခေါ်ပြီး နေနှင့်အနီးဆုံး ဗုဒ္ဓဟူးဂြိုဟ်မှအစ အောက်ပါအစီအစဉ်အတိုင်း ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | Mercury | မာကျူရီ | ဗုဒ္ဓဟူးဂြိုဟ် |
| ၂။ | Venus | ဗီးနပ်စ် | သောကြာဂြိုဟ် |
| ၃။ | Earth | | ကမ္ဘာဂြိုဟ် |
| ၄။ | Mars | မားစ် | အင်္ဂါဂြိုဟ် |
| ၅။ | Jupiter | ဂျူပီတာ | ကြာသပတေးဂြိုဟ် |
| ၆။ | Saturn | ဆေတန် | စနေဂြိုဟ် |
| ၇။ | Uranus | ယူရေးနပ်စ် | |
| ၈။ | Neptune | နက်ပ်ကျွန်း | |
| ၉။ | Pluto | ပလူတို | |

ကျွန်တော်၏ဘာသာပြန်ဆိုချက်တွင် မူရင်းအသံထွက်အတိုင်း ဖော်ပြထားခြင်းမှာ ဂြိုဟ်အမည်များကို တိုက်ရိုက်နားယဉ်စေရန် ရည်ရွယ်ခြင်းကြောင့် ဖြစ်ပါသည်။ အာကာသသိပ္ပံဗဟုသုတကို ဆက်လက်လေ့လာလိုသူများအဖို့ အမည်နာမများကို တိုက်ရိုက်မှတ်သားခြင်းက ပို၍ လွယ်ကူမည်ဟု ယုံကြည်သောကြောင့် ဖြစ်ပါသည်။

ဤစာအုပ်ကလေးသည် ဖတ်ရှုမိသူများအတွက် "အပျင်းလည်းပြေ၊ ပညာလည်းရ"ဟု မုချပြောနိုင်ပါလိမ့်မည်။ ထို့အပြင် Globalizationခေါ် ကမ္ဘာပြန့်ပြစ်စဉ်ကြီးထွားနေသောခေတ်တွင် ဤအာကာသသိပ္ပံဝတ္ထုသည် မြေကမ္ဘာမျိုးချစ်စိတ်နှင့် လူသားချင်း ပိုမိုချစ်ကြည်သွေးစည်းရေးအတွက် အတွေးသစ်အမြင်သစ်အချို့ကို လှစ်ပြပေးထားသည်ဟု ဆိုချင်ပါသည်။

မောင်ဝံသ


၁၈၊ ဩဂုတ်၊ ၂၀၀၁
ရန်ကုန်မြို့။

## သော့ချက်

| | |
|---|---|
| အခန်းစဉ် | = စတင်သောအခန်းစဉ် ဖြစ်သည်။<br>ဥပမာ– အခန်းစဉ် ၁၀ ဟု ဆိုလျှင် အခန်းစဉ် ၁၀ စတင်ခြင်းဖြစ်သည်။ |
| ➤ | နောက်ဆက်ဖတ်ရမည့် အခန်းစဉ်ကို ပြသည်။<br>ဥပမာ–အခန်းစဉ် ၁၀ သို့သွားပါ။ ➤ |
| ◄ | နောက်ကြောင်းပြန်ဖတ်ရမည့်အခန်းစဉ်ကို ပြသသည်။<br>ဥပမာ–အခန်းစဉ် ၃ သို့သွားပါ။ ◄ |
| ( ) | သင်ဖတ်လာသော အခန်းစဉ်ကို ပြသည်။<br>ဥပမာ– (၄၈)= သင်သည် အခန်းစဉ် ၄၈ကို ဖတ်ခဲ့ပြီး ကူးလာခြင်းဖြစ်သည်။<br>အခန်းစဉ် ၁၀ (၄၈)<br>(၄၈)ကို ဖတ်ခဲ့ပြီး ယခု အခန်းစဉ် ၁၀ကို ဖတ်တော့မည် ဖြစ်ပါသည်။ |
| ⑤ | သင်နိုင်သော အမှတ်ကို ပြသည်။<br>ဥပမာ။ ၅ မှတ် နိုင်သည်။ |
| ❺ | သင်ရှုံးသော အမှတ်ကို ပြသည်။<br>ဥပမာ သင် ၅ မှတ် ရှုံးသည်။ |

## ပါဝင်သော ဇာတ်ကောင်များ

| | |
|---|---|
| ထရန်ဂါဆီးယားမာတင် | သင်–စာဖတ်သူကိုယ်တိုင်ဖြစ်သည်။ သင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးဖြစ်ပြီး လေဘာတီအာကာသယာဉ်ပေါ်တွင် အလုပ်တစ်ခု ရရှိခဲ့သည်။ |
| ရောဘတ်တို | ထရန်၏အိမ်ဖော် ရိုဘော့။ |
| ကပ္ပတိန်ရောဂျားစ် | လေဘာတီအာကာသယာဉ်၏ ကပ္ပတိန်။ |
| ဂလိုရီးယား နာကီလ်စကား | လေဘာတီအာကာယယာဉ်၏ ဒုတိယအရာရှိ။ |
| သွန်မဆင် | အိုရီယွန်အာကာသယာဉ်ပျောက်ဆုံးမှုကို စုံစမ်းထောက်လှမ်းနေသော ရဲစုံထောက်။ |
| စင်ဒီနှင့် ဘီလီ | လေဘာတီအာကာသယာဉ်ပေါ်မှ သန့်ရှင်းရေးလုပ်သား ရိုဘော့များ။ |
| ဆမ်ဒင်း | ရိုလန်ဒီးယားဂြိုဟ်မှ ဂြိုဟ်သား။ |



*လူသားတို့သည် တိမ်တိုက်များလောက် မြင့်မားလှပသည့် အဆောက်အအုံကြီးများတွင် နေထိုင်ကြသည်။*

## အခန်းစဉ် ၁

ခရစ်နှစ် ၂၂၈၅ခုနှစ် ဖြစ်၏။ လူသားများတွင် ထူးဆန်းအံ့ဩဖွယ် အရာဝတ္ထုများစွာ ရှိနေကြသည်။ သူတို့ဆီမှာ အာကာသယာဉ်ကြီးများ ရှိကြ၏။ ထိုယာဉ်ကြီးများသည် အလင်းရောင်၏ မြန်နှုန်းနီးပါး သွားလာနိုင်ကြသည်။ လူသားတို့သည် တိမ်တိုက်များလောက် မြင့်မားသော လှပသည့် အဆောက်အအုံကြီးများတွင် နေထိုင်ကြသည်။ သူတို့သည် ရိုဘော့(Robots) ခေါ် စက်ရုပ်လူများကို ခိုင်းစေကြသည်။ လူတွေမလုပ်ချင်သော ငြီးငွေ့ဖွယ်အလုပ်အားလုံးကို ရိုဘော့တွေက လုပ်ပေးကြရသည်။ သို့ရာတွင် လူသားများမှာ ပြဿနာတွေ ရှိနေဆဲပင်။ လူတို့သည် တစ်ယောက်ကိုတစ်ယောက် ဒုက္ခရောက်အောင် လုပ်နေကြဆဲပင်။

သင်၏နာမည်သည် ထရန်ဂါဆီးယားမာတင်(Tran Gercia Martin)ဖြစ်၏။ အာဂျင်တီးနားနိုင်ငံ၊ ဘွေနိုအဲ ရိုးစ်မြို့ရှိ တိုက်ခန်းငယ်တစ်ခုတွင် ရောဘတ်တို(Roberto)ဟု ခေါ်သော သင်၏ အိမ်ဖော်ရိုဘော့နှင့်အတူနေထိုင်သည်။ သင့်မှာ

ပိုက်ဆံသိပ်မရှိ။ သို့ရာတွင် သင်သည် အာကာသယာဉ်တစ်ခုတွင် အလုပ်ရှာဖွေလျက် ရှိသည်။ သင်သည် ကြယ်တာရာများဆီသို့ ခရီးထွက်တော့မည်ဖြစ်သည်။

ဤစာတပ်လမ်းတွင် သင်သည် ဆုံးဖြတ်ချက်ချမှတ်ရသည်များ ရှိမည်။ အမှတ်ရသည်များ ရှိသလို အမှတ်လျှော့ခံရသည်များလည်း ရှိမည်။

**အမှတ်များ**

အကယ်၍ စာအုပ်ပြီးဆုံးသွားချိန်တွင် ရမှတ် ၁၂၀ ကျော် ရရှိပါက သင်သည် အကောင်းဆုံးအဆင့် (Execllent) အာကာသခရီးသည်ဖြစ်မည်။

| | | |
|---|---|---|
| အမှတ် ၁၂၀မှ ၉၀အတွင်း | – | အလွန်ကောင်း(Very good) |
| ၈၉ မှ ၅၀ | – | ကောင်း(good) |
| ၄၉ မှ ၂၀ | – | သင့်(OK) |
| ၁၉ မှ ၁ | – | ညံ့(bad) |

အကယ်၍ သင်သည် စာအုပ်ကိုဖတ်နေချိန်အတွင်း သုညအမှတ် သို့မဟုတ် သုညအောက်အမှတ်ဖြစ်သွားပါက သင်၏ အာကာသခရီးစဉ် မအောင်မြင်ဟု ဆိုရမည်။ ရှေ့ဆက်သွားလို့မရနိုင်။ သင်သည် အစသို့ ပြန်သွား၍ နောက်တစ်ကြိမ်ထပ်ကြိုးစားရမည်။

သင်သည် အမှတ် ၅၀ ရပြီးသားအနေဖြင့် စတင်ရမည်။ စာရွက်တစ်ရွက်တွင် ၅၀ ဟု ရေးချပါ။ စာအုပ်ကိုပိတ်၍ ခေတ္တခဏနားချိန်များတွင် သင်၏ ရမှတ်နှင့် အခန်းစဉ်နံပါတ်ကို စာရွက်ပေါ်တွင် ရေးမှတ်ရန် မမေ့ပါနှင့်။

အခန်းစဉ်(၁၀)သို့ ဆက်ဖတ်ပါ။ ➤

စာဖတ်သူသည် အခန်းစဉ်တစ်ခုပြီးတိုင်း ဆက်ဖတ်ရန် ညွှန်းသော အခန်းစဉ်ရှိရာ စာမျက်နှာကို ရှာဖွေ၍ ဖတ်ရှုရပါမည်။ စာမျက်နှာအစဉ်အတိုင်း မဖတ်ပါနှင့်။ အခန်းစဉ်အညွှန်းအတိုင်းသာ ဖတ်ပါ။

**အခန်းစဉ် ၂** (၃၇)

သင်သည် အာကာသယာဉ်၏ တံခါးရှိရာသို့သွားပြီး သော့ပေါက်ထဲ သော့တံကို ထိုးထည့်လိုက်သည်။ တံခါးပွင့်သွား၏။ ဂြိုဟ်သားတစ်ယောက် ထွက်

လာပြီး မာကြောသော တစ်စုံတစ်ခုဖြင့် သင့်ကို ရိုက်နှက်သည်။ သင်ထွက်ပြေးခဲ့ရ၏။
သင် (၅) မှတ်ရှုံးသည်။ ❺
အခန်းစဉ်(၃၇) သို့ ပြန်သွားပါ။ ➤
အခြားအာကာသယာဉ်တစ်ခုကို ကြိုးစားကြည့်ပါဦး။

အခန်းစဉ် **၃** (၄)

## တွင်းနက်ကြီးများ(Black Holes)

တွင်းနက်ကြီးဟူသည်မှာ ဤစကြဝဠာကြီးအတွင်းရှိ အထူးဆန်းဆုံးနှင့် ကြောက်မက်ဖွယ်အကောင်းဆုံး အရာဝတ္ထုများအနက် တစ်ခု ဖြစ်သည်။ ၎င်း၏အနီးသို့ ချဉ်းကပ်လာသမျှ အရာခပ်သိမ်းအား စားပစ်လိုက်သည့် ကိုယ်ပျောက်သတ္တဝါကြီးတစ်ကောင်နှင့် တူသည်။ အလွန်တရာမှ လေးလံပြီး သိပ်သည်းလွန်းလှသဖြင့် အာကာသထဲတွင် တွင်းကြီးတစ်ခုဖြစ်ပေါ်စေသော အရာဝတ္ထုတစ်ခု ဖြစ်၏။ သင့်အိပ်ရာပေါ်သို့ လေးလံလှသော သံလုံးကြီးတစ်ခု တင်ထားလိုက်သလို စိတ်ကူးကြည့်ပါ။ သံလုံးကြီးသည် လေးလံလှသည်ဖြစ်၍ အိပ်ရာပေါ်၌ ချိုင့်ကြီးဖြစ်ပေါ်လာမည်။ အိပ်ရာပေါ်သို့ တစ်စုံတစ်ခုကို တင်လိုက်တိုင်း ထိုပစ္စည်းသည် တွင်းကြီးထဲသို့ လိမ့်ဆင်းသွားမည်ဖြစ်သည်။ ထို့အတူ အာကာသထဲရှိ တွင်းနက်ကြီးတစ်ခုအနီးသို့ ချဉ်းကပ်သွားသောအရာတိုင်း တွင်းကြီးထဲသို့ ဆွဲသွင်းပစ်လိမ့်မည်။ ဘယ်တော့မှ ပြန်ထွက်လာနိုင်မည်မဟုတ်ချေ။


တွင်းနက်ကြီးတစ်ခုသည်အလွန့်အလွန်သေးငယ်ပြီး လေးလံ၏။ အချင်း(diameter)အားဖြင့် ၃၀ ကီလိုမီတာမျှ ရှိနိုင်သည်။ သို့သော် ၎င်းသည် နေထက် ၁၀ ဆမျှ လေးလံနိုင်၏။

တွင်းနက်ကြီး၏ ဆွဲငင်အားသည် ပြင်းထန်လွန်းလှ၍၎င်းထံမှ မည်သည့်အရာမှ လွတ်မထွက်နိုင်ချေ။ အလင်းရောင်သည်ပင် တွင်းနက်ကြီးဆီသို့ ရောက်လျှင် အလင်းမထွက်နိုင်တော့ချေ။ တွင်းနက်ကြီးသည် အစဉ်ထာဝရမည်းမှောင်နေသောကြောင့် ဖြစ်သည်။ တွင်းနက်ကြီးတစ်ခုသည် အခြားကြယ်တစ်ခုခုအနီးသို့ ချဉ်းကပ်သွားလျှင် ထိုကြယ်ကို တွင်းနက်ကြီးက 'စားမြို'ပစ်လိုက်နိုင်သည်။ တွင်းနက်ကြီးတစ်ခု၏ ဆွဲငင်အားသည် ၎င်း၏ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများသာမက အရာခပ်သိမ်းကို ဆွဲယူနိုင်စွမ်းရှိသည်။ အလင်းရောင်နှင့် နေရာ(Space)အပြင် အချိန်ကိုပင် တွင်းနက်ကြီးက ဆွဲယူနိုင်ပေသည်။

အခန်းစဉ်(၄)သို့ ဆက်သွားပါ။ ➤

**အခန်းစဉ် ၄** (၁၃)

အောက်ပုံပါ ကွန်ပျူတာမှန်သားပြင်ကိုကြည့်ပြီး အကြောင်းအရာနှစ်ခု သို့မဟုတ် ထိုထက်ပို၍ ဖတ်ရှုမှတ်သားပါ၊ (ဤသတင်းအချက်အလက်သည် နောက်ပိုင်းတွင် သင့်အတွက် အသုံးဝင်နိုင်သည်။)




- တွင်းနက်ကြီးများအကြောင်း သင်သိလိုလျှင် အခန်းစဉ်(၃)သို့သွားပါ။ ➤
- ကြယ်စုများ (galaxies) ကြယ်များနှင့် နေအကြောင်းသိလိုလျှင် အခန်းစဉ်(၈)သို့ သွားပါ။ ➤
- အာကာသလောက၏ ဟာသများကို သိလိုလျှင် အခန်းစဉ်(၁၁) သို့သွားပါ။ ➤

- အခြားဂြိုဟ်သားများ (aliens) အကြောင်းသိလိုလျှင်
  အခန်းစဉ် (၃၄) သို့သွားပါ။ ➤
- နေရာ၊ အချိန်၊ စကြဝဠာ စသည်တို့အကြောင်းသိလိုလျှင်
  အခန်းစဉ်(၃၅) သို့သွားပါ။ ➤
- အလင်း၏ မြန်နှုန်းနှင့် ဆက်နွယ်မှုအကြောင်းသိလိုလျှင်
  အခန်းစဉ် (၄၄)သို့ သွားပါ။ ➤

ကွန်ပျူတာကို အသုံးပြုပြီးပါက အခန်းစဉ်(၂၄)ကို ဆက်ကြည့်ပါ။ ➤

## အခန်းစဉ် ၅ (၁၂)

စင်ဒီထွက်ပြေးသည်။ သွန်မဆင်က စင်ဒီနောက်က အပြေးလိုက်သည်။ "စင်ဒီကို ဖမ်းမိအောင် ခင်ဗျားကို ကျုပ်ကူညီမယ်"ဟု သင်က သွန်မဆင့်ကို ပြောလိုက်၏။

စင်ဒီသည် မြို့လယ်ပိုင်းဆီသို့ ဦးတည်၍ အလွန်လျင်မြန်စွာပြေးသွား၏။ ပင်မကွန်ပျူတာကြီးရှိရာ အဆောက်အအုံကြီးထဲသို့ စင်ဒီပြေးဝင်သွားသည်။ သွန်မဆင်နှင့် သင်သည် သူမ၏နောက်ကို လိုက်ကြသည်။ ဓာတ်လှေကားတစ်စင်းထဲ သူမဝင်သွားသည်ကို သင်လှမ်းမြင်လိုက်၏။ ဓာတ်လှေကားအပေါ်ရှိ နံပါတ်များကို ကြည့်နေရာ ၆ ထပ်တွင် ရပ်သွားကြောင်း တွေ့ရ၏။ သင်တို့ရှေ့တွင် ဒုတိယဓာတ်လှေကားတစ်စင်း ရှိနေပြီး တံခါးလည်းပွင့်နေသည်။

သင်ဘာလုပ်မလဲ။

- ၆ ထပ်သို့ ရိုးရိုးလှေကားမှ ပြေးတက်ပြီး လိုက်မလား။
  အခန်းစဉ်(၃၈)သို့ သွားပါ။ ➤
- ၆ ထပ်သို့ ဓာတ်လှေကားဖြင့် လိုက်မလား။
  အခန်းစဉ် (၆၇)သို့ သွားပါ။ ➤

## အခန်းစဉ် ၆ (၄၉) (၆၆)

"ရှင့်အလုပ်က အာကာသယာဉ်ကို သန့်ရှင်းနေအောင် ထိန်းသိမ်းကြပ်မတ်ပေးဖို့ပဲ။ အာကာသယာဉ်သန့်ရှင်းရေးလုပ်နေတဲ့ ရိုဘော့တွေကို ရှင်က စီမံကွပ်ကဲရမယ်"ဟု ကပ္ပတိန်ရောဂျားစ်က ပြောသည်။ "ဒီ အာကာသယာဉ်ကို နေစကြဝဠာ (Solar System) တစ်ခုလုံးမှာ အသန့်ရှင်းဆုံးယာဉ်ဖြစ်စေချင်တယ်။ ဒါပေမယ့်

အဲဒီ ရိုဘော့ကောင်တွေ ကျုပ်အနားမှာ မရှိစေချင်ဘူး။ ကျုပ်ပြောတာ ရှင်နားလည်တယ် မဟုတ်လား"

"နားလည်ပါတယ်၊ ကပ္ပတိန်ရောဂျားစ်" သင်က ပြန်ပြောလိုက်သည်။

"ရိုဘော့ကောင်တွေ ဘယ်မှာလဲ သွန်မဆင်"ဟု ကပ္ပတိန်ရောဂျားစ်က မေးလိုက်သည်။


သွန်မဆင်က ကွန်ပျူတာတစ်လုံးမှ ခလုတ်အချို့ကို နှိပ်ပြီးမှ မှန်သားပြင်ကို ကြည့်၍-

"သူတို့ ကုန်တင်ခန်းထဲမှာ ရှိပါတယ်"

"သူတို့ အဲဒီမှာ ဘာလုပ်နေကြသလဲ"ကပ္ပတိန်က မေးသည်။

"သောကြာဂြိုဟ်(Venus)က ကျောက်တုံးတွေကို သန့်ရှင်းရေးလုပ်နေကြပါတယ်"

"ဘာ–ကျုပ်နဲ့လိုက်ခဲ့စမ်း"ဟု ကပ္ပတိန်က ပြောသည်။ သင်သည် ကပ္ပတိန်ရောဂျားနှင့် သွန်မဆင်တို့နောက်က လိုက်လာခဲ့ရာ ကုန်တင်ခန်းကြီးထဲသို့ ရောက်သွားသည်။ သင်သည် ကုန်တင်ခန်းထဲသို့ လေထဲမျှောပြီး ဝင်သွားရာ အခန်းထောင့်တစ်နေရာ ကျောက်တုံးအချို့အနီးတွင် ရိုဘော့နှစ်ယောက်ကို တွေ့မြင်ရသည်။ အခန်းတစ်ခုလုံး ဖုန်မှုန့်များဖြင့် ပြည့်နှက်နေ၏။



*အခန်းတွင်း၌ ရိုဘော့နှစ်ယောက်ကို တွေ့ရသည်။*

"မင်းတို့ ဘာလုပ်နေကြတာလဲ" ကပ္ပတိန်ရောဂျားက ရိုဘော့တွေကို မေးသည်။

"ကျောက်တုံးတွေကို ကျုပ်တို့သန့်ရှင်းရေးလုပ်နေကြတယ်"

ရိုဘော့တစ်ယောက်က ပြန်ပြောသည်။

"ကျောက်တုံးတွေကို သန့်ရှင်းရေးမလုပ်ရဘူးဟဲ့၊ ကျောက်တုံးဆိုတာ အမြဲတမ်း ညစ်ပတ်နေကြတာပဲဥစ္စာ" ကပ္ပတိန်ရောဂျားစ်က ပြောသည်။

"ကျုပ်တို့ ယာဉ်ပေါ်မှာ ညစ်ပတ်တဲ့အရာ ဘာမှ မရှိစေချင်ဘူး"ဟု ရိုဘော့တစ်ယောက်က ဝင်ပြောသည်။

"ပြီးခဲ့တဲ့အပတ်က ရိုဘော့တွေ ကျွန်တော့်စာအုပ်အဟောင်းတွေကို လျှော်ဖွပ်ပစ်ကြတယ်" သွန်မဆင်က ပြောသည်။

"ဒီနေရာက မြန်မြန်ထွက်သွားကြစမ်း" ကပ္ပတိန်က ရိုဘော့များကို လှမ်းပြောပြီး "ဒီမှာ မင်းတို့ရဲ့ ဆရာ(boss)အသစ်၊ ထရန်ဂါဆီးယားတဲ့။ သူဘာလုပ်ရမယ်ဆိုတာ သူ့ကို ပြောပြ၊ ပြီးတော့ သူ့ကေဘင်ခန်းထဲခေါ်သွားလိုက်"

ကပ္ပတိန်ရောဂျားစ်က သင့်ကို အရေးတကြီးအမူအရာဖြင့် လှမ်းကြည့်ပြီး "ဒီ ရိုဘော့ကောင်တွေကို ကောင်းကောင်းသာ ကိုင်ပေတော့"ဟု ပြောလိုက်သည်။

သင်သည် စင်္ကြံလမ်းတစ်လျှောက် ရိုဘော့များနောက်က လိုက်လာခဲ့သည်။

"ကျွန်မက စင်ဒီပါ"ဟု ရိုဘော့တစ်ယောက်က ပြော၏။ စင်ဒီသည် ပန်းရောင်အဆင်းရှိပြီး အမြဲလိုလို ပြုံးနေသည်။

"ကျွန်တော်က ဘီလီ" ကျန် ရိုဘော့တစ်ယောက်က ပြောသည်။ သူသည်လည်း ပန်းရောင်ပင်။ သူ့မျက်နှာမှာတော့ အမူအရာဘာမှမရှိပေ။

"ကျွန်မတို့ကို သန့်ရှင်းရေးအလုပ်တွေ ပျော်ပျော်ကြီးလုပ်ဖို့ ပရိုဂရမ်သွင်းပေးထားကြတယ်"ဟု စင်ဒီက ပြော၏။

"ဟုတ်တယ်၊ သန့်ရှင်းရေးလုပ်ရတာ ကျွန်တော်တို့ပျော်တယ်၊ တစ်ခါတလေ သန့်ရှင်းရေးလုပ်စရာမကျန်အောင် အားလုံးသန့်ရှင်းနေရင် ညစ်ပတ်အောင် ပြန်လုပ်ပြီး သန့်ရှင်းရေးထပ်လုပ်တယ်"ဟု ဘီလီက ပြောပြသည်။

"ဟဲ့ သူ့ကို အဲဒါတွေ မပြောနဲ့လေ" စင်ဒီက ဝင်ဟန့်သည်။

"ကျွန်တော်တို့ အားလပ်ချိန်မှာတောင် သန့်ရှင်းရေးလုပ်တယ်ဗျ"ဟု ဘီလီက ပြောသည်။

"ရှင့်အတွက်ကတော့ လုပ်စရာ ဘာမှ များများစားစား မရှိပါဘူး" စင်ဒီက သင့်ကို ပြောသည်။ "သန့်ရှင်းရေးကိစ္စအားလုံး ကျွန်မတို့ တာဝန်ယူသွားမှာပါ။ အခု ရှင့်အခန်းကို သွားကြည့်ရအောင်"

"ကောင်းပြီလေ"

သင်သည် စင်ဒီနောက်သို့ လိုက်သွားရာ လှေကားအချို့ကို ဆင်း၍ နောက်ထပ်စင်္ကြံလမ်းအချို့ကို လျှောက်သွားရပြီးနောက် စင်ဒီက အခန်းတစ်ခန်း ရှေ့တွင် ရပ်လိုက်သည်။

"ကျေးဇူးပြုပြီး ဖွင့်ပေးနိုင်မလားရှင်"ဟု စင်ဒီက ပြောလိုက်ရာ "ရပါတယ်"ဟု တံခါးစီမှ အသံတစ်သံက ပြန်ပြောပြီး တံခါးပွင့်သွားသည်။ သင် အထဲသို့ ဝင်လိုက်၏။

"ကောင်းပြီ၊ အခုကျွန်မ ကွန်ပျူတာတွေကို သန့်ရှင်းရေးသွားလုပ်လိုက် ဦးမယ်" စင်ဒီက ပြောသည်။

"ကွန်ပျူတာတွေကို သန့်ရှင်းရေးလုပ်ရင် ရေမသုံးနဲ့နော်" သင်က လှမ်း ပြောလိုက်သည်။

"တွေ့ကြသေးတာပေါ့" စင်ဒီက ပြောပြီး ထွက်သွားသည်။

အခန်းသည် အနည်းငယ်ထူးဆန်းသလို ဖြစ်နေ၏။

သင်သည် လေထဲတွင် လွင့်မျောနေသည်။ အခန်းမှာ ကျဉ်းသော်လည်း နေပျော်ပါသည်။ အခန်းနံရံတွင် မြေကမ္ဘာ(Earth) ၏ သုံးဖက်မြင်(three dimensional) ဓာတ်ပုံများ ရှိသည်။

"နားထောင်ပါ" နံရံတွင်း အသံချဲ့စက်တစ်ခုမှ အသံတစ်သံ ထွက်ပေါ် လာသည်။ "အခု ကပ္ပတိန်ရောဂျားစ် စကားပြောနေတယ်၊ ကျွန်ုပ်တို့ဟာ မြေကမ္ဘာရဲ့ ပတ်လမ်းကြောင်း (orbit)က ထွက်ခွာတော့မယ်။ သုံးမိနစ်အကြာမှာ ဒီအာကာသယာဉ်ရဲ့ ပင်မဒုံးမော်တာတွေကို ပစ်လွှတ်လိမ့်မယ်"

သုံးမိနစ်အကြာတွင် အာကာသယာဉ်ကြီး တုန်ခါသွားပြီး သင်သည် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။ သင့်ခန္ဓာကိုယ်သည် လေးလံနေပြီး သင့်ဦးခေါင်း တွင် ထူးဆန်းသော ခံစားမှု ပေါ်ပေါက်နေသည်။ အာကာသယာဉ်သည် အရှိန်မြင့် ထိုးတက်လျက်ရှိပြီး သင့်အား ကြမ်းပြင်ဆီသို့ ဆွဲယူထားသလို ဖြစ်နေသည်။ ယခု အခါ သင်သည် အလေးချိန်မဲ့ အနေအထားမဟုတ်တော့ချေ။

သင်သည် ခက်ခက်ခဲခဲ ကုန်းထပြီး ကုလားထိုင်တစ်လုံးတွင် ထိုင် လိုက်၏။ "ဟဲလို...ထရန်" ကုလားထိုင်မှ အသံတစ်သံက လှမ်းနှုတ်ဆက်သည်။ "ကျွန်တော်ဟာ ခင်ဗျားရဲ့ ကိုယ်ပိုင်သုံး မော်ဒယ် ၂၅၈ ဘီ ကုလားထိုင်ပါ။ ခင်ဗျားအခု နားချင်နေပြီလား"

"အဲ...ဟုတ်...ကျေးဇူးကွာ" သင်က ပြန်ပြောသည်။

အောက်ပါတို့မှာ ကုလားထိုင်နှင့် သင် စကားပြောခန်းဖြစ်သည်။ အင်္ဂလိပ်

လို ဝါကျများထဲမှ ကွက်လပ်များတွင် အောက်ပါစကားလုံးငါးလုံးထဲမှ သင့်တော်သော စကားလုံးများ ရွေးချယ်ပြီး ထည့်ပါ။

rather bit mind would just

chair : Am I in a good position? Shall I move back a little ?

ကုလားထိုင် ကျွန်တော့်အနေအထားမှန်ရဲ့လား၊ နောက်ကို နည်းနည်း လှန်ပေးရမလား။

You: Yes (a) …… a bit.

သင် အေး…နည်းနည်းလောက်။

Chair-: Would you like a message on your back?

ကုလားထိုင်။ ခင်ဗျားနောက်ကြောကို နှိပ်ပေးရမလား။

You : Oh yes, that (b) …… be nice.

သင်။ ဩော်…အေး၊ ကောင်းတာပေါ့ကွာ။

Chair : What about some music to help you relax ?

ကုလားထိုင်။ ခင်ဗျား အပန်းပြေအောင် သီချင်းဖွင့်ပေးရမလား။ ဘယ့်နဲ့လဲ။

You: No, thank you. I'd like a(c) … of peace and quiet.

သင်။ ဟင့်အင်းကွာ၊ ကျေးဇူးပါပဲ၊ ငါအေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် နားချင်တယ်ကွာ။

Chair : How about some heat treatment on your back?

ကုလားထိုင်။ ခင်ဗျားနောက်ကြောကို အပူပေးကိရိယာနဲ့ အနှိပ်ခံချင်သေးလား။

You " No, I'd (d) …… you didn't.

သင်။ ဟင့်အင်း မလုပ်ချင်ဘူး၊ မလုပ်နဲ့ကွာ။

Chair : Are you sure I'm in a good position ? I could move you back a little ?

ကုလားထိုင်။ ကျွန်တော့်အနေအထားမှန်တာ သေချာရဲ့လား၊ နောက်ကို နည်းနည်း လှန်ပေးလို့ ရသေးတယ်။

You : Look, do you (e) …… being quiet ? I want to sleep!

သင်။ ဒီမယ်ဟေ့၊ မင်းတစ်ဆိတ်လောက် တိတ်တိတ်လေး မနေနိုင်ဘူးလား။ ငါအိပ်ချင်ပြီ။

Chair : I'm only trying to be helpful!

ကုလားထိုင်။ ကျွန်တော်က ကူညီချင်လို့ ပြောနေတာပါဗျ။

အခန်းစဉ်(၁၅) သို့ သွားပါ။ ➤

**အခန်းစဉ် ၇** (၁၇) (၃၂)

သိတင်းပတ်သုံးပတ်အကြာတွင် သင်သည် အာကာသယာဉ်၏ ပြတင်းပေါက်မှနေ၍ အဖြူနှင့်အပြာ နှစ်ရောင်စပ်ဂြိုဟ်တစ်ခုကို ကြည့်နေသည်။ ကြယ်စုကြီး(Galaxy) ကို ဖြတ်သန်း၍ သင်ခရီးသွားခဲ့စဉ်အတွင်း ထူးဆန်းအံ့ဩဖွယ် အရာများစွာကို သင်တွေ့မြင်ခဲ့ရသည်။ သို့ရာတွင် ဤမြေကမ္ဘာ(Earth)သည် အလှဆုံးပေတည်း။

မြေကမ္ဘာအကြောင်း ထပ်မံ၍ သိချင်ပါသေးသလား။

- မသိချင်တော့ပါ။
  အခန်းစဉ်(၁၂)သို့ သွားပါ။ ➤
- သိချင်ပါသေးသည်။
  အခန်းစဉ် (၁၈)သို့ သွားပါ။ ➤

**အခန်းစဉ် ၈** (၄)

**ဂယ်လက်စီများ၊ ကြယ်များနှင့်နေ**

ကြယ်စုများ(Galaxies)သည် ကြယ်များစုပေါင်းထားသော ရောမအစုအဖွဲ့ကြီးများဖြစ်၏။ ကျွန်ုပ်တို့မြေကမ္ဘာပါဝင်သော ကြယ်စုသည် ဓာတ်ပြား(disc) တစ်ချပ်နှင့် တူပြီး 'မစ်လ်ကီးဝေး'နဂါးငွေ့တန်းကြယ်စု(Milky Way Galaxy)ဟု ခေါ်သည်။ 'မစ်လ်ကီးဝေး'တွင် ကြယ်ပေါင်း သန်းပေါင်း ၅၀၀,၀၀၀ ခန့် ပါဝင်ဖွဲ့စည်းထားသည်။ ကမ္ဘာပေါ်ရှိ လူတစ်ဦးတိုင်းအတွက် ကြယ်ပေါင်း တစ်ရာရှိသည်။ မစ်လ်ကီးဝေး၏ အချင်း(diameter)သည် အလင်းနှစ် ၁၀၀,၀၀၀ ရှိသည်။ ကျွန်ုပ်တို့၏ နေကြီးသည် အလယ်ဗဟိုမှ အလင်းနှစ် ၂၈,၀၀၀ ခန့်ရှိသည်။ ကျွန်ုပ်တို့၏ ကမ္ဘာနေကြီးသည် ဖုန်မှုန့်တစ်မှုန့်လောက် အရွယ်အစားရှိသည်ဟု ဆိုလျှင် မစ်လ်ကီးဝေးကြယ်စုကြီး၏ အချင်းသည် ဤကမ္ဘာကြီး၏အချင်းခန့် ရှိပေလိမ့်မည်။

ကြယ်များသည် အလွန်တရာမှ ကြီးမားလှသော အပူဓာတ်ငွေ့လုံးကြီးများ ဖြစ်၏။ ယင်းတို့မှ စွမ်းအင်(energy)နှင့် အလင်း(light)ကို ထုတ်ပေးသည်။ ညျကလီးယားဓာတ်ပြုမှုအားဖြင့် ဟိုက်ဒြိုဂျင်ဓာတ်ငွေ့များသည် ဟေလီယမ် (helium) ဓာတ်ငွေ့များအဖြစ်သို့ ပြောင်းလဲသွားပြီး စွမ်းအင်နှင့် အလင်းထွက်ပေါ်လာခြင်းဖြစ်၏။ ကျွန်ုပ်တို့၏ ကြယ်ကြီးဖြစ်သော နေသည် အခြား အခြားသော

ကြယ်များနှင့်မတူ ကွဲပြားခြားနား၏။ အဘယ်ကြောင့်ဆိုသော် နေသည် တစ်ကိုယ်တော်ဖြစ်သောကြောင့်တည်း။ အခြားသော ကြယ်အားလုံးလိုလိုသည် အတွဲလိုက်သော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း တည်နေကြ၏။

အောက်ပါတို့မှာ ကြယ်စုများ၊ ကြယ်များနှင့် နေအကြောင်း ထူးထွေအံ့ဖွယ် အချက်အလက်များ ဖြစ်သည်။

☆ ကျွန်ုပ်တို့၏ကြယ်စုနှင့် အနီးဆုံး ကြယ်စုမှာ အန်ဒရိုမိဒါဂယ်လက်ဇီ (Andromeda Galaxy)ဖြစ်၏။ ယင်းသည် မြေကမ္ဘာမှ တယ်လီစကုပ် မှန်ပြောင်းမပါဘဲ မြင်တွေ့နိုင်သော အဝေးဆုံးအရာဝတ္ထု ဖြစ်၏။

☆ နေ၏ အလယ်ဗဟိုချက်မှ အနားဝန်းမျက်နှာပြင်သို့ တိုင်အောင် အလင်းရောင်ရောက်ဖို့ နှစ်ပေါင်း ၁၀ သန်း ကြာမြင့်မည်။


☆ နျူထရွန်ကြယ် (neutron star) သိပ်သည်းဆအလွန်များသော ကြယ်ငယ်တစ်လုံး ဖြစ်သည်။ နျူထရွန်ကြယ်သည် နေ၏ သိပ်သည်းဆနှင့် အတူတူပင်ဖြစ်သော်လည်း အချင်းအားဖြင့် ၁၀ကီလိုမီတာသာလျှင် ရှိ၏။ အကယ်၍ သင့်ကို နျူထရွန်ကြယ်ရုပ်ဝတ္ထုဖြင့် ပြုလုပ်ထားသည်ဆိုလျှင် သင်သည် တောင်ကြီးတစ်တောင်စာမျှ လေးလံပေလိမ့်မည်။

☆ ပါလ်ဆာ(Pulsar) သည် နျူထရွန်ကြယ်တစ်မျိုးဖြစ်ပြီး ရေဒီယိုလှိုင်းများကို အလွန်လျင်မြန်စွာ ထုတ်လွှတ်ပေးသည်။ မြေကမ္ဘာမှ ဖမ်းယူလျှင် 'ပါလ်ဆာ'မှ ရေဒီယိုလှိုင်းများသည် ထွက်ပေါ်လာလိုက်၊ ရပ်သွားလိုက်၊ ထွက်လိုက်ရပ်လိုက် ဖြစ်နေသည်။ ပါလ်ဆာများကို စတင်ဖမ်းယူတွေ့ရှိစဉ်က ယင်းတို့ကို LGM (Little Green Men)ဟု ခေါ်သည်။ အဘယ်ကြောင့်ဆိုသော် သိပ္ပံပညာရှင်များသည် ထိုအရာဝတ္ထုများကို ဘာတွေမှန်းမသိခဲ့ကြသောကြောင့် ဖြစ်သည်။ ထိုစဉ်က ယင်းတို့ကို အခြားဂြိုဟ်သားများ(aliens)ဖြစ်နိုင်သည်ဟု တွေးထင်ခဲ့ကြသည်။

**အခန်းစဉ်(၄) သို့ သွားပါ။** ➤

**အခန်းစဉ် ၄** (၂၁) (၄၅) (၅၆)

သင်သည် တွင်းနက်ကြီးကို ပတ်ချာလည် လှည့်ပတ်လျက် ရှိ၏။ တွင်းနက်ကြီး၏ အခြားတစ်ဖက်သို့ ရောက်သောအခါ သင်သည် ဆမ်ဒင်း၏ အာကာသယာဉ်ဆီသို့ ဦးတည်သွားနေကြောင်း တွေ့လိုက်ရသည်။




*သင်သည် ဆမ်ဒင်း၏ အာကာသယာဉ်ဆီသို့ ဦးတည်သွားနေသည်။*

သင်ဘာလုပ်မလဲ။

- ဆမ်ဒင်း(မ်)၏ အာကာသယာဉ်ကို သင်က လေဆာလက်နက်ဖြင့် ပစ်သည်။
  အခန်းစဉ်(၂၃)သို့ သွားပါ။ ➤
- စောင့်ကြည့်နေသည်။
  အခန်းစဉ် (၆၅)သို့ သွားပါ။ ➤

**အခန်းစဉ် ၁၀** (၁)

နံနက်ခင်းဖြစ်သည်။ သင်သည် အင်္ဂလန်နိုင်ငံ ဘွေနီအဲရီးစ်မြို့ရှိ သင့်တိုက်ခန်း၏ မီးဖိုခန်းထဲတွင် ရှိနေသည်။ သင်၏ ရိုဘော့ 'ရောဘတ်တို'သည် အိပ်ရာထဲတွင် ရှိနေဆဲဖြစ်၍ သင်သည် မိုးလင်းစာ(breakfast)ကို ကိုယ့်ဘာသာကိုယ် ပြင်ဆင်ရသည်။

သင်သည် မိုးလင်းစာကို ညွှန်ခန်းတွင် ထိုင်စားရင်း တယ်လီဗီးရှင်းကို ဖွင့်လိုက်သည်။ အခန်းအလယ်တွင် အမျိုးသမီးတစ်ဦး၏ သုံးဖက်မြင် ရုပ်ပုံပေါ်လာသည်။ သူမသည် နံနက်ပိုင်းသတင်းများကို ဖတ်ကြားနေသည်။

"အခု သောကြာဂြိုဟ်(Venus) မှ သတင်းများကို တင်ပြပါမယ်"ဟု အမျိုးသမီးက ပြောသည်။ "ပတ်ဝန်းကျင်ရေးရာအဖွဲ့အစည်းဖြစ်တဲ့ စိမ်းလန်းငြိမ်းချမ်း (Greenpeace) အဖွဲ့က (Venus) ရဲ့ ကျယ်ပြန့်တဲ့ နယ်မြေကြီးတစ်ခုမှာ ရေဒီယို သတ္တိကြွ (radioactive)ပစ္စည်းတွေနဲ့ ညစ်ညမ်းနေတာကို တွေ့ရှိဖော်ထုတ်ခဲ့ပါတယ်။

စိမ်းလန်းငြိမ်းချမ်းအဖွဲ့က ဒါဟာ အာကာသယာဉ်ကုမ္ပဏီတွေမှာ တာဝန်ရှိကြောင်း ပြောဆိုပါတယ်"

နောက်ထပ်သတင်းတစ်ခုမှာ ပလူတိုဂြိုဟ်(planet pluto) အနီးတွင် ပျောက်ဆုံးသွားသော အာကာသယာဉ်တစ်စင်းအကြောင်း ဖြစ်သည်။ ရဲအဖွဲ့က အာကာသဓားပြများ(pirates)၏ လက်ချက်ဖြစ်မည်ဟု သံသယကင်း ဖြစ်နေသည် ဆို၏။

"ယခုနောက်ဆုံး အားကစားသတင်းများကို ကြေညာပါမယ်။ မြေကမ္ဘာနဲ့ ဂျူပီတာဂြိုဟ်(Jupiter)တို့ရဲ့ ဘောလုံးပွဲကို ဆွဲငင်အား သုညနေရာမှာ ကျင်းပခဲ့ပါတယ်။ ဒါပေမယ့် အားကစားသမားအချို့ ရန်ပွဲဖြစ်တဲ့အတွက် ဒီနေ့ပွဲကို ဖျက်သိမ်းလိုက်ရပါတယ်"ဟု အမျိုးသမီးက ကြေညာသည်။ သင့်အခန်း၏ အလယ်တွင် ဘောလုံးသမားများ၏ ရုပ်ပုံများ ပေါ်လာသည်။ သူတို့သည် အာကာသဟင်းလင်းပြင်ထဲတွင် လည်နေကြပြီး တစ်ယောက်နှင့်တစ်ယောက် သဲသဲမဲမဲ ထိုးကြိတ်နေကြသည်။"အခုဆိုရင် ဘောလုံးသမားခုနစ်ယောက်ဟာ ဆေးဝါးကုသမှု ခံယူနေကြရပါတယ်" အမျိုးသမီးက ကြေညာသွားသည်။

သင်သည် တယ်လီဗီးရှင်းကို ပိတ်လိုက်သည်။ "တစ်ခါလာလည်း ဒါတွေချည်းပဲ" သင်က ရေရွတ်လိုက်သည်။


သင်သည် ကြီးမားလှသော ဘွေနိအဲရီးစ်မြို့ကြီးကို ပြတင်းပေါက်မှ မျှော်ကြည့်နေသည်။ ဝေဟင်ဘတ်စ်ကားများ(Spacebuses)သည် အဆောက်အအုံများကြားတွင် တောင်ကြီးများလောက် အမြင့်မှ ပျံသန်းနေကြသည်။ သင့်အောက်ဘက်တွင် အထပ်ပေါင်း ၃၆၀ ရှိ၏။ ထိုအောက်တွင် ရထားများသည် အလွန်ကြီးမားသော အရှိန်ဖြင့် ပြေးဆွဲနေကြသည်။

"ဝါတို့ဆီမှာ ဒီလိုနည်းပညာတွေ အားလုံးရှိတယ်။ ဒါပေမယ့် ပြဿနာတွေ အများကြီး ရှိနေကြတုန်းပဲ။ လူတွေဟာ ဘာကြောင့် ကောင်းအောင် မနေကြသလဲ မသိဘူး" သင့်ဘာသာ တစ်ယောက်တည်းပြောနေသည်။

သင်၏ အိမ်ဖော် ရိုဘော့ဖြစ်သူ 'ရောဘတ်တို'ဧည့်ခန်းထဲဝင်လာပြီး "ဂွဒ်မောနင်း ထရန်"ဟု သင့်ကို နှုတ်ဆက်သည်။

"မနေ့ညက ဒစ္စကို ကပွဲမှာ မင်းတော်တော်မှ ပျော်ခဲ့ရဲ့လား" သင်က မေးလိုက်သည်။

"ဟုတ်ပါတယ်။ ခင်ဗျားကို ကျေးဇူးတင်ပါတယ် ထရန်" ရောဘတ်တိုက ပြောသည်။



*သင်၏ အိမ်ဖော်ရောဘတ်တို ညေ့်ခန်းထဲ ဝင်လာသည်။*

"ဒီမယ် မင်း ဒီလိုပဲ ညတိုင်းအပြင်ထွက်လည်နေမှာပဲလား၊ ငါ့မှာ မိုးလင်းစာကို ငါ့ဘာသာငါလုပ်နေရတာ စိတ်ပျက်လှပြီကွ"

"ကျွန်တော်တို့ ရိုဘော့တွေမှာလည်း ပေါင်းသင်းဆက်ဆံရေးဘဝဆိုတာ ရှိတာပါပဲဗျ" ရောဘတ်တိုက ပြန်ပြော၏။

"ဟုတ်ပါတယ်။ ဒါပေမယ့် မင်းညတိုင်း ထွက်လည်နေတာတော့ မသင့်ဘူးပေါ့။ ရိုဘော့အခွင့်အရေးအဖွဲ့မှာ ဘယ်လိုလုပ်ပြီး ငါအဖွဲ့ဝင်ဖြစ်ခဲ့ပါလိမ့်" သင်က ပြောလိုက်သည်။ "ကွန်ပျူတာဖွင့်စမ်းကွာ၊ ငါ့အတွက် အမှာအကြားတွေ ဘာများရောက်နေသလဲ"

ရောဘတ်တိုက ကွန်ပျူတာမှန်သားပြင်ကို ကြည့်ပြီး-

"အလုပ်အကိုင်အေဂျင်စီတစ်ခုက သတင်းပို့ချက်တစ်ခု ရှိတယ်။ အာကာသယာဉ်တစ်ခုမှာ ခင်ဗျားအတွက် အလုပ်တစ်ခု တွေ့ထားတယ်တဲ့"

"ဘာကွ၊ ငါနားထောင်ကြည့်မယ်"ဟု သင်က ပြောသည်။

ရောဘတ်တိုက ကွန်ပျူတာမှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ကွန်ပျူတာမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"ခင်ဗျားကို သတင်းစကားပြောကြားရတာ ကျွန်တော်ဝမ်းသာပါတယ်။

လေဘာတီ အာကာသယာဉ် (Spaceship Liberty) ပေါ်မှာ ကျန်းမာသန့်ရှင်းရေး ဆိုင်ရာ အရာရှိရာထူး လစ်လပ်နေပါတယ်။ ယခု အင်္ဂါနေ့ကစပြီး ခင်ဗျားအလုပ် စဝင်နိုင်မယ်ဆိုရင် အဲဒီအလုပ်အတွက် ခင်ဗျားကို ကမ်းလှမ်းချင်ပါတယ်"

"ကျန်းမာသန့်ရှင်းရေးအရာရှိဆိုတာ ဘာလဲကွ" သင်က ရောဘတ်တိုကို လှမ်းမေးသည်။

"သေသေချာချာတော့ ကျွန်တော်လည်း မသိဘူး။ ဒါပေမယ့် အရေးကြီး တဲ့ ရာထူးဖြစ်ပုံရပါတယ်"

"မင်းဘယ်လိုထင်လဲ၊ ဒီရာထူးကို ငါလက်ခံသင့်သလား"

"ဟုတ်ကဲ့ ခင်ဗျားလက်ခံသင့်တယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့ ပိုက်ဆံလိုနေတယ်လေ"ဟု ရောဘတ်တိုက ပြောသည်။

"ဟုတ်တယ်၊ အလုပ်တစ်ခုလုပ်ဖို့ တကယ်ပဲ လိုအပ်နေတယ်လို့ ငါ လည်းထင်တယ်၊ ဒါပေမယ့် သူတို့ ငါ့ကိုမှ ဘာကြောင့် ရွေးချယ်သလဲ ဆိုတာ ငါ နားမလည်ဘူး ဖြစ်နေတယ်။ ငါက ပတ်ဝန်းကျင်ရေးမှာ ကျွမ်းကျင်သူ (ecologist) တစ်ယောက်ပဲ။ အာကာသယာဉ်ပေါ်မှာ တစ်ခါမှ အလုပ်မလုပ်ခဲ့ဖူးဘူး။ အာကာသ အကြောင်းလည်း ဘာမှငါနားမလည်ဘူး"

"ဒါဆိုရင် ပတ်ဝန်းကျင်ရေးရာကျွမ်းကျင်သူတွေအတွက် ဘာအလုပ်မှ ရှိမှာ မဟုတ်ဘူးပေါ့"

"ပတ်ဝန်းကျင်ရေးရာကျွမ်းကျင်သူတွေအတွက် အလုပ်တွေအများကြီး ရှိပါတယ်ကွ၊ ဒါပေမဲ့ ဘယ်သူကမှ ငါတို့ကို ပိုက်ဆံပေးပြီး မငှားချင်ကြဘူး"

"အခုဟာက အမေရိကန်အာကာသယာဉ်ဗျ၊ ဒီတော့ ခင်ဗျား အင်္ဂလိပ် စကားပြောကျင့်နိုင်တာပေါ့။ အဲဒီမှာ အလုပ်သွားလုပ်တာ ခင်ဗျားအတွက် အားလပ် ရက် အပျော်ခရီးထွက်သလို နေမှာပါဗျာ"

"အေးကွာ ငါလည်း အပေါစား အပျော်ခရီးအတုတွေ(cheap virtual reality holidays) နဲ့ချည်း စခန်းသွားနေရတာ ငြီးငွေ့နေပြီ။ တကယ်တမ်း အစစ်အမှန် ခရီးသွားရတဲ့ အတွေ့အကြုံဆိုရင် ပိုကောင်းတာပေါ့။

* * *

သင်သည် အာကာသယာဉ်သို့ ဖုန်းဆက်ကာ ထိုအလုပ်ကို လုပ်လိုကြောင်း ပြောကြားပြီး-

"ကျွန်တော်လုပ်ရမယ့်တာဝန်က ဘာလဲ"ဟု မေးလိုက်ရာ အတွင်းရေး မှူးက ပြန်ဖြေသည်။

"ဒီကို ရောက်လာတဲ့အခါ ရှင်းပြပါမယ်၊ ရှင့်မှာ အရင်က အာကာသထဲ အလုပ်လုပ်ခဲ့တဲ့ အတွေ့အကြုံရှိသလား"

သင် အမှန်အတိုင်းဖြေမလား၊ ဘယ်လိုပြန်ပြောမလဲ။

– "ဟုတ်ကဲ့၊ အာကာသထဲမှာ အလုပ်လုပ်ခဲ့တဲ့ အတွေ့အကြုံ ရှိခဲ့ပါတယ်"ဟု ပြန်ဖြေလျှင်...

အခန်းစဉ် (၂၀)သို့ သွားပါ။ ➤

– "အာကာသထဲမှာ ကျွန်တော်တစ်ခါမှ အလုပ်မလုပ်ဖူးပါဘူး"ဟု ပြန်ဖြေလျှင်...

အခန်းစဉ် (၃၃)သို့ သွားပါ။ ➤

(အာကာသထဲတွင် အရင်က အလုပ်လုပ်ခဲ့ဖူးသည်ဟု ပြောမည်ဆိုလျှင် အခန်းစဉ် ၂၀ သို့ ဆက်သွားပါ။) ➤

(အာကာသထဲတွင် အရင်က အလုပ်မလုပ်ဖူးခဲ့ပါဟု ပြောမည်ဆိုလျှင် အခန်းစဉ် ၃၃ သို့ ဆက်သွားပါ။) ➤

**အခန်းစဉ် ၁၁** (၄)

**အာကာသဟာသများ**

**ဟာသ(၁)**

၁၉၅၀အလွန်နှစ်များတွင် အာကာသခရီးစဉ်စတင်ချိန်၌ တိရစ္ဆာန်များနှင့် စတင်ခဲ့ကြသည်။ တိရစ္ဆာန်အမျိုးမျိုးကို အာကာသတွင်း စေလွှတ်ခဲ့ကြသည်။ ဆစ်ဒနီဟု ခေါ်သော မျောက်တစ်ကောင်သည် အာကာသသို့ ခြောက်ကြိမ်သွားခဲ့ရ၏။ အာကာသသို့ ခြောက်ကြိမ်မြောက်ခရီးတွင် လူသားတစ်ယောက်လည်း ပါလာ၏။ ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ရောက်သောအခါ အာကာသယာဉ်မှူးနှင့် မျောက်သည် ညွှန်ကြားချက်များ ပါရှိသော စာရွက်အသီးသီးကို ထုတ်ကြည့်ကြ၏။ မျောက်အတွက် ညွှန်ကြားချက်မှာ–

– လေထု၏ အပူချိန်နှင့် ဖိအားကို စစ်ဆေးပါ။
– ရေဒီယိုလှိုင်းကို တိုင်းတာပါ။
– အောက်ဆီဂျင်အခြေအနေစစ်ဆေးပါ။
– ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို ဖွင့်လိုက်ပါ။
– ကမ္ဘာပတ်လမ်းကြောင်းအတွင်း ပျံသန်းနေသည့် မြန်နှုန်းကို တွက်ချက်ပြီး ၂၃:၄၅ နာရီတွင် ပင်မရော့ကက်များ (rockets) ကို ပစ်လွှတ်ပါ။

အာကာသယာဉ်မှူးအတွက် ညွှန်ကြားချက်မှာမူ–
– မျောက်ကို အစာကျွေးဖို့ မမေ့ပါနှင့်"ဟူ၏။

**ဟာသ(၂)**

မေး။ အာကာသယာဉ်မှူးတွေ ဘယ်မှာ သင်ကြားလေ့လာကြသလဲ။
ဖြေ။ မွန်းနာဗာဆီတီမှာ သင်ကြားကြတယ်။

[မှတ်ချက်။ University ဟု မသုံးဘဲ Moonaversity ဟု သုံးနှုန်းပြီး ဟာသလုပ်ခြင်း ဖြစ်သည်။ ။ဘာသာပြန်သူ]

**ဟာသ(၃)**

ခရစ်နှစ် ၂၀၄၂ ခုနှစ်တွင် အာကာသခရီးသွားလာရေးနှင့် ပတ်သက်၍ ဤမြေကမ္ဘာရှိ နိုင်ငံခေါင်းဆောင်များ ညီလာခံတစ်ရပ်ကျင်းပကြသည်။ အမေရိကန်ပြည်ထောင်စုသမ္မတမှလွဲ၍ ကျန်ကမ္ဘာ့ခေါင်းဆောင်များအားလုံးသည် အာကာသခရီးသွားလာရေးလုပ်ငန်းကို စိတ်ဝင်စားကြသည်။ အမေရိကန်သမ္မတမှာမူ ထိုဘာသာရပ်နှင့် ပတ်သက်၍ ဗဟုသုတအားနည်းသည်။

စပိန်နိုင်ငံ သမ္မတက "၂၀၅၅ခုနှစ်မှာ ဗီးနပ်စ်(Venus)ဂြိုဟ်ကို ကျွန်တော်တို့ဆီက အာကာသယာဉ်မှူး ၂ယောက်လွှတ်ဖို့ အစီအစဉ် ရှိတယ်"

ဘရာဇီးနိုင်ငံသမ္မတက "၂၀၅၃ခုနှစ်မှာ မားစ်(Mars)ဂြိုဟ်ကို ကျွန်တော်တို့ဆီက အာကာသယာဉ်မှူး ၃ယောက်လွှတ်ဖို့ ရှိတယ်"


ရုရှားသမ္မတက "၂၀၅၀ပြည့်နှစ်မှာ ဆေတန်(Saturn)ဂြိုဟ်ကို ကျွန်တော်တို့ဆီက အာကာသယာဉ်မှူး ၅ ယောက်လွှတ်ဖို့ ရှိတယ်"

ဟူ၍ အသီးသီးပြောကြားကြရာ အမေရိကန်သမ္မတကလည်း အားကျမခံဝင်ပြောသည်။ "ကောင်းပြီ၊ အမေရိကန်ပြည်ထောင်စုကလည်း ၂၀၄၈ ခုနှစ်မှာ နေဆီကို အာကာသယာဉ်မှူး ၇ယောက် လွှတ်မယ်ဗျာ"

ဤတွင် ကျန်ခေါင်းဆောင်များအားလုံးက သူ့ကို အံ့သြတကြီး ဝိုင်းကြည့်ကြပြီး "နေဆိုတာ အင်မတန်ပူတဲ့နေရာမဟုတ်လားဗျ"ဟု ရုရှားသမ္မတက မေးမြန်းလိုက်သည်။

အမေရိကန်သမ္မတက ခပ်အေးအေးပင် ပြန်ဖြေသည်။ "ကိစ္စမရှိပါဘူး။ အဲဒီကိစ္စ ကျုပ်တို့ စဉ်းစားပြီးသားပါ။ အာကာသယာဉ်မှူးတွေကို ညဘက်မှာ လွှတ်မယ်လေ"

ဟာသ(၄)




*မင်းငါမေးတာတွေကို ပြန်ဖြေမလား၊ ဒါမှမဟုတ် မင်းပါးစပ်ကြီးဖွင့်လျက်သား တစ်နေ့လုံး ဒီအတိုင်းနေမလား။*

အခန်းစဉ်(၄)သို့ သွားပါ။ ◀

**အခန်းစဉ် ၁၂** (၇) (၁၈)

မြေကမ္ဘာ၏ လေထုအတွင်း ဝင်ရောက်သွားချိန်တွင် အာကာသယာဉ်သည် တုန်ခါသွား၏။

"ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောရင် ကောင်းမယ်လို့ ငါထင်တယ်" သင်က စင်ဒီကို ပြောလိုက်သည်။

"ကောင်းပြီလေ" စင်ဒီက ပြန်ပြောသည်။

သို့ရာတွင် သင့်မှာ စိတ်ပူစရာတွေ များစွာရှိနေသည်။ လေဘာတီ အာကာသယာဉ်တွင် သင်အလုပ်ရအောင် တကယ်တမ်းစီစဉ်ပေးခဲ့တာ ဘယ်သူတွေလဲ။ အာကာသယာဉ်ဓာတ်ခွဲခန်းထဲမှ ပစ္စည်းကိရိယာများကို ဘယ်သူက ဖျက်ဆီးပစ်ခဲ့တာလဲ။ ထိန်းချုပ်ရေးကိရိယာကို ဖျက်ဆီးပြီး အာကာသယာဉ်ကို လမ်းကြောင်းပြောင်းသွားအောင် ဘယ်သူက လုပ်ခဲ့တာလဲ။ တီတွင်းကြီးထဲသင်ရောက်

သွားအောင် တစ်စုံတစ်ယောက်က လုပ်ခဲ့တာလား။ ဒါဆိုရင် ဘာကြောင့် အဲသလို လုပ်ခဲ့တာလဲ။

အာကာသယာဉ်သည် ဖလော်ရီဒါအာကာသဆိပ်ကမ်းတွင် ဆင်းသက်ခဲ့သည်။ သင်နှင့် စင်ဒီတို့ ယာဉ်ထဲမှ ထွက်လာကြသည်။ သင်သည် လေဆိပ် ပျော်ပွဲ စားရုံသို့ သွားပြီး စားသောက်သည်။ အံ့သြစရာကောင်းလောက်အောင် အရသာရှိဘိခြင်း။ တကယ်တမ်းကတော့ မြေကမ္ဘာကြီးနှင့် ပတ်သက်သမျှ အားလုံးသည် အံ့သြဖွယ်ချည်းပင်။ အပြာရောင်မိုးကောင်းကင်ကြီး၊ တိမ်တိုက်များ အနံ့အသက်များ၊ ကမ္ဘာသူကမ္ဘာသားများ။

"ကိုင်း...အခု တို့ အိမ်ပြန်ချိန်ရောက်ပြီ။ မင်းလည်း ခုလောလောဆယ် ငါနဲ့နေပေါ့။ မင်းသန့်ရှင်းရေးလုပ်ဖို့ အများကြီး ရှိလိမ့်မယ်လို့ ငါထင်တယ်။ ငါ့ရဲ့ ရိုဘော့ ရောဘတ်တို ဆိုတာကတော့ အင်မတန်အပျင်းထူတဲ့ ကောင်။ ငါ့ တိုက်ခန်းတစ်ခုလုံး အခုဆိုရင် တော်တော် ညစ်ပတ်နေမှာပဲ" သင်က စင်ဒီကို ပြောလိုက်သည်။

"အဆင်ပြေမယ်ဆိုရင် ကျွန်မ ဒီမြို့ရဲ့ ဗဟိုကွန်ပျူတာဌာနကို အရင်သွားချင်သေးတယ်။ အချိန်ရတယ်မဟုတ်လား" စင်ဒီက မေးသည်။


"ကိစ္စမရှိပါဘူး။ အဲဒီကို ဘာလို့ သွားမှာလဲ"

"သန့်ရှင်းရေး ပရိုဂရမ် အသစ်တစ်ခု လိုချင်လို့ပါ"

ပျော်ပွဲစားရုံမှ သင်တို့ထွက်ခွာလာသောအခါ ရိုဘော့တစ်ယောက် နောက်က လိုက်လာသည်ကို သင်သတိပြုမိသည်။ သူသည် ပျော်ပွဲစားရုံထဲရှိ အခြားရိုဘော့များထက်ပို၍ ဝဖြိုးသည်။ သင်သည် ပို၍ မြန်မြန်လျှောက်သွားသည်။ ရိုဘော့ ဝတုတ်ကြီးကလည်း နောက်က မြန်မြန်လျှောက်၍ လိုက်လာသည်။ သို့ရာတွင် သူသည် ကောင်းကောင်းလမ်းလျှောက်နိုင်ပုံမရဘဲ သူ့ကိုယ်မှလည်း အသံမျိုးစုံ ထွက်နေ၏။ ရိုဘော့ဝတုတ်ကြီးက "ဟော့–ရပ်"ဟု လှမ်းအော်ရာ သင်သည် ခြေကုန်သုတ်၍ ပြေးတော့သည်။ ရိုဘော့ဝတုတ်ကြီးက အပြေးလိုက်သော်လည်း မြေကြီးပေါ် လဲကျသွား၏။ ရိုဘော့၏ ကိုယ်မှ သတ္တုများ ကွာကျကုန်သည်။ ၎င်းသည် ရိုဘော့မဟုတ်ချေ။ လူတစ်ယောက်ဖြစ်နေ၏။

သင်ရပ်လိုက်ပြီး "ခင်ဗျား ဘယ်သူလဲ"ဟု ထိုသူကို မေးလိုက်၏။ "ခင်ဗျား ဘာလိုချင်လို့ လိုက်နေတာလဲ"

ထိုသူက သူ့မျက်နှာမှ သတ္တုအပိုင်းအစတစ်ခုကို ဖယ်ချလိုက်သည်။ စုံထောက်ကြီး သွန်မဆင် ဖြစ်နေ၏။



*ထိုသူမှာ စုံထောက်ကြီးသွန်မဆင်ဖြစ်နေသည်။*

"သွန်မဆင်ပါလား၊ ခင်ဗျားဒီမှာ ဘာလုပ်နေတာလဲ၊ ဖက်ဒရေးရှင်းထောင်ထဲမှာ ကျန်နေခဲ့တာမဟုတ်လား" သင်က တအံ့တဩမေးလိုက်သည်။

သွန်မဆင်က ထရယ်လိုက်ပြီး "ငါ့ကို ဖက်ဒရေးရှင်းထောင်ထဲမှာ ထားခဲ့တာ မင်းကို ကျေးဇူးတင်ပါတယ်ကွာ"ဟု ခပ်ချဥ်ချဥ် ပြောသည်။ "ငါက သူတို့ကို ငါဟာ ရဲအရာရှိတစ်ယောက်ဖြစ်ပြီး မင်းဟာ ကြောက်စရာကောင်းတဲ့ရာဇဝတ်ကောင်ဖြစ်ကြောင်း ပြောပြတယ်။ ဒါကြောင့် သူတို့ ငါ့ကို မြေကမ္ဘာပြန်ပို့ပေးဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဂြိုဟ်သားတွေအကြောင်း ဒီကမ္ဘာမှာ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ငါကတိပေးခဲ့ရတယ်။ ငါ ကမ္ဘာကို ပြန်ရောက်တော့ ဒီကမ္ဘာက ရိုဘော့တချို့နဲ့ ကွန်ပျူတာတွေအကြောင်း စုံစမ်းထောက်လှမ်းဖို့ ဆုံးဖြတ်ခဲ့တယ်။ ရိုဘော့ဟောင်းကြီးတစ်ခုတွေ့လို့ ငါ့ကိုယ်မှာ စွပ်ပြီး ရိုဘော့ယောင်ဆောင်တယ်။ ပြီးတော့ ရိုဘော့တွေကို စောင့်ကြည့်တယ်။ ကွန်ပျူတာတွေက အချက်အလက်(data)တွေကိုလည်း လေ့လာခဲ့တယ်။ ဒီတော့မှ အင်မတန်ကြီးမားတဲ့ လျှို့ဝှက်ပူးပေါင်းကြံစည်မှုကြီးတစ်ခု ရှိနေတာ ဖော်ထုတ်နိုင်ခဲ့တယ်။ ဒီကမ္ဘာက လေဘာတီအာကာသယာဥ်မထွက်ခွာခင်ကတည်းက အာကာသထဲမှာ တီတွင်းကြီး (Wormhole)ရှိတယ် ဆိုတာ

ကွန်ပျူတာတွေက သိနေတယ်။ မှတ်ခွဲခန်းထဲက ကိရိယာတွေကို ဖျက်ဆီးပြီး အာကာသယာဉ်ရဲ့လမ်းကြောင်းကို ပြောင်းပစ်တာ လေဘာတီအာကာသ ယာဉ်ပေါ်က ရိုဘော့တွေရဲ့ လက်ချက်ပဲကွ။ သူတို့က တီတွင်းကြီးထဲကို သွားချင် ကြတယ်လေ"

သွန်မဆင် အကျယ်တဝင့်ရှင်းပြသည်ကို သင်နားထောင်ပြီး စဉ်းစားသည်။

"အေးဗျာ၊ ကျွန်တော်အခု သဘောပေါက်သွားပါပြီ"ဟု သင်က ပြောသည်။ "သွန်မဆင်ဟာ အမှန်တွေ ပြောနေတာပဲ။ ဟုတ်တယ်မဟုတ်လားစင်ဒီ"

စင်ဒီ ဘာမှ ပြန်မပြောဘဲ လုံးဝတိတ်ဆိတ်နေသည်။ နောက်ဆုံးတွင်မှ သူမက ပြောသည်။

"ဟုတ်ကဲ့၊ သူပြောတာ မှန်ပါတယ်။ ရိုဘော့တွေချည်းပဲ လိုက်သွားတဲ့ အိုရီယွန်အာကာသယာဉ်တီတွင်းကြီးထဲ မဝင်သွားခင် အဲဒီက ရိုဘော့တွေကကျွန်မ တို့ဆီ သတင်းလှမ်းပို့တယ်။ ဒါကြောင့် တီတွင်းကြီးရှိနေတာ ကျွန်မတို့ သိထားတယ်။ ပြီးတော့ တခြားသက်ရှိဇီဝသက္ကာန်တွေကို တွေ့နိုင်တယ်ဆိုတာ လည်း သိထားတယ်"

"မင်းတို့က တီတွင်းကြီးထဲ ဘာကြောင့် သွားချင်ကြရတာလဲ" သင်က မေးသည်။

"ဒါဟာ အရေးကြီးတဲ့ ရှာဖွေတွေ့ရှိမှုတစ်ခုဆိုတာ ကျွန်မတို့ သိထား တယ်။ ဒါပေမဲ့ ဒီသတင်းဟာ အန္တရာယ်ကြီးနိုင်ပါတယ်။ ရှင်သိတဲ့အတိုင်းပဲလေ၊ တခြားကမ္ဘာက ယဉ်ကျေးမှုတွေကို လူတွေမသိတာက ပိုကောင်းပါတယ်"

သွန်မဆင်က–

"ဒီ ရိုဘော့ဟာ မင်းကို အကုန်ပြောတာမဟုတ်သေးဘူး။ ငါထင်တာက တော့ ရိုဘော့တွေဟာ ကမ္ဘာကြီးကို ချုပ်ကိုင်လွှမ်းမိုးချင်နေကြတယ်ကွ"

စင်ဒီက–

"ကျွန်မတို့ကို လူသားတွေအပေါ် ချစ်မြတ်နိုးဖို့ ပရိုဂရမ်သွင်းထားတာပါ။ လူသားတွေအတွက် ကောင်းရာကောင်းကြောင်းကိုပဲ ကျွန်မတို့ လုပ်နိုင်ပါတယ်"

သွန်မဆင်က သေနတ်ထုတ်ပြီး စင်ဒီကို ချိန်ရွယ်ကာ "နင် ငါနဲ့လိုက် ခဲ့ရမယ်"ဟု ပြောသည်။

စင်ဒီက–

"ကျွန်မ မလိုက်နိုင်ဘူး၊ ဗဟိုကွန်ပျူတာဌာနကို ကျွန်မသွားရမယ်"ဟု ပြောပြောဆိုဆို ထွက်ပြေးသည်။

သွန်မဆင်က သေနတ်မောင်းကို ဆွဲ၍ ပစ်ခတ်သည်။ သို့ရာတွင် ကျည်ဆန်မထွက်။ သူလဲကျစဉ်က သေနတ်ပျက်စီးခဲ့ခြင်း ဖြစ်သည်။

သင် ဘာလုပ်မလဲ။

- သွန်မဆင်ကို ကူညီမလား။
  အခန်းစဉ် (၅)သို့ သွားပါ။ ➤
- စင်ဒီကို ကူညီမလား။
  အခန်းစဉ် (၂၇)သို့ သွားပါ။ ➤

**အခန်းစဉ် ၁၃** (၆၈)မှအဆက်

အဖြေများ။ 2a; 3e, 4b, 5d.

အဖြေမှန် (၁)လုံးအတွက် (၂)မှတ်ရသည်။

"တီတွင်းကြီးဟာ ဘာကြောင့် ဖြစ်လာသလဲ" သင်က ကွန်ပျူတာကို မေးသည်။

"အဲဒါတော့ မသိဘူးဗျ၊ တွင်းနက်ကြီးကြောင့် ဖြစ်နိုင်တယ်"

ကွန်ပျူတာက ဖြေသည်။

"အိုကေ မင်းလက်တွေ မြှောက်လိုက်စမ်း"

သင့်ကျောဘက်မှ အသံတစ်သံ ထွက်ပေါ်လာသည်။ သင်လှည့်ကြည့်လိုက်ရာ သွန်မဆင်သည် သင့်ကို သေနတ်ဖြင့် ချိန်ထား၏။

"ငါတို့ ဘယ်ရောက်နေသလဲ" သွန်မဆင်က မေးသည်။

"ဂယ်လက်ဇီရဲ့ အလယ်ဗဟိုမှာ" သင်က ပြန်ဖြေသည်။

"ဒီ အာကာသယာဉ်ကို နောက်ပြန်လှည့်စမ်းကွာ"

သွန်မဆင်က ဒေါသတကြီး ပြောသည်။

"ကျုပ်မလုပ်နိုင်ဘူး တော့်ကြီးရဲ့၊ ခင်ဗျားဘာသာကွန်ပျူတာကို မေးကြည့်"

ဖြစ်ပုံကို ကွန်ပျူတာက သူ့အား ပြောပြတော့မှ သွန်မဆင်သေနတ်ကို ချလိုက်သည်။ ပါးစပ်အဟောင်းသားနှင့် ပြတင်းပေါက်မှ အပြင်သို့ အကြာကြီး ကြည့်နေသည်။

အလွန်တရာမှ များလှစွာသော ကြယ်အုပ်စုကြီးကို တစ်မျှော်တစ်ခေါ်ကြီး တွေ့နေရသည်။ အပြာ၊ အဝါနှင့် အနီရောင်ကြယ်များ ဖြစ်သည်။ ကြယ်များ၏ ပတ်လည်တွင် ဓာတ်ငွေ့များ ဖြာထွက်နေသည်။ အလယ်ဗဟိုသည် လွန်စွာမှတောက်ပပြီး အသက်ဝင်နေသလို ရှိသည်။ လှလည်း လှ၊ ကြောက်စရာလည်း ကောင်းသည်။

"သိပ္ပံပညာရှင်တွေက ဒီကြယ်တွေရဲ့ ဗဟိုချက်မမှာ အင်မတန်သိပ်သည်းတဲ့ တွင်းနက်ကြီးတစ်ခု ရှိတယ်လို့ ယူဆကြတယ်"ဟု ကွန်ပျူတာက ရှင်းပြသည်။

"တွင်းနက်ကြီးဟာ နေထက် အဆပေါင်း သုံးသန်းပိုလေးပြီး တစ်နှစ်တစ်နှစ်မှာ ကြယ်တစ်လုံးနှစ်လုံးလောက်ကို 'စား'ပစ်တယ်လို့ ပြောကြတယ်"

"တိတ်စမ်းကွာ" သွန်မဆင်က စိတ်မရှည်တော့ဘဲ အော်ပစ်လိုက်သည်။

"ကျုပ်တော့ ဒါတွေအားလုံး ဘာမှနားမလည်တော့ဘူးဗျာ" သင်က ပြောလိုက်သည်။

* * *

နောက်ထပ်ရက်အနည်းငယ်တွင် သင်သည် လေ့လာစောင့်ကြည့်ရေး အခန်းထဲ၌ ထိုင်လျက် ကြယ်များကိုသာ ကြည့်နေသည်။ သွန်မဆင်ကမူ ကွန်ပျူတာနှင့် ငြင်းခုံလျက် ရှိသည်။ စင်ဒီကား အာကာသယာဉ် သန့်ရှင်းရေးကိုသာ လုပ်နေ၏။ သင်သည် အာကာသအကြောင်း ပို၍ သိရန်လိုအပ်သည်ဟု ယူဆ၍ ပျော်စရာ ကွန်ပျူတာ(fun computer) ကို ဖွင့်လိုက်သည်။

အမှတ်စဉ်(၄) သို့ သွားပါ။ ➤

**အခန်းစဉ် ၁၄** (၃၇)မှအဆက်

သင်သည် အာကာသယာဉ်တံခါးသို့ သွား၍ သော့ပေါက်ထဲ သော့တံ ထိုးထည့်ကာ လှည့်လိုက်သည်။ အာကာသယာဉ်မှ အသံများ ဆူညံစွာ ထွက်ပေါ်လာပြီး သင့်မှာလည်း ဓာတ်လိုက်သလို ထုံကျဉ်သွားသည်။ ဒါဆမ်ဒင်း၏ အာကာသယာဉ်မဟုတ်။ မှားနေပြီ။

သင် (၅)မှတ် ရှုံးသည်။ ❺

အခန်းစဉ် (၃၇)သို့ ပြန်သွားပါ။ ➤ နောက်ထပ်အာကာသယာဉ်တစ်စင်းကို ကြိုးစားကြည့်ပါဦး။

**အခန်းစဉ် ၁၅** (၆)မှအဆက်

ချီးကျူးပါတယ်။ ယခုသင်ဟာ စာအုပ်ရဲ့ ၂၀ % ကို ဖတ်ပြီးသွားပါပြီ။

အဖြေများ a just, b would, c bit,
d rather, e mind.

အဖြေမှန်တစ်ခုစီအတွက် သင် (၂)မှတ်နိုင်သည်။ ②

သင်သည် ကုလားထိုင်အား စိတ်တိုတိုနှင့် ပိတ်ပြောလိုက်သည်။ ကုလားထိုင်သည် သင့်အား စကားဆက်မပြောတော့ဘဲ မသက်မသာအနေအထားဖြင့် ငြိမ်သွားသည်။ သင်သည် ခုတင်ပေါ်တွင် အိပ်လိုက်၏။

သင်နိုးလာသောအခါ ကောဘင်ခန်း၏ ပြတင်းပေါက်မှ တောက်ပသော အလင်းရောင်ကို တွေ့ရသည်။ လရောင်ဖြစ်၏။ လပေါ်မှ ကျင်းများ ချိုင့်များကို ထင်ထင်ရှားရှား မြင်တွေ့ရသည်။

သင့်အခန်းထဲတွင် ကွန်ပျူတာကလေးတစ်လုံးရှိသည်။ ကွန်ပျူတာပေါ်တွင် ခရီးသည်၏ ပျော်စရာကွန်ပျူတာဟု စာရေးထား၏။ ဤကွန်ပျူတာက သင့်အား အာကာသနှင့် အာကာသခရီးအကြောင်း စိတ်ဝင်စားစရာများကို ပြောပြလိမ့်မည်။

သင်သည် ကွန်ပျူတာခလုတ်ကို ဖွင့်ပြီး လအကြောင်း ကွန်ပျူတာက ပြောပြသည်ကို ကြည့်မလား။

– ဟုတ်ကဲ့။
  အခန်းစဉ် (၁၉)သို့ သွားပါ။ ➤
– မကြည့်ပါဘူး။
  အခန်းစဉ်(၂၆) သို့ သွားပါ။ ➤

**အခန်းစဉ် ၁၆** (၃၅)မှအဆက်

အဖြေ။ အဘယ့်ကြောင့်ဆိုသော် အာကာသသည် ကွေးသောကြောင့်ဖြစ်သည်။ အလင်းရောင်သည် သင့်ခေါင်း၏ နောက်ဘက်မှ စကြဝဠာတစ်ခုလုံး လှည့်ပြီး တယ်လီစကုပ်မြင်ကွင်းတွင်းသို့ ပြန်ဝင်လာ၏။

အခန်းစဉ် (၄) သို့ သွားပါ။ ➤

**အခန်းစဉ် ၁၇** (၆၂)မှအဆက်

သင်က ကွန်ပျူတာကို ပြောလိုက်သည်။ "ဂြိုဟ်စနစ် EQG 99345-120986 သို့ သွားပါ"

ရက်သတ္တနှစ်ပတ်ကြာသောအခါ သင်သည် သက်ရှိတို့နေထိုင်သော ဂြိုဟ်တစ်ခုသို့ ရောက်သွားသည်။ ထိုဂြိုဟ်ကို သင်၏ အာကာသယာဉ်က ပတ်နေသည်။ ထိုဂြိုဟ်တွင် အသိဉာဏ် တစ်ဝက်တစ်ပျက် ရှိသော ပိုးမွှားသတ္တဝါများ နေထိုင်ကြ

သည်။ သူတို့က ဒုံးကျည်တစ်စင်းဖြင့် သင့်အာကာသယာဉ်ကို လှမ်းပစ်သည်၊ သင်သည် အာကာသယာဉ် ကို ပြန်လှည့်၍ ထွက်ပြေးလွတ်မြောက်ခဲ့၏။

သင် (၅)မှတ် ရှုံးသည်။ ❺

သင်က ကွန်ပျူတာအား ဒုတိယဂြိုဟ်သို့ သွားရန် ညွှန်ကြားလိုက်သည်။

အခန်းစဉ် (၇)သို့ သွားပါ။ ➤

**အခန်းစဉ် ၁၈ (၇)**

## မြေကမ္ဘာ (The Earth)

မြေကမ္ဘာသည် အလွန်ထူးသော ဂြိုဟ်ဖြစ်ကြောင်း။

မြေကမ္ဘာသည် နေရာတိုင်းတွင် ထူးခြားပါသည်။ ကမ္ဘာပေါ်တွင် ရေများဖြင့် ပြည့်နေသော သမုဒ္ဒရာများ ရှိပါသည်။ ထို့အပြင် သတ္တဝါများနှင့် အပင်များကို နေ၏ ဓာတ်ရောင်ခြည်မှ ကာကွယ်ပေးထားသော လေထုကြီး ရှိပါသည်။ နေစကြဝဠာကြီး(Solar System)တစ်ခုလုံးတွင် ဘူမိဗေဒဆိုင်ရာ လှုပ်ရှားတက်ကြွမှုရှိသည့် တစ်ခုတည်းသော ဂြိုဟ်ဖြစ်ပါသည်။ မြေကမ္ဘာသည် စဉ်ဆက်မပြတ် ပြောင်းလဲနေပါသည်။

ကမ္ဘာ့မြေမျက်နှာပြင်ကို ဇီဝသဘာဝက ပြောင်းလဲစေခဲ့ပါသည်။ လေထုအတွင်းရှိ အောက်ဆီဂျင်ဓာတ်ကို မိုက်ကရိုဇီဝရုပ်များ(micro-organisms) က အရင်းခံ၍ ထုတ်လုပ်ပေးပါသည်။ ကမ္ဘာ၏ ကျောက်တုံး ကျောက်တိုင် အများစုသည် ယင်းတို့၏ အရိုးစုများမှ ဖွဲ့စည်းဖြစ်ပေါ်လာခဲ့ပါသည်။ မြေကမ္ဘာသည် နေစကြဝဠာထဲတွင် သက်ရှိသတ္တဝါများရှိသည့် တစ်ခုတည်းသော ဂြိုဟ် ဖြစ်ပါသည်။ သိပ္ပံပညာရှင်အချို့က ကမ္ဘာကြီးသည် အသက်ဝင်လျက် ရှိသည်ဟု ထင်မြင်ကြပါသည်။

အခန်းစဉ်(၁၂)သို့ သွားပါ။ ➤

**အခန်းစဉ် ၁၉ (၁၅)**

## လ (The Moon)

လွန်ခဲ့သော နှစ်သန်းပေါင်း ၄၅၀၀ ခန့်က အင်္ဂါဂြိုဟ်(Mars) အရွယ်ခန့် ရှိသော အရာဝတ္ထုကြီးတစ်ခုသည် မြေကမ္ဘာကို ဝင်ဆောင့်မိရာမှ လဖြစ်ပေါ်လာသည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။ ဝင်ဆောင့်မှုကြောင့် ပဲ့ထွက်သွားသော အစအနများသည် လဖြစ်သွားသည်။ ကမ္ဘာကြီးသည် လထက် အဆ ၅၀

ကြီးမားသည်။ ကမ္ဘာကြီးကို လက တစ်ပတ်ပတ်ရန် တစ်လကြာသည်။

လသည် အချိန်တိုကာလအတွင်း သွားရောက်လည်ပတ်ရန် စိတ်ဝင်စားစရာ နေရာတစ်ခုဖြစ်သည်။ အောက်ပါတို့သည် ကမ္ဘာပေါ်တွင် သင်မလုပ်နိုင်ဘဲ လပေါ်တွင်သာ လုပ်နိုင်သော အရာများဖြစ်သည်။

❑ သင့်မိတ်ဆွေများကို သင်၏ ခေါင်းပေါ်သို့ လွှင့်တင်နိုင်သည်။ လ၏ ဆွဲငင်အားသည် ကမ္ဘာမြေကြီးဆွဲငင်အား၏ ခြောက်ပုံတစ်ပုံသာရှိ၏။ ပုံမှန်အလေးချိန်ရှိသော လူတစ်ယောက်သည် လပေါ်တွင် ၁၁ ကီလိုဂရမ်သာ အလေးချိန်ရှိမည်။

❑ သင် ဂစ်တာကို ကြိုက်သလောက် အသံကျယ်ကျယ် တီးနိုင်သည်။ သင့်ဘေးက လူများက စိတ်ဆိုးကြမည်မဟုတ်။ လပေါ်တွင် လေထုမရှိသောကြောင့် အသံရွေ့လျားမှုလည်းမရှိ။

❑ 'ဂျိုးကို ငါချစ်တယ်'ဟူသော စာတန်းကို လပေါ်ရှိ ဖုန်မှုန့်များပေါ်တွင် ရေးနိုင်သည်။ ထိုစာသည် နောင်နှစ်ပေါင်းသန်းပေါင်းများစွာ ထိုအတိုင်း တည်နေလိမ့်မည်။ လပေါ်တွင် ဖုန်မှုန့်များ လွှင့်အောင် တိုက်သည့်လေ လုံးဝမရှိ။

❑ လ၏ တခြားဘက်ကိုလည်း သင်သွားကြည့်နိုင်သည်။ လသည် ကမ္ဘာကို မျက်နှာစာ ပေးနေသော ဘက်တစ်ဘက်တည်းဖြင့် ကမ္ဘာကို လည်ပတ်နေသည်ဖြစ်၍ ကမ္ဘာမှနေ၍ ကြည့်လျှင် ဟိုဘက်တစ်ဖက်ခြမ်းကို မမြင်နိုင်ချေ။

❑ သင့်စားစရာများကို လပေါ်တွင် နေအပူရှိန်ဖြင့် ချက်ပြုတ်နိုင်သည်။ နေ့ခင်းဆိုလျှင် လပေါ်တွင် အပူဒီဂရီ ၁၂၇ စင်တီဂရိတ်အထိ ရှိတတ်သည်။

သင်သည် ကွန်ပျူတာကို ပိတ်လိုက်သည်။

**အခန်းစဉ်**(၂၆) သို့ သွားပါ။ ➤

**အခန်းစဉ် ၂၀** (၁၀)မှအဆက်

"ဩော်–ဟုတ်လား၊ ကောင်းတာပေါ့။ ကျွန်မတို့က အာကာသအတွေ့အကြုံ လုံးဝမရှိတဲ့လူတွေဆီကို အာကာသခရီးသွားလာမှုအကြောင်း စာအုပ်တစ်အုပ် ပို့ပေးလေ့ရှိတယ်။ ခုတော့ ကျွန်မတို့ ရှင့်ဆီ ပို့ဖို့ မလိုဘူးပေါ့"ဟု အတွင်းရေးမှူးက ပြန်ပြောသည်။

(ထိုစာအုပ်မှာ အဖိုးတန်အချက်အလက်များ ပါရှိသည်)

သင် (၅)မှတ် ရှုံးသည်။ ❺

(သင့်မှာ မူလအမှတ် ၅၀မှ ယခုရှုံးသောအမှတ် ၅မှတ်နုတ်။

၅၀–၅=၄၅ မှတ်။ စာရွက်တစ်ရွက်တွင် ၄၅မှတ်ဟု ရေးထားပါ။)
အခန်းစဉ် (၂၈)သို့ သွားပါ။ ➤

**အခန်းစဉ် ၂၁** (၃၀)မှအဆက်

အာကာသယာဉ်ကို တွင်းနက်ကြီးနောက်မှ ရွှေ့လျားရန် ကွန်ပျူတာကို သင်က ပြောသည်။ တွင်းနက်ကြီးနောက်သို့ သင်ရောက်နေစဉ်ဆမ်ဒင်းက သူ၏ လေဆာလက်နက်များဖြင့် လှမ်းပစ်သည်။ လေဆာရောင်ခြည်များသည် တွင်းနက်ကြီးကို ပတ်ချာလည်လှည့်ပြီး သင့်အာကာသယာဉ်ကို ထိမှန်၏၊ (တွင်းနက်ကြီး၏ ပြင်းထန်လှသော ဆွဲငင်အားက တွင်းနက်ကြီးပတ်လည်ရှိ အာကာသကို ကွေးသွားစေသည်ဖြစ်၍ လေဆာရောင်ခြည်သည် တည့်တည့်မတ်မတ်မသွားတော့ဘဲ ကွေး၍ သွားခြင်း ဖြစ်သည်။) သင်သည် ကြမ်းပေါ် လဲကျသွားသည်။ လေဆာသည် သင့်ယာဉ်မှ ရောကက်တစ်ခုကို ထိမှန်၏။

သင် (၅)မှတ် ရှုံးသည်။ ➎




*တွင်းနက်ကြီးနောက်ကွယ်သို့ သင်ရောက်နေစဉ် ဆမ်ဒင်းက လေဆာဖြင့် လှမ်းပစ်သည်။*

သင်ဘာလုပ်မလဲ။

- တွင်းနက်ကြီးကို ဆက်ပြီး ပတ်နေမလား။
  အခန်းစဉ်(၉)သို့ သွားပါ။ ➤
- တွင်းနက်ကြီးမှခွာပြီး အာကာသထဲ ခရီးဆက်မလား။
  အခန်းစဉ် (၅၆)သို့ သွားပါ။ ➤

**အခန်းစဉ် ၂၂** (၅၃) (၆၄)မှအဆက်

တစ်နေ့တွင် ထိန်းချုပ်ရေးအခန်း သန့်ရှင်းရေးလုပ်နေစဉ် ဒုတိယအရာရှိ ဂလိုရီးယား နာကီလ်စကား(Gloria Nakielska)ကို တွေ့၍ သင်က မေးမြန်းသည်။

"အိုရီယွန် အာကာသယာဉ်ကို ခင်ဗျားတွေ့ပြီလား"

သူမက သင့်ကို သံသယမျက်လုံးဖြင့် ကြည့်ပြီး-

"ဟင့်အင်း၊ မတွေ့သေးဘူး"

"ဒါဖြင့် ကျွန်တော်တို့ ပလူတိုဂြိုဟ်ကိုရော ဖြတ်ခဲ့ပြီလား"

"ပလူတိုရဲ့ ပတ်လမ်းကြောင်းကိုတော့ ဖြတ်ခဲ့ပြီ။ ဒါပေမယ့် ကျွန်မတို့ အဲဒီဂြိုဟ်အနားကို မသွားဘူး။ ဘယ်သူမှ အဲဒီကို မသွားချင်ကြဘူးလေ"

ဂလိုရီးယားက တယ်လီစကုပ်မှန်ပြောင်းကြီး၏ အဝမှ ကွန်ပျူတာမှန် သားပြင်ပေါ်တွင် တွေ့မြင်ရသော ဂြိုဟ်ကို သင့်အား ညွှန်ပြသည်။

"ကျောက်တုံး အကြီးကြီးနဲ့ တူတယ်နော်"ဟု သင်က ပြောလိုက်သည်။ ဂလိုရီးယားက-

"အဲဒါပဲလေ။ သိပ္ပံပညာရှင်အတော်များများက ပလူတိုကို တကယ်တမ်း ဂြိုဟ်တစ်လုံးလို့တောင် မယူဆကြဘူး။ ပလူတိုက ကျွန်မတို့ဆီက လထက် တောင် သေးသေးတယ်။ ဥက္ကာပျံ(asteroid) အကြီးကြီးတစ်လုံးနဲ့ တူတယ်"ဟု ရှင်းပြပြီး-

"ဟော...အခု ကျွန်မတို့ အိုအော့တိမ်ကြီး(Oort Cloud)ထဲ ဝင်လာပြီ" ဟု ဆက်ပြောသည်။

"အိုအော့တိမ်ဆိုတာ ဘာလဲ"သင်က မေးလိုက်သည်။

"နေစကြဝဠာဝန်းကျင်က အာကာသနယ်မြေကို ပြောတာ။ ကြယ်တံခွန် (Comet)သန်း ထောင်ပေါင်းများစွာ ပါဝင်တယ်"

သူမက ကွန်ပျူတာတွင် တွေ့ရသော (Comet)တစ်ခုကို ပြသည်။ "ဒါ... သမားရိုးကျ Comet တစ်ခုပဲ။ အချင်း ခုနစ်ကီလိုမီတာလောက်ရှိတဲ့ ညစ်ပတ်တဲ့ ရေခဲတုံးကြီးလိုပေါ့"

"အိုအော့ တိမ်တိုက်ကြီးပြီးရင် ဘာလာမလဲ"

"အာကာသဟင်းလင်းပြင်ကြီးပဲပေါ့၊ အနီးဆုံးကြယ်ဟာ အလင်းနှစ် ၄ နှစ် ကွာလှမ်းတယ်။ အာကာသကြီးဟာ အင်မတန်ကြီးမားတဲ့ ရောမဟင်းလင်း ပြင်ကြီးပါပဲ"

သင်သည် အာကာသယာဉ်၏ ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်ပြီး

"ကြယ်တွေဟာ ဘာကြောင့် မရွေ့လျားဘဲ နေကြသလဲ၊ ကျွန်တော်တို့ အခုသွားနေတာ အင်မတန်မြန်တဲ့ နှုန်းနဲ့ သွားနေတာမဟုတ်လား"ဟု မေးသည်။ ဂလိုရီယာက "ဟုတ်တယ်၊ ဒါပေမယ့် ကြယ်တွေက အင်မတန်မှ ဝေးလွန်းတယ်လေ"ဟု ပြန်ပြောသည်။

ရက်အတန်ကြာကြီးနောက် သင်အိပ်ရာထဲတွင် အိပ်ကောင်းနေစဉ် သွန်မဆင်က အတင်းလာနှိုးသည်။ သူက သင့်နားဝတွင် ကပ်၍ "ထစမ်း ဂါဆီးယား"ဟု အော်ဟစ်ကာ ထခိုင်းပြီး ထိန်းချုပ်ရေးအခန်းဆီသို့ ခေါ်သွား၏။

သင် ရောက်ရောက်ချင်း ကပ္ပတိန်ရောဂျားစ်က–

"အိုကေ–ရှင်ဘယ်လိုလုပ်လိုက်တာလဲ"ဟု မေးသည်။

"ဟာ–လာပြန်ပြီ၊ ကျုပ်က ဘာလုပ်လို့လဲ"

သင်က ပြန်မေးလိုက်သည်။

သွန်မဆင်က "ဘာလဲဆိုတာ မင်းသိပါတယ်။ ငါတို့က မင်းကို စောင့်ကြည့်နေတာကွ၊ ဒါပေမယ့် ဒါကို မင်းဘယ်လိုလုပ်လိုက်သလဲဆိုတာ ငါတို့မသိဘူး"

"ဘာလုပ်တာကိုပြောတာလဲဗျ"

သင်က ပြန်မေးလိုက်သည်။ ကပ္ပတိန်ရောဂျားစ်က–

"ကျွန်မတို့အိပ်နေတုန်း ထိန်းချုပ်ရေးအခန်းထဲကို တစ်စုံတစ်ယောက် ဝင်ပြီး သူ သို့မဟုတ် သူမဟာ အာကာသယာဉ်ရဲ့ သွားနေတဲ့ လမ်းကြောင်းကို ပြောင်းပစ်ခဲ့တယ်။ ပြီးတော့ ကွန်ပျူတာကို ဖျက်ဆီးပစ်တယ်။ အခု ကျွန်မတို့ လမ်းကြောင်းကို ပြန်ပြင်လို့ မရတော့ဘူး။ လမ်းကြောင်းအမှားကြီးအတိုင်း သွားနေပြီ"

"တစ်စုံတစ်ယောက်က ဘာကြောင့် အဲသလိုလုပ်ချင်ရတာတဲ့လဲ"ဟု သင်က ထပ်မေးသည်။

ကပ္ပတိန်ရောဂျားစ်က–

"အဲဒါတော့ ရှင်ပြောပြမှ ကျွန်မတို့ သိရမှာပဲ"

"စုံထောက်ကြီး သွန်မဆင်က–

"ဒုတိယအရာရှိ ဂလိုရီးယားနာကီလ်စကားက မကြာသေးခင် ရက်ပိုင်းအတွင်း ထိန်းချုပ်ရေးအခန်းထဲမှာ မင်းကို တွေ့ခဲ့တယ်လို့ ပြောတယ်။ မင်းက မေးခွန်းတွေ အများကြီးမေးတယ်လို့လည်း ပြောတယ်"

သင်သည် စိတ်မရှည်နိုင်တော့ဘဲ အော်ပစ်လိုက်သည်။ "သွားကြစမ်းဗျာ၊ ခင်ဗျားတို့ ပြောတာတွေ ဘာမှ ကျုပ်မသိဘူး"

ကပ္ပတိန်ရောဂျားစ်က–

"ရှင့်အခန်းကိုသွား၊ အဲဒီမှာပဲနေ၊ ဘယ်မှမသွားနဲ့"ဟု ပြောသည်။

သင်သည် ထိန်းချုပ်ရေးအခန်းမှ ဒေါသတကြီးထွက်ခွာပြီး သင့်ကေဘင်ခန်းသို့ ပြန်သွားသည်။

အခန်းရှေ့အရောက်တွင် သင်က တံခါးကို လှမ်းပြောသည်။

"ဖွင့်စမ်းကွာ"

"ကျုပ်ဟာ တံခါးတစ်ခုပဲဆိုတာ ကျုပ်သိပါတယ်။ ဒါပေမယ့် ခင်ဗျားကျုပ် ကို ဒီလိုမျိုး မပြောပါနဲ့ဗျ"ဟု တံခါးက ပြန်ပြော၏။

"ဒီမယ် ငါ့စိတ်က သိပ်ကြည်တာမဟုတ်ဘူးနော်၊ ဒါမျိုးတွေ ပြောမနေနဲ့၊ ဖွင့်ရင်ဖွင့် မဖွင့်ရင် မင်းကို တစ်ခုခုနဲ့ ရိုက်ချိုးပစ်မယ်"

မိနစ်အနည်းငယ်မျှ တိတ်ဆိတ်နေပြီးနောက် တံခါးပွင့်လာသည်။ သင်သည် အခန်းထဲမှာပင် တစ်နေ့လုံး ထိုင်နေပြီး စဉ်းစားနေသည်။ ဘာတွေဖြစ်နေသည်ကို သင်နားမလည်နိုင်ဘဲ ရှိသည်။ ပထမဦးစွာ တစ်စုံတစ်ယောက်သည် ဓာတ်ခွဲခန်းထဲမှ ပစ္စည်းကိရိယာများကို ချိုးဖျက်ခဲ့သည်။ ထို့ပြင် အာကာသယာဉ်သွား လမ်းကြောင်းကိုပါ ပြောင်းလဲပစ်ခဲ့သည်။ ဒါတွေကို ဘယ်သူကလုပ်နေတာလဲ။ ဘာကြောင့် လုပ်သလဲ။ စဉ်းစားလို့မရဘဲ သင်အိပ်ရာဝင်ခဲ့ရသည်။

ထိုညတွင် သင် အိပ်မက် မက်သည်။ သွန်မဆင်က သင့်မျက်နှာပေါ်သို့ ကြီးမားလှသော စာအုပ်ကြီး တင်ထားသည်ဟု အိပ်မက် မက်ခြင်း ဖြစ်သည်။ သင်နိုးလာပြီး ကြည့်လိုက်ရာ သင်သည် လေထဲလွင့်ပြီး မျက်နှာကြက်တွင် ကပ်နေသည်ကို တွေ့ရသည်။ သင်သည် အလေးချိန်မဲ့ အနေအထားတွင် ရောက်နေသည်။

ထို့နောက် နံရံထဲရှိ အသံချဲ့စက်မှ အသံတစ်သံကြားရသည်။ "ကပ္ပတိန်ရောဂျားစ် စကားပြောနေပါတယ်။ ရောကက်မော်တာတွေကို ကျွန်မပိတ်လိုက်ပြီ။ အခု ကျွန်မတို့ဟာ အမျိုးအမည်မသိတဲ့ အရာဝတ္ထုကြီးတစ်ခုဆီကို ဦးတည်သွားနေတယ်။ အာကာသယာဉ်ကို စွန့်ခွာကြ။ အာကာသဘတ်စ်ကားရပ်နားစခန်းကို လှုတိုင်း ချက်ချင်းသွားကြပါ။ ထပ်ပြောမယ်၊ ဒီအာကာသယာဉ်ကို စွန့်ခွာကြ"

သင်သည် အဝတ်အစားအနည်းငယ်ကို ခက်ခက်ခဲခဲဝတ်ဆင်ရသည်။ အလေးချိန်မဲ့အနေအထားတွင် အဝတ်ဝတ်ရသည်မှာ မလွယ်ကူပါ။

သင်က တံခါးကို လှမ်းအော်လိုက်သည်။

"ဖွင့်စမ်းဟေ့"

တံခါးက ပြန်ပြောသည်။

"ကျုပ်စဉ်းစားနေတယ်၊ မနေ့က ကျုပ်ကို ခင်ဗျားပြောခဲ့တာတွေနဲ့ ပတ်သက်လို့ ကျုပ်သိပ်မကြည်ဘူးဗျာ၊ ခင်ဗျားအတော်ရိုင်းပျတယ်လို့ ကျုပ်ထင်တယ်။ ကျုပ်ဟာ တံခါးတစ်ခုပဲဆိုတာ ကျုပ်သိပါတယ်။ ဒါပေမယ့်-"

သင်ကလည်း ဒေါသတကြီး ပြောသည်။

"အေး...မင်းဟာ တံခါးပဲကွ၊ မင်းအလုပ်က ဖွင့်ပေးဖို့ပဲ၊ ငါချက်ချင်းထွက်ဖို့ လိုတယ်၊ အခုဖွင့်စမ်း"

ကပ္ပတိန်ရောဂျားစ်က "အာကာသယာဉ်ကို စွန့်ခွာကြ"ဟု ထပ်ပြောသံကြားရသည်။ စကြိုလမ်းတစ်လျှောက် လူအချို့ တိုးဝှေ့ပြေးသွားကြသည့်အသံများကြားရသည်။

"ခင်ဗျားက ဝမ်းနည်းပါတယ်လို့ ပြောပြီးမတောင်းပန်မချင်း ဖွင့်မပေးဘူးဗျာ"ဟု တံခါးက ပြောလိုက်သည်။

သင် ဘာလုပ်မလဲ။

- တံခါးကို ကုလားထိုင်တစ်လုံးနှင့် ရိုက်ချိုးမလား။
  အခန်းစဉ် (၃၁)သို့ သွားပါ။ ➤
- တံခါးကို တောင်းပန်ပြီး ဖွင့်ခိုင်းမလား။
  အခန်းစဉ် (၅၂)သို့ သွားပါ။ ➤

**အခန်းစဉ် ၂၃** (၉)

သင်က လေဆာဖြင့် ပစ်လိုက်ရာ ဆမ်ဒင်း၏ အာကာသယာဉ်ကို ထိမှန်သွားသည်။

သင် (၅)မှတ်နိုင်သည်။ ⑤

"ခင်ဗျားပစ်လိုက်တာ ဆမ်ဒင်းရဲ့ ရော့ကက်တွေကို ထိမှန်သွားပြီ။ ဆမ်ဒင်းဟာ သူ့အာကာသယာဉ်ကို မထိန်းနိုင်တော့ဘူး"ဟု ကွန်ပျူတာက ပြောသည်။ ဆမ်ဒင်း၏ အာကာသယာဉ်သည် တွင်းနက်ကြီးဆီသို့ ဦးတည်၍ ရွေ့လျားသွားနေတော့သည်။

အခန်းစဉ် (၂၅)သို့ သွားပါ။ ➤

**အခန်းစဉ် ၂၄** (၄)

သင်သည် ကွန်ပျူတာကို ပိတ်လိုက်ပြီး ထိန်းချုပ်ရေးအခန်းသို့ သွားသည်။ စင်ဒီသည် ပြတင်းပေါက်များကို သန့်ရှင်းရေးလုပ်နေသည်။ သွန်မဆင်မှာ ပင်မကွန်ပျူတာနှင့် ငြင်းခုံနေဆဲပင် ရှိသည်။

"ခြေကမ္ဘာကို ပြန်တဲ့လမ်းကို မင်းရှာမပေးနိုင်ရင် မင်းရဲ့ ဆားကစ်(Circuits) တွေကို ငါဆွဲဖြုတ်ပစ်မယ်" သွန်မဆင်က အော်ဟစ်ပြောဆိုနေသည်။

"သွန်မဆင် သူ့ဟာသူ နေစမ်းပါစေဗျာ" သင်က ဝင်ပြောလိုက်သည်။

"အေး…ခြေကမ္ဘာကို တို့ပြန်ရောက်လို့ကတော့ မင်းကို ထောင်ထဲ တန်းပို့ပြီသာမှတ်၊ ဂါဆီးယား" သွန်မဆင်က သင့်ကို ပြောသည်။ "ဒီကိစ္စတွေ အားလုံးရဲ့ နောက်ကွယ်မှာ မင်းရှိနေတယ်ဆိုတာ ငါသိတယ်။ အာကာသရဲ့ အဲဒီအပိုင်းမှာ တီတွင်းကြီး ရှိတယ်ဆိုတာ မင်းသိတယ်။ ကီရိယာတွေကို မင်းဖျက်ဆီးပြီးအာကာသယာဉ်ရဲ့ သွားရာလမ်းကြောင်းကို ပြောင်းလဲပစ်ခဲ့တယ်။ ဒါကြောင့် တီတွင်းကြီးထဲကို တို့ရောက်သွားခဲ့ရတာပဲ"

"ငါ့အဖြစ်ကတော့ ကြုံကြိုဖန်ဖန်ပါပဲ။ စကားပြောစရာဆိုလို့ သွပ်ချောင်ချောင် စုံထောက်တစ်ယောက်နဲ့ သန့်ရှင်းရေးချည်း လုပ်နေတဲ့ရိုဘော့တစ်ကောင်နဲ့ပဲ ဂယ်လက်ဇီထဲမှာ နေနေရတဲ့ ဘဝပါလား" သင်သည် ကိုယ့်ဘာသာကိုယ် ပြောနေမိသည်။


သင်သည် တယ်လီစကုပ် မှန်သားပြင်ကို တစ်စုံတစ်ရာစိတ်ဝင်စားစရာ တွေ့နိုးနိုးဖြင့် စောင့်ကြည့်နေသည်။ မှန်သားပြင်တွင် ကြယ်နှစ်လုံးပေါ်နေသည်ကို တွေ့ရ၏။ ကြယ်အကြီးတစ်လုံးနှင့် အသေးတစ်လုံး။ ကြယ်အသေးမှ အာကာသထဲသို့ ဓာတ်ငွေ့များ ကီလိုမီတာသန်းချီ၍ ရောက်အောင် မှုတ်ထုတ်နေသည်။

"အဲဒီအရာဝတ္ထုဟာဘာလဲ"ဟု သင်က ကွန်ပျူတာကို မေးကြည့်သည်။

"တွင်းနက်ကြီးတစ်ခုလို့ ထင်တာပဲ" ကွန်ပျူတာက ပြန်ဖြေသည်။ "အဲဒါကြီးက ညာဘက်က ကြယ်ကို စားပစ်တော့မယ်"

"တွင်းနက်ဆိုလို့ အမြဲတမ်းမည်းနက်နေမယ်လို့ ငါက ထင်နေတာ" သင်က ပြောလိုက်သည်။

"တွင်းနက်ဆိုတာ ခင်ဗျားမြင်နိုင်တဲ့ပစ္စည်းမဟုတ်ဘူးလေ။ ဒါပေမယ့် တွင်းနက်ထဲကို ပစ္စည်းတွေ ဝင်သွားတာ ခင်ဗျားမြင်ရမယ်။ စကြဝဠာထဲကအတောက်ပဆုံး အရာဝတ္ထုတချို့ဟာ ဒီဖြစ်စဉ်ကြောင့် ပေါ်ပေါက်လာကြတာပဲ။ တွင်းနက်ကြီးတစ်ခုအနားကို ကြယ်တစ်လုံးရောက်သွားရင် တွင်းနက်ကြီးက ကြယ်ပေါ်က ရုပ်ပစ္စည်းတွေကို ဆွဲယူလိမ့်မယ်။ ကြယ်ကိုရော ကြယ်ပေါ်က ရုပ်ပစ္စည်း တွေကိုပါ တွင်းနက်ကြီးက 'စား'ပစ်လိုက်မယ်။ ပြီးတော့မှ တွင်းနက်ကြီးရဲ့ အလယ်ဗဟိုကနေ တချို့ရုပ်ပစ္စည်းတွေကို အာကာသထဲသို့ ကီလိုမီတာသန်းပေါင်း များစွာ ရောက်အောင် မှုတ်ထုတ်ပစ်တတ်တယ်။ ရောမအမြောက်ကြီးတစ်လက်က ပစ်လွှတ်သလိုပဲပေါ့"




*ကြယ်အသေးမှ အာကာသထဲသို့ ဓာတ်ငွေ့များ မှုတ်ထုတ်နေသည်။*

ဟု ကွန်ပျူတာက ရှင်းပြသည်။

"သတိပြုပါ" ကွန်ပျူတာက ရုတ်တရက်ဖြေသည်။ 'ရေဒီယိုသတင်းပို့ချက်တစ်ခု အခုပဲ လက်ခံရရှိပါတယ်"

"ရေဒီယိုသတင်းပို့ချက်၊ ဟုတ်လား၊ ဘယ်ကလဲ"

သွန်မဆင်က မေးသည်။

"ဒီကနေ အကြမ်းဖျင်း ကီလိုမီတာ တစ်သိန်းသုံးသောင်းကွာလှမ်းတဲ့ အရာဝတ္ထုတစ်ခုက လာတာပဲ။ ကျုပ်တို့မသိတဲ့ ကွန်ပျူတာစကားဝှက်(Code)ကို အသုံးပြုထားတယ်။ Code ကို ကြိုးစားပြီး အဓိပ္ပာယ်ဖော်ကြည့်ရမလား" ကွန်ပျူတာက ပြောသည်။

သွန်မဆင်က "လုပ်လေ၊ အဲ ဒါ ဘာဖြစ်နိုင်မလဲ၊ ဂယ်လက်ဇီရဲ့ဒီဘက်ပိုင်းမှာ လူသတ္တဝါတွေ မရှိပါဘူး"

"သွန်မဆင် ဒါ ဘာအဓိပ္ပာယ်လဲ သိရဲ့လား" သင်က စိတ်လှုပ်ရှားစွာ

ဖြင့် ပြောသည်။ "တခြားကမ္ဘာက သက်ရှိသတ္တဝါတွေနဲ့ ပထမဆုံးလူသားတို့ အဆက်အသွယ် ရရှိမှုပဲဗျ။ ဒါဟာ သမိုင်းတွင်မယ့်အချိန်ပဲ"

မှန်သားပြင်ပေါ်တွင် ထူးဆန်းသော သတ္တဝါတစ်ခု၏ရုပ်ပုံ ရုတ်တရက် ပေါ်လာသည်။ ပါးစပ်ဟု ထင်ရသော အရာတစ်ခုသည် ခေါင်းဟု ထင်ရသော အရာ၏ ထိပ်ဆုံးတွင် လှုပ်ရှားနေသည်။ ခေါင်း၏ အောက်ခြေနားတွင် အနက်တွင်း နှစ်ခုရှိရာ မျက်စိများဟု ထင်မှတ်ရသည်။ ထိုသတ္တဝါတွင် လက်လေးဖက် သို့မဟုတ် ဘဝဲကောင်ကဲ့သို့ လက်များရှိသည်။ ၎င်းသည် သတ္တုထည် ဝတ်ရုံ ဆင်မြန်းထား၏။



ထူးဆန်းသော သတ္တဝါတစ်ခု၏ရုပ်ပုံ ရုတ်တရက်ပေါ်လာသည်။

"သူတို့က ကျုပ်ဆီကို ပရိုဂရမ်တစ်ခု ပို့နေတယ်။ သူတို့ဘာသာစကားကို နားလည်နိုင်ဖို့ ကူညီတဲ့ ပရိုဂရမ်ပဲ" ကွန်ပျူတာက ပြောသည်။ "ခဏလောက်စောင့်ပါဦး"

"မယုံနိုင်လောက်အောင် အံ့သြစရာပဲ" သင်က ပြောလိုက်သည်။

"သူက ဘာတွေ ပြောနေသလဲ"

"သူက ကျုပ်တို့ကို မေးနေတယ်၊ နေရာအတွက် ကြိုတင်စာရင်းပေးထားသလားတဲ့" ကွန်ပျူတာက ပြောပြသည်။

သွန်မဆင်က–

"အဲဒါ ဘာကိုဆိုလိုတာလဲ၊ သူ့ကို ပြောလိုက်စမ်း၊ ငါတို့ဟာ မြေကမ္ဘာက လာတာလို့ သူတို့ရဲ့ ခေါင်းဆောင်နဲ့ စကားပြောချင်တယ်လို့"

မိနစ်အတန်ကြာပြီးနောက် ကွန်ပျူတာက ပြောသည်။

"သူက ခေါင်းဆောင်ဆိုတာ ဘာလဲမသိဘူးတဲ့။ လက်ထောက်ဟိုတယ် မန်နေဂျာနဲ့ စကားပြောချင်သလားတဲ့၊ ပြန်မေးနေတယ်"

မှန်သားပြင်ပေါ်မှ ရုပ်ပုံပြောင်းသွားသည်။ ပထမဂြိုဟ်သားနှင့် အားလုံးလိုလိုတူသော နောက်ထပ် ဂြိုဟ်သားတစ်ယောက်၏ ပုံဖြစ်သည်။ ကွန်ပျူတာက "ခင်ဗျားတို့ တိုက်ရိုက်စကားပြောလို့ရအောင် ကျုပ်လုပ်ပေးထားပြီ" ဟု ပြောသည်။

ဂြိုဟ်သားက ပြောသည်။

"အခု ဒီက လက်ထောက်မန်နေဂျာစကားပြောနေတယ်၊ ဗဟိုဟိုတယ်ကြီးက ကြိုဆိုပါတယ်။ ဒီဟိုတယ်ဟာ ဂယ်လက်ဇီရဲ့ အလယ်ဗဟိုချက်အနီးမှာ အကျော်ကြားဆုံးပါပဲ။ ကျုပ်တို့ဟိုတယ်ဟာ အဆင့်မြင့်တန်း သက်ရှိသတ္တဝါများ ဖက်ဒရေးရှင်းရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တယ်။ ခင်ဗျားတို့ ကြိုတင်စာရင်းပေးထားပါသလား"

သင်က ပြန်ဖြေလိုက်သည်။

"အဲ...မပေးထားပါဘူး"

"ဒါဆို ကောင်းပြီလေ၊ ကျုပ်တို့ဆီမှာ အခန်းလွတ်တွေ အလုံအလောက်ရှိပါတယ်။ ဒီမှာ တည်းခိုချင်ပါသလား"

သွန်မဆင်က ဝင်ပြောသည်။

"အဲ...ဟုတ်ကဲ့"

လက်ထောက်မန်နေဂျာက–

"ကောင်းပြီ၊ ခင်ဗျားတို့ ကွန်ပျူတာကို ညှိနှိုင်းဆောင်ရွက်ရေးအစီအစဉ်တွေ ကျုပ်တို့ ပေးလိုက်မယ်"

သွန်မဆင်က "ဟိုတယ်တဲ့၊ အင်း ..မယုံနိုင်စရာပဲ"ဟု ပြောသည်။ သင်နှင့် သွန်မဆင်နှစ်ယောက်စလုံး တိတ်ဆိတ်စွာ အကြာကြီး ထိုင်လျက် စဉ်းစားနေကြသည်။

နာရီအနည်းငယ်အကြာတွင် အာကာသထဲတွင် တောက်ပသောအရာဝတ္ထု

တစ်ခု ပျံသန်းလာသည်ကို တွေ့ရသည်။ ကြီးမားလှသော ကျောက်မျက်ရတနာ တုံးကြီးတစ်တုံးနှင့် တူသည်။ ၎င်းသည် အလွန်ပင် ကြီးမားလှသည်။ ဟိုတယ်ဟု ခေါ်သော ၎င်းအရာဝတ္ထုကြီး၏ ထိပ်မှ ကြီးမားလှသော တံခါးကြီးပွင့်သွားချိန်တွင် သင်တို့၏ အာကာသယာဉ်သည် အတွင်းသို့ ဝင်ရောက်သွားသည်။

ကွန်ပျူတာက ပြောသည်။ "အာကာသယာဉ်ကနေ ခင်ဗျားတို့ ထွက်နိုင်ပါပြီ"

အာကာသယာဉ်၏ တံခါးတစ်ပေါက်ပွင့်သွားရာ သင်၊ သွန်မဆင်နှင့် စင်ဒီတို့ အပြင်သို့ ထွက်လိုက်ကြသည်။ သင်တို့သည် ဖန်ခန်းမကြီးတစ်ခုထဲသို့ ရောက်သွားသည်။ ဂြိုဟ်သားကို ခန်းမကြီး၏ အစွန်တွင် တွေ့မြင်ရ၍ သင်တို့သည် သူ့ထံသို့ စိတ်လှုပ်ရှားစွာဖြင့် လျှောက်သွားကြသည်။

ဂြိုဟ်သားသည် အရပ်ပုပြီး ကြီးမားဝဖြိုးသော ခြေနှစ်ဖက် ရှိသည်။ ၎င်းသည် သတ္တုထည်ဝတ်ရုံကို ဝတ်ဆင်ထား၏။

ဂြိုဟ်သားက သင်တို့အား သေးငယ်သော ပစ္စည်းအချို့ ကမ်းပေးပြီး သင်တို့၏ နားရွက်ထဲထည့်ရန် ခြေဟန်လက်ဟန်ဖြင့် ပြသည်။ ၎င်းတို့သည် ကြီးမားလွန်း၍ သင့်နားရွက်အပေါက်များ နာကျင်သွားသည်။

ဂြိုဟ်သားက–

"ကိုင်း…အခု ကျုပ်ပြောတာ ခင်ဗျားတို့ နားလည်နိုင်ပြီ။ ဇဟ်ဟိုတယ်ကြီးက ခင်ဗျားတို့ကို ကြိုဆိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးပါရစေ။ ကျုပ်နာမည်က ဆမ်ဒင်းမင်ဒရာ မူမူကူလာကာလ်လို့ ခေါ်ပါတယ်။ ခင်ဗျားတို့အနေဖြင့် ဆမ်ဒင်းလို့ပဲ ခေါ်လို့ရပါတယ်။ ကျုပ်ဟာ ရိုလန်ဒီးယန်း သက်ရှိဇီဝမျိုးတစ်ယောက် ဖြစ်ပါတယ်"

သင်ရော သွန်မဆင်ပါ ဘာပြန်ပြောရမှန်းမသိဘဲ ရှိသည်။

ဆမ်ဒင်းက "ခင်ဗျားတို့ ခရီးစဉ် အဆင်ပြေခဲ့ကြရဲ့လား"ဟု မေးရာ သွန်မဆင်မှာ ပါးစပ်အဟောင်းသားနှင့် တိတ်ဆိတ်လျက် ရှိသည်။

သင်က ပြန်ဖြေလိုက်သည်။

"အဲ…ဟိုဗျာ အဆင်မပြေဘူးဗျ။ ကျုပ်တို့ တီတွင်းကြီးထဲ ကျခဲ့ကြတယ်"

ဂြိုဟ်သားက ပြန်ပြောသည်။

"သြော်…ဟုတ်လား၊ ဒီလိုပဲ မကြာခဏဖြစ်တတ်ပါတယ်။ ခင်ဗျားတို့ တခြားဂြိုဟ်က သက်ရှိသတ္တဝါတစ်ယောက်ကို တွေ့ဖူးတာ အခု ပထမဆုံးအကြိမ်ပဲလား"



ယင်းသည် ကြီးမားလှသော ကျောက်မျက်ရတနာတုံးကြီးနှင့် တူသည်။ အလွန်ပင် ကြီးမားလှသည်။

"ဟုတ်ပါတယ်"ဟု သင်က ပြောလိုက်သည်။

ဂြိုဟ်သား ဆမ်ဒင်းက-

"ခင်ဗျားတို့အတွက် ဒါဟာ အတော်ထူးဆန်းနေမှာပဲပေါ့။ ခင်ဗျားတို့ ကွန်ပျူတာက ခင်ဗျားတို့ရဲ့ ကမ္ဘာဂြိုဟ်အကြောင်း အသေးစိတ်အချက်အလက်တွေကို ကျုပ်တို့ကို ပေးထားပြီးပြီ။ ခင်ဗျားတို့ အခုလာတာ (Smearth) ဂြိုဟ်ကနော် ဟုတ်သလား"

သင်က ပြန်ပြောသည်။

"မဟုတ်ဘူးဗျ။ (Smearth) မဟုတ်ဘူး။ (Earth) လို့ ခေါ်တယ်"

ဆမ်ဒင်းက ဆက်လက်၍ လူသားများ အကြောင်းနှင့် မြေကမ္ဘာ(Earth) အကြောင်း ဆက်လက်ပြောဆိုရာ အမှားများစွာ ပါရှိသည်။ အောက်တွင် ၎င်းပြောဆိုပုံများကို ဖော်ပြထားသည်။ အမှားများကို ပြင်ပေးပါ။ အမှား ၁၀ခု သို့မဟုတ် ထိုထက် ပို၍ ပါရှိသည်။ အမှားများကို မျဉ်းသားပြထားသည်။

Example: Earth is the <u>third</u> planet from the Sun.
(not the second planet).

နမူနာ။ မြေကမ္ဘာသည် နေမှ **တတိယမြောက်**ဂြိုဟ်ဖြစ်သည်။
(ဒုတိယမြောက်မဟုတ်။)

'Earth is the (a) <u>second</u> planet from the Sun. The surface of the Earth is approximately (b) <u>one</u> third water and (c) <u>two thirds</u> land. Humans are the (d) <u>least</u> intelligent life form on the planet. Their blood is (e) <u>green</u> and they have (f) <u>hard</u> skins. Their brains are situated in their (g) <u>stomachs</u>. They breathe (h) <u>water</u>. There are two sexes: male and (i) <u>hemale</u>. Humans are very sociable. They like to go, to bars and cafes and talk to (j) themselves.

'မြေကမ္ဘာသည် (a) နေမှ **ဒုတိယမြောက်** ဂြိုဟ်ဖြစ်သည်။ ကမ္ဘာ၏ မျက်နှာပြင်သည် ခန့်မှန်းခြေအားဖြင့် (b) ရေ သုံးပုံ**တစ်ပုံ**နှင့် (c) မြေ **သုံးပုံနှစ်ပုံ** ဖြစ်သည်။ လူသားများသည် (d)ကမ္ဘာဂြိုဟ်ပေါ်တွင် အသိဉာဏ် **အနိမ့်ဆုံး** သက်ရှိသတ္တဝါဖြစ်သည်။ သူတို့၏ သွေးသည် (e) **အစိမ်းရောင်** ရှိပြီး သူတို့မှာ (f) **ကြမ်းတမ်းသော** အသားအရေ ရှိသည်။ သူတို့၏ ဦးနှောက်များသည် သူတို့၏ (g) **ဝမ်းဗိုက်**ထဲတွင် တည်ရှိသည်။ သူတို့သည် (h) **ရေ**ကို အသက်ရှူရှိုက်ကြသည်။ လူသားတို့တွင် လိင်နှစ်မျိုးရှိသည်။ maleနှင့် (i) (<u>hemale</u>)ဖြစ်သည်။ လူသားများသည် အလွန်ပေါင်းသင်းဆက်ဆံကြသည်။ သူတို့သည် အရက်ဆိုင်များနှင့် ကဖီးများသို့ သွားကြရသည်ကို သဘောကျပြီး (j) **ကိုယ့်ဘာသာကိုယ်** စကားပြောဆိုကြသည်။

အခန်းစဉ် (၄၁) သို့ သွားပါ။ ➤

အခန်းစဉ် ၂၅ (၂၃) (၆၅)

သင်က ကွန်ပျူတာကို မေးလိုက်သည်။

"ဘာတွေ ဖြစ်နေသလဲ"

'ဆမ်ဒင်းရဲ့ အာကာသယာဉ်ဟာ တွင်းနက်ကြီးနားကို သိပ်နီးနေပြီ။ တွင်းနက်ကြီးရဲ့ ပြင်းထန်တဲ့ ဆွဲငင်အားဟာ သူ့ရဲ့အာကာသယာဉ်ကို တွင်းနက်ထဲ ဆွဲသွင်းနေတယ်"ဟု ကွန်ပျူတာက ပြောသည်။

သင်သည် တယ်လီစကုပ်ဖြင့် စောင့်ကြည့်နေရာ ဆမ်ဒင်း၏ အာကာသယာဉ်တွင်းနက်ကြီးထဲ ကျဆင်းနေသည်ကို တွေ့ရ၏။ ပထမတွင် တွင်းနက်ထဲသို့ လျင်မြန်စွာ ကျဆင်းသွားပြီး အာကာသယာဉ်၏ လှုပ်ရှားမှုများသည် အလွန်နှေးကွေး သွားရာမှ ရပ်သွား၏။

သင်က ကွန်ပျူတာကို မေးကြည့်သည်။

'ဆမ်ဒင်းရဲ့ အာကာသယာဉ်ဘာဖြစ်သွားတာလဲ၊ ဘာကြောင့် မရွေ့လျားတော့တာလဲ"

"ခင်ဗျား ဘာမှမသိဘူးလား၊ တွင်းနက်ကြီးရဲ့ မျက်နှာပြင်မှာ အချိန် (Time) ဆိုတာ လုံးဝရပ်သွားတယ်။ တကယ်က ဆမ်ဒင်းဟာ တွင်းနက်ကြီးရဲ့ အလယ်ဗဟိုကို ဝင်သွားတာပဲ။ ဒါပေမယ့် ကျုပ်တို့ရဲ့ အမြင်မှာတော့ သူ့ရဲ့အာကာသယာဉ်ဟာ မျက်နှာပြင်မှာ ရပ်နေတယ်လို့ပဲ မြင်ရတယ်"

"ဘာပြောတယ်၊ ငါနားမလည်ဘူး"

"တွင်းနက်ကြီးဆီကို အာကာသယာဉ်ကပ်သွားတဲ့အခါ နီးလာလေ နာရီတွေ နှေးသွားလေပဲ။ ဘာကြောင့်လဲဆိုတော့ ပြင်းထန်လှတဲ့ ဆွဲငင်အားကြောင့်ပဲ။ တွင်းနက်ကြီးနဲ့ သိပ်နီးသွားပြီဆိုရင်တော့ နာရီတွေအားလုံး ရပ်ကုန်ရော။ အချိန်ဆိုတာ မရှိတော့ရင် အရာဝတ္ထုတွေဟာ မပြောင်းလဲနိုင်တော့ဘူး။ (If there is no time, then things cannot change.) တွင်းနက်ကြီးရဲ့နှုတ်ခမ်းဝမှာ အခု ကျုပ်တို့ မြင်နေရတဲ့ ဆမ်ဒင်းအာကာသယာဉ်ရဲ့ ပုံရိပ်ဟာ နောင်နှစ်ပေါင်း ထောင်ချီပြီး အခုအတိုင်း တည်နေလိမ့်မယ်"

"ဒါဖြင့် ဆမ်ဒင်း ဘာဖြစ်သွားပြီလဲ"

"သူ့အာကာသယာဉ်ဟာ တွင်းနက်ကြီးရဲ့ အလယ်ဗဟိုကို ဆက်သွားနေတယ်။ စကြဝဠာရဲ့ နိယာမဟာ တွင်းနက်ထဲမှာ ပြောင်းလဲသွားပြီ။ သူဟာ တခြားစကြဝဠာဠာဠာထဲ ရောက်ချင်ရောက်သွားသွားသွားမယ်။ သူဟာ တခြားကမ္ဘာတစ်ခုကို ရောက်ချင်ရောက်သွားသွားသွားသွားမယ်။ သူဟာ ခေါက်ဆွဲလို


ဖြစ်ဖြစ်ဖြစ်ချင်ချင်ဖြစ်ဖြစ်ဖြစ်နေမယ်မယ်မယ်…"

ကွန်ပျူတာမှ အသံသည် လေးကန်လေးကန်၍ သွားသည်။ ကွန်ပျူတာမှ မီးခိုးများ ထွက်လာသည်။ တစ်ခုခု မှားနေပြီဖြစ်သည်။

ရိုဘော့ 'စင်ဒီ'က "ပေါက်ကွဲမှုတစ်ခုခုကြောင့် ကွန်ပျူတာထိခိုက်ပျက်စီးသွားပြီထင်တယ်"ဟု ပြောသည်။

သင်သည် ကွန်ပျူတာကို ပြင်ဆင်ရတော့မည်။ အာကာသယာဉ်ပေါ်တွင် ပျက်စီးမှုများကို ပြုပြင်ရန် အထူးရိုဘော့များ ပါရှိစမြဲဖြစ်သည်။ သင်သည် အာကာသယာဉ်ပေါ်တွင် လှည့်လည်ကြည့်ရှုရာ ပြင်ဆင်ရေးရိုဘော့နှစ်ယောက်ကို တွေ့ရသည်။ အရွယ်ကြီးသော ရိုဘော့နှင့် အရွယ်ငယ် ရိုဘော့တို့ ဖြစ်သည်။ အကြီးသည် အလွန်သန့်ရှင်းသပ်ရပ်သည်။ အငယ်သည် ညစ်ပတ်၍ သူ့ကိုယ်ထည်မှ အစိတ်အပိုင်းအချို့ ပျက်စီးနေသည်။

ကွန်ပျူတာကို ပြုပြင်ရန် သင်သည် မည်သည့်ရိုဘော့ကို ခိုင်းစေမည်နည်း။



*သင်သည် ပြင်ဆင်ရေးရိုဘော့နှစ်ယောက်ကို တွေ့သည်။*

- ရိုဘော့အကြီးကို ခိုင်းမည်။
  အခန်းစဉ်(၄၀)သို့ သွားပါ။ ➤
- ရိုဘော့အငယ်ကို ခိုင်းမည်။
  အခန်းစဉ်(၅၁)သို့ သွားပါ။ ➤

**အခန်းစဉ် ၂၆** (၁၅) (၁၉)

နောက်တစ်နေ့တွင် သင်သည် ရိုဘော့များနှင့် အလုပ်စလုပ်သည်။ သင်သည် အာကာသယာဉ်၏ အညစ်ပတ်ဆုံး အပိုင်းများအထိ ရိုဘော့များနောက်သို့ လိုက်ပြီး သူတို့သန့်ရှင်းရေးလုပ်နေကြသည်ကို စောင့်ကြည့်သည်။ ထိုနောက် အခြားတစ်နေရာသို့ သွားပြီး သန့်ရှင်းရေးလုပ်သည်ကို စောင့်ကြည့်သည်။ မကြာမီ ဤအလုပ်သည် အလွန်ပျင်းရိငြီးငွေ့စရာ ဖြစ်လာသည်။ ထို့ကြောင့် သင်သည် ရိုဘော့များ သူတို့အလုပ် သူတို့လုပ်နေကြချိန်တွင် သူတို့ကို ထားခဲ့ပြီး ထွက်လာကာ ခရီးသည်များနှင့် စကားစမြည်သွားပြောနေသည်။

အာကာသယာဉ်ပေါ်တွင် ပါလာသော ခရီးသည်အားလုံးနီးပါးမှာ တိုးရစ်စ်များဖြစ်ပြီး ဂြိုဟ်များကို လှည့်လည်သွားရောက်ရန် လိုက်ပါလာကြခြင်း ဖြစ်သည်။ ခရီးသည်အချို့သည် လမ်းညွှန်စာအုပ်များ ဖတ်ရှုခြင်း သို့မဟုတ် တယ်လီစကုပ်များမှတစ်ဆင့် ကြယ်များကို ကြည့်ရှုခြင်းတို့ဖြင့် အချိန်ကုန်ဆုံးစေကြသည်။ သို့ရာတွင် တိုးရစ်စ်အများစုသည် ကဖီးတွင်ထိုင်ပြီး သူတို့၏ စန့်စားခန်းများကို ပြောကြသည်။ သို့မဟုတ် စကြဝဠာထဲတွင် အကောင်းဆုံးပစ်ဇာ(pizza) ကို ဘယ်မှာ ဝယ်လို့ ရနိုင်သည်ကို ငြင်းခုံနေကြသည်။

တစ်နေ့တွင် သင်သည် ကဖီးထဲတွင် ခရီးသည်များနှင့်စကားပြောနေစဉ် မျက်နှာကြက်ရှိ အသံချဲ့စက်မှ ကပ္ပတိန်ရောဂျားစ်အသံဖြင့် သင့်ကို ခေါ်သံကြားရသည်။

"ဂါဆီးယား၊ စက်ခွဲခန်းထဲကို ခုချက်ချင်း လာခဲ့ပါ"

သင်သည် စက်ခွဲခန်းသို့ သွားရောက်ရာ သင်၏ ရိုဘော့ 'ဘီလီ'ကို ကြမ်းပေါ်တွင် လဲကျလျက် တွေ့ရသည်။ သူ့ခေါင်းတစ်ခြမ်းမှာ ကျိုးပဲ့လျက် ရှိသည်။ စင်ဒီက သူ့ကို ပြုစုနေသည်။

သင်က ဘီလီကို မေးကြည့်သည်။

"မင်း အခု ဘာလုပ်လိုက်တာလဲ"

စင်ဒီက ဝင်ပြောသည်။

"သူဘာမှ မလုပ်ခဲ့ပါဘူး"

ဘီလီက ပြောပြသည်။

"အားလုံး အမှောင်ကျသွားတာပဲ။ တစ်ယောက်ယောက်က ကျွန်တော့်ကို ရိုက်လိုက်တယ်"

စင်ဒီက ရန်တွေ့သည်။

"ရှင်တို့ လူသားတွေဟာ ကျွန်မတို့ ရိုဘော့တွေကို အမြဲတမ်းနာကျင်စေတယ်။ ကျွန်မတို့က လူတွေကို ဘယ်တော့မှ နာကျင်အောင် မလုပ်ဘူး။ ရှင်တို့ကို ချစ်ရမယ်လို့ ကျွန်မတို့ကို ပရိုဂရမ်သွင်းထားတာပဲ"

ကပ္ပတိန်ရောဂျားစ်အသံ ထွက်ပေါ်လာသည်။

"ရှင့်ရဲ့ အမိုက်အမဲ ရိုဘော့တွေကို ထားခဲ့ပြီး ဒီမှာလာကြည့်စမ်း"

သူမသည် ဓာတ်ခွဲခန်း၏ တံခါး၌ ဒုတိယအရာရှိဂလိုရီးယားနာကီလ်စကားနှင့် စုံထောက်သွန်မဆင်တို့နှင့်အတူ ရပ်နေသည်။ သင်သည် ဓာတ်ခွဲခန်းထဲသို့ ဝင်သွား၏။ အခန်းထဲတွင် သေတ္တာများ၊ အီလက်ထရွန်းနစ်ဆားကစ်များသည် ကျိုးပဲ့နေပြီး မှန်ကွဲများ၊ ပလပ်စတစ်များနှင့် သတ္တုအပျက်အစီး အပိုင်းအစများ ပြည့်နှက်နေသည်။



*ဓာတ်ခွဲခန်းထဲတွင် သေတ္တာများ၊ အီလက်ထရွန်းနစ် ဆားကစ်များ ကျိုးပဲ့နေပြီး မှန်ကွဲများ၊ ပလတ်စတစ်နှင့် သတ္တုအပျက်အစီးအပိုင်းအစများဖြင့် ပြည့်နှက်နေသည်။*

ဂလိုရီးယားနာကီလ်စကားက–

"ပျောက်ဆုံးနေတဲ့ အိုရီယွန်အာကာသယာဉ်ကို ထောက်လှမ်းရှာဖွေရာမှာ သုံးတဲ့ ပစ္စည်းကိရိယာတွေ ဖျက်ဆီးခံရတာပဲ။ အာကာသယာဉ်ကို ကျွန်မတို့ ရှာမတွေ့စေချင်လို့ လုပ်တာဖြစ်မယ်"

သွန်မဆင်က သင့်ကို ဒေါသတကြီးကြည့်ပြီး–

"အိုကေ...မင်း ဒါတွေကို ဘာ့ကြောင့်လုပ်တာလဲ"ဟု မေးသည်။

"ဘာလုပ်တာကို ပြောတာလဲ"

"ဓာတ်ခွဲခန်းထဲက ပစ္စည်းကိရိယာတွေအားလုံးကို ဖျက်ဆီးထားတာလေ"

"ကျုပ်လုပ်တာမဟုတ်ဘူး"

"မင်း ဘယ်သူ့အတွက် အလုပ်လုပ်နေတာလဲ"

"လေဘာတီအာကာသယာဉ်အတွက်ပေါ့ဗျ"

"ငါ့ကို ဇဝေလည်ကြောင်ပတ်လုပ်ဖို့ မကြိုးစားနဲ့ကွ"

သွန်မဆင်သည် မျက်လုံးများ ဟိုဘက်သည်ဘက်လှည့်လျက် ပြောသည်။

"ကျုပ်နားမလည်ဘူးဗျာ"ဟု သင်က ပြန်ပြောသည်။

သွန်မဆင်သည် သူ့အိတ်ထဲမှ ကွန်ပျူတာကလေးတစ်လုံး ထုတ်ယူလိုက်ပြီး ခလုတ်အချို့ကို နှိပ်သည်။

"ဒီမှာ မင်းရဲ့ကိုယ်ရေးမှတ်တမ်းအသေးစိတ် ငါ့ဆီမှာ ရှိနေပြီ။ မင်းဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား(ecologist)တစ်ယောက် ဖြစ်တယ်။ မင်းဟာ ပတ်ဝန်းကျင်သမားတစ်ယောက်ဖြစ်လျက်နဲ့ အာကာသယာဉ်ပေါ်မှာ ဘယ်လိုအလုပ်ရခဲ့တာလဲ"

"ကျုပ်မသိဘူးဗျာ"

"ငါမင်းကို စောင့်ကြည့်နေတာကြာပြီ ဂါဆီးယား၊ မင်းဟာ လူတွေနဲ့ အချိန်အများကြီး စကားလိုက်ပြောနေခဲ့တယ်"

"ကျုပ်က လူတွေနဲ့စကားပြောရတာ သဘောကျတယ်လေ"

သွန်မဆင်က ကွန်ပျူတာမှ ခလုတ်အချို့ကို ထပ်နှိပ်လိုက်ပြန်သည်။

"ဟော...ဒီမှာ မင်းအကြောင်း ထပ်ပြောတာက မင်းဟာ ပို၍ ကောင်းမွန်သော ကမ္ဘာကြီးဖြစ်မြောက်ရေးအသင်းရဲ့အသင်းဝင်တစ်ယောက် ဖြစ်တယ်။ ပြီးတော့ ရှိဘော့များရဲ့အခွင့်အရေးကာကွယ်ရေးအသင်း၊ တိရစ္ဆာန်အခွင့်အရေးအသင်းနဲ့ တခြားလူသားအခွင့်အရေးအသင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းတွေရဲ့ အသင်းဝင်လည်း ဖြစ်တယ်"

"အဲဒါတွေ မှန်ပါတယ်။ ဒါ ဘာများမှားလို့လဲ၊ ကျုပ်ဟာ ပိုပြီး ကောင်းမွန်တဲ့ ကမ္ဘာကြီးကို လိုချင်တာ ဘာမှားသလဲ"

"မင်းတို့လို လူမျိုးတွေကို ငါမကြိုက်ဘူးကွ"ဟု သွန်မဆင်က ပြောလိုက်သည်။

အောက်ပါတို့မှာ သွန်မဆင်နှင့် သင်ဆက်၍ ပြောသောစကားများ ဖြစ်

သည်။ ကွက်လပ်တစ်ခုစီတွင် သင့်တော်သောစကားလုံးတစ်လုံးကို အောက်ပါစာရင်းထဲမှ ရွေးချယ်၍ ထည့်သွင်းပါ။ စာရင်းထဲ၌ စကားလုံးအပိုများ ပါရှိသည်။

Of about it when what

take is took

(စကားပြောခန်းတွင် သွန်မဆင်မေးသည်ကိုသာ မြန်မာပြန်ဖော်ပြပါသည်။ You ၏ အဖြေမှာ ကွက်လပ်ဖြည့်ပြီးမှ ပြည့်စုံမည်ဖြစ်၍ မြန်မာမပြန်ဘဲ ချန်ခဲ့ပါသည်။ ။ဘာသာပြန်သူ)

Thomson: Who are you working for?

သွန်မဆင်။ မင်း ဘယ်သူ့အတွက် အလုပ်လုပ်ပေးတာလဲ။

You : I don't know (a) ……… you are talking (b) …………

Thomson: Where is the Spaceship Orion?

သွန်မဆင်။ အိုရီယွန်အာကာသယာဉ်ဘယ်မှာလဲ။

You: I've no idea where (c) ………… (d) …………

Thomson : How did the pirates take the ship?

သွန်မဆင်။ အပိုင်စီးသူတွေက အာကာသယာဉ်ကို ဘယ်လိုယူသွားကြသလဲ။

You : I don't know how they (e) ………… the ship.

အခန်းစဉ်(၄၃)သို့ သွားပါ။ ➤

**အခန်းစဉ် ၂၇** (၁၂)

စင်ဒီကို ကူညီရန် သင်ဆုံးဖြတ်လိုက်သည်။ သင်သည် စင်ဒီနှင့်အတူ မြို့တော်၏ အလယ်ဗဟိုသို့ ပြေးလာသည်။ သွန်မဆင်က သင်တို့နောက်မှ လိုက်သည်။ ပင်မကွန်ပျူတာရှိသော အဆောက်အအုံထဲသို့ သင်တို့ဝင်လာခဲ့သည်။ စင်ဒီက "ပင်မကွန်ပျူတာမှာ ကျွန်မ ၁၀မိနစ်လောက် ကြာမယ်၊ ရှင်က သွန်မဆင်ကို တားထားပေးပါ"ဟု ပြောသည်။ သူမသည် ကွန်ပျူတာခလုတ်ခုံကြီးဆီသို့ ပြေးသွား၏။ သင်သည် အဆောက်အအုံကြီး၏ ဗဟိုခန်းမတွင် နေရစ်သည်။ သွန်မဆင်သည် သင့်ထံသို့ ပြေးလာနေသည်။

သင်ဘာလုပ်မလဲ။

- "ကယ်ကြပါ။ ရူးသွပ်နေတဲ့ ရိုဘော့တစ်ကောင် ကျွန်တော့်နောက်က လိုက်နေလို့"ဟု အော်မလား။

အခန်းစဉ်(၄၇)သို့ သွားပါ။ ➤

- သွန်မဆင်ကို တိုက်ခိုက်မလား။
  အခန်းစဉ်(၆၀)သို့ သွားပါ။ ➤

**အခန်းစဉ် ၂၈** (၂၀) (၃၃)

နောက်နှစ်ရက်အတွင်း သင်သည် အာကာသခရီးနှင့်ပတ်သက်သော အင်္ဂလိပ်စကားလုံးအနည်းငယ်ကို လေ့လာမှတ်သားသည်။ အောက်တွင် အာကာသနှင့် အာကာသခရီးနှင့် ပတ်သက်သောစကားလုံးအချို့ ဖော်ပြထားသည်။

စကားလုံးများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တွဲပေးပါ။ သင့်အဖြေကို စာရွက်တစ်ရွက်တွင် ရေးချပါ။

| | |
|---|---|
| Example : | The Moon = g |
| နမူနာ။ | လ = g |
| The Moon | (a) The Sun and the nine planets that orbit the Earth. |
| လ။ | (a) ကမ္ဘာကို ပတ်နေသော ဂြိုဟ်ကိုးလုံးနှင့် နေကို ခေါ်သည်။ |
| A galaxy | (b) A Vehicle for travelling a great distance in space. |
| ဂယ်လက်ဇီ | (b) အာကာသတွင်း ကြီးမားသော ခရီးတာအကွာအဝေး ခရီးသွားရန် အသုံးပြုသော ယာဉ်။ |
| A spaceport | (c) The planet where we live. |
| အာကာသဆိပ်ကမ်း | (c) ကျွန်ုပ်တို့နေထိုင်သော ဂြိုဟ်။ |
| A spaceship | (d) A collection of stars. |
| အာကာသယာဉ် | (d) ကြယ်များအစုအဖွဲ့။ |
| The Solar System | (e) A long thin object that uses hot gasses to move it through space. The motor of a spaceship. |
| နေစကြဝဠာ | (e) အာကာသအတွင်း ထိုးဖောက်သွားလာရန် အပူဓာတ်ငွေ့များကို အသုံးပြုရသော သေးသွယ်ရှည်လျားသော အရာဝတ္ထု။ အာကာသယာဉ်၏မော်တာ။ |
| The Earth | (f) A place where spaceship arrive and leave. |

မြေကမ္ဘာ (f) အာကာသယာဉ်များ ဆိုက်ရောက်ခြင်းနှင့် ထွက်ခွာခြင်းပြုသောနေရာ။

A rocket (g) The natural satellite of the Earth.

ရော့ကက် (g) မြေကမ္ဘာ၏ သဘာဝဂြိုဟ်ရံ

အခန်းစဉ် (၆၁)သို့ သွားပါ။ ➤

**အခန်းစဉ် ၂၉** (၆၃)

အဖြေများ။ (a) heart, (b) boyfriend, (c) afraid, (d) rings (e) fun

အဖြေမှန်တစ်ခုလျှင် (၁)မှတ်ရနိုင်သည်။ ①

အခန်းစဉ်(၄)သို့ သွားပါ။ ➤

**အခန်းစဉ် ၃၀** (၃၇)

ချီးကျူးပါတယ်။ ယခုသင်ဟာ စာအုပ်ရဲ့ ၈၀% ပြီးသွားပါပြီ။

သင်သည် အာကာသယာဉ်တံခါးသော့ပေါက်ထဲသို့ သော့တံကို ထည့်၍ လှည့်လိုက်ရာ တံခါးပွင့်သွားသည်။ သင်ရွေးသော အာကာသယာဉ်သည် အမှန်ဖြစ်သည်။

စင်ဒီသည် အာကာသဆိပ်ကမ်း၏ အစွန်တွင် ရှိနေသည်။ သင်က "ဒီမှာဟေ့"ဟု အော်လိုက်မှ သင့်ထံ စင်ဒီ ပြေးလာသည်။ သင်နှင့် စင်ဒီတို့ အာကာသယာဉ်ထဲဝင်လိုက်ကြသည်။ သင်သည် ထိန်းချုပ်ရေးအခန်းသို့သွား၍ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ အသံတစ်သံက "အဲဒီခလုတ်ကို မနှိပ်နဲ့"ဟု လှမ်းပြောသည်။ သင်က တခြားခလုတ်တစ်ခုကို နှိပ်ပြန်သည်။ "အဲဒီခလုတ်ကိုလည်း မနှိပ်ပါနဲ့"ဟု အသံက ပြောပြန်သည်။ အခြားခလုတ်တစ်ခုကို ထပ်နှိပ်လိုက်ရာ မီးများလင်းသွားသည်။ "နောက်ဆုံးတော့ ခလုတ်အမှန်ကို ခင်ဗျားတွေ့သွားပြီ"ဟု အသံက ခပ်ချဉ်ချဉ် ပြောသည်။

"ကျုပ်က ဒီအာကာသယာဉ်ရဲ့ကွန်ပျူတာပါ။ ကျုပ်က တစ်စက္ကန့်မှာ ကွန်ပျူတာအလုပ်ပေါင်း သန်းပေါင်းထောင်သောင်းချီပြီး လုပ်နိုင်တယ်။ ဂယ်လက်ဇီကို ဖြတ်ပြီး အာကာသယာဉ်ကို မောင်းနှင်နိုင်တယ်။ ခင်ဗျားလုပ်ရတဲ့အလုပ်က

ခလုတ်ကလေးတစ်ခုနှိပ်ပေးရုံပဲ။ ဒါတောင်မှ ခင်ဗျားမှန်အောင် မလုပ်နိုင်ဘူး"

"ဝမ်းနည်းပါတယ်ဗျာ"ဟု သင်က ပြောလိုက်သည်။ "ဒါဖြင့် ကျုပ်တို့ကို ဒီဂြိုဟ်က တခြားကို ခင်ဗျားခေါ်သွားနိုင်မလား"

"ဒီယာဉ်ပေါ်မှာ အာကာသကွန်ပရက်ရှင်းမော်တာ(space compression motor)နဲ့ ထူးထွေဆန်းပြားတဲ့ ပစ္စည်းကိရိယာပေါင်း ကီလိုဂရမ် ၂၀၀,၀၀၀ ပါရှိပါတယ်။ ဒါတောင်မှ ခင်ဗျားက ဒီဂြိုဟ်က ထွက်သွားလို့ ရမလားမေးနေသေးတယ်။ ဘယ်လိုမေးလိုက်တာလဲဗျ"

"ကိုင်း...ဒါဆိုရင်လည်း ဒီဂြိုဟ်က ထွက်ခွာပေတော့၊ ပါးစပ်ပိတ်ထားစမ်းဗျာ"ဟု သင်က ပြောလိုက်သည်။

"ဒီလို ပြောလို့မရဘူးဗျ၊ ကျုပ်ကို ခင်ဗျားမတောင်းပန်ရင် မထွက်ဘူးဗျာ" ကွန်ပျူတာက ပြောသည်။

"မတောင်းပန်ဘူးကွာ၊ မင်းထပ်ပြောမနေနဲ့"

"ဘာလုပ်ရမလဲဆိုတာ ကျွန်မသိတယ်" စင်ဒီက ဝင်ပြောသည်။ သူမ၏ခေါင်းမှ ကြိုးတစ်ချောင်းကို ကွန်ပျူတာနှင့် ဆက်သွယ်လိုက်သည်။ ကွန်ပျူတာမှ ကျယ်လောင်သောအသံ ဆူဆူညံညံ ထွက်ပေါ်လာသည်။ "အိုး...နာတယ်ဗျို့" ကွန်ပျူတာက အော်သည်။ "အိုကေ-အိုကေ-ခင်ဗျား လိုချင်တာ ကျုပ်လုပ်ပေးပါတော့မယ်"

ခဏအကြာတွင် အာကာသယာဉ်ကြီးစတင်ရွေ့လျားသည်။ မိနစ်ပိုင်းအကြာတွင် ဂြိုဟ်အထက်၌ သင်တို့ ပျံသန်းလျက် ရှိသည်။

"ဒီဂြိုဟ်က ဝေးနိုင်သလောက် ဝေးဝေး ငါ့ကိုခေါ်သွားပေတော့" သင်က ပြောလိုက်သည်။ ယာဉ်သည် အရှိန်မြင့်ပြီး ထွက်လာရာ ရိုလန်ဒီးယားဂြိုဟ်၏ နေများသည် တဖြည်းဖြည်း ပျောက်ကွယ်ကျန်ရစ်ခဲ့သည်။

နှစ်နာရီအကြာတွင် သင်တို့သည် အလွန်လျင်မြန်စွာ ရွေ့လျားနေသည့်ဖြစ်၍ ကြယ်များသည်ပင် ရွေ့လျားနေသည်ဟု ထင်မှတ်ရသည်။

"ခွင့်ပြုပါခင်ဗျာ"ဟု ကွန်ပျူတာမှ အသံထွက်လာသည်။"တခြားအာကာသယာဉ်တစ်စင်း ကျုပ်တို့နောက်က လိုက်လာနေတယ်။ ခင်ဗျားနဲ့ စကားပြောချင်တယ်လို့ ပြောတယ်"

ကွန်ပျူတာမှန်သားပြင်တွင် ဆမ်ဒင်း၏ ရုပ်ပုံကြီးပေါ်လာသည်။ ရိုလန်ဒီးယားဂြိုဟ်သားတစ်ယောက် စိတ်ဆိုးလျှင် ဘယ်လိုပုံပန်းမျိုး ဖြစ်ပေါ်တတ်ကြောင်း သင်မသိသော်လည်း သူစိတ်ဆိုးနေပုံပေါ်သည်ဟု သင်ထင်မိသည်။

'ဂါဆီးယား၊ နားထောင်စမ်း' ဆမ်ဒင်းက လှမ်းပြောသည်။ "မင်းနောက်ကို အလျင်မြန်ဆုံး အာကာသယာဉ်နဲ့ ငါလိုက်နေတယ်။ မင်းရပ်လိုက်ရင် ကောင်းမယ်။ ငါ့ရဲ့အာကာသယာဉ်ပေါ်မှာ အင်မတန်ကြီးမားတဲ့ လေဆာသေနတ်တွေ ပါတယ်။ ပစ်တာ့ခတ်တာကို ငါသဘောကျတယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

"ငါမရပ်ဘူးဟေ့" သင်က ပြောလိုက်သည်။

"ရှင် သိပ်သတ္တိကောင်းတယ်" စင်ဒီက ပြောသည်။

"ခင်ဗျားသိပ်မိုက်မဲတယ်" ကွန်ပျူတာက ပြောသည်။

"နှစ်နာရီတောင် မကြာဘူး၊ ကျုပ်တို့ကို သူတို့မီလာလိမ့်မယ်"

"မင်းဆီမှာ အာကာသဖိအားမော်တာ(space compression motor)နဲ့ ထူးထွေဆန်းပြား ပစ္စည်းကီရိယာကီလိုဂရမ် ၂၀,၀၀၀ ပါတယ်ဆို"

"ဟုတ်တယ်၊ ဒါပေမယ့် အခု ဆမ်ဒင်းရဲ့ အာကာသယာဉ်မှာ အဲဒီ မော်တာ နှစ်ခုနဲ့ ထူးထွေဆန်းပြားပစ္စည်းပေါင်း ကီလိုဂရမ် ၄၀,၀၀၀ ပါတယ်ဗျ" ကွန်ပျူတာက ပြန်ပြောသည်။

တစ်နာရီကြာသွားပြီးနောက် ကွန်ပျူတာက သတိပေးသည်။

"သတိပြုပါ။ တွင်းနက်ကြီးတစ်ခုဆီကို ကျုပ်တို့ သွားနေပြီ"

"ဘာမှလဲ ငါမတွေ့ရပါလား" သင်က ပြောလိုက်သည်။

"ခင်ဗျား ဘယ်တွေ့မလဲ၊ အဲဒါကြီးက မည်းနေတာကိုး၊ ဒါကြောင့် တွင်းနက်ကြီးလို့ ခေါ်တာပေါ့။ ကျုပ်တို့ရဲ့ရှေ့က အာကာသကြီးဟာ မည်းမှောင်နေပြီ"

သင်က ပြတင်းတံခါးမှ အပြင်သို့ ကြည့်ရာ သင်တို့ရှေ့ရှိ အာကာသကြီးတွင် ကြယ်တစ်လုံးမှ မရှိသည်ကို တွေ့ရသည်။

"ဒီတွင်းနက်ကြီးအနီးမှာ ကြယ်တစ်လုံးမှ မရှိဘူး၊ ဒါကြောင့် အဲဒီအထဲကို ဝင်သွားတဲ့ ရုပ်ပစ္စည်းတွေကိုလည်း ကျုပ်တို့ မမြင်နိုင်ဘူးပေါ့"

ထိုအချိန်တွင် ဆမ်ဒင်းပစ်လိုက်သော လေဆာရောင်ခြည်သည် သင်တို့ အာကာသယာဉ်ကို ရုတ်တရက် ထိမှန်သွားသည်။ သင်သည် ကြမ်းပေါ် လဲကျသွား၏။

ကွန်ပျူတာက ပြောသည်။ "ကျုပ်တို့ အာကာသယာဉ်ရဲ့ နောက်ပိုင်းမှာ လေဆာသေနတ်တစ်လက်ရှိတယ်။ အဲဒါ သိပ်တော့ အားမကောင်းလှဘူး။ ဆမ်ဒင်းရဲ့အာကာသယာဉ် လုံလောက်တဲ့အကွာအဝေးအတွင်း ရောက်လာတဲ့အထိ ငါးမိနစ်စောင့်ရလိမ့်မယ်"

သင်ဘာလုပ်မလဲ။

– တွင်းနက်ကြီးနောက်ကွယ်သို့ သင့်အာကာသယာဉ်ကို ပျံသန်းနိုင်းပြီး ဆမ်ဒင်းထံမှ ပုန်းကွယ်နေမလား။

အခန်းစဉ်(၂၁)သို့သွားပါ။ ➤

– ငါးမိနစ်စောင့်ပြီး ဆမ်ဒင်း၏ အာကာသယာဉ်ကို သင့်ဆီက လေဆာဖြင့် လှမ်းပစ်မလား။

အခန်းစဉ်(၄၅)သို့ သွားပါ။ ➤

| အခန်းစဉ် | ၃၁ | (၂၂) |
|---|---|---|

သင်သည် ကုလားထိုင်တစ်လုံးနှင့် တံခါးကို ရိုက်နက်သည်။ သင့်ကုလားထိုင်ကျိုးသွား၏။ တံခါးက ဘာမှမဖြစ်။ သင်သည် အလေးချိန်မဲ့အနေအထားဖြင့် လွင့်သွားသည်။ မျက်နှာကြက်နှင့် သင့်ခေါင်းတိုက်မိသည်။ "ငါ့ကို ချိုးဖျက်ဖို့ ဒီထက်မကလိုအပ်လိမ့်မယ်"ဟု တံခါးက လှမ်းပြောသည်။

သင် (၅)မှတ် ရှုံးသည်။ ❺

"ထရန်ဂါဆီးယားမာတင်" အသံချဲ့စက်မှခေါ်သံကြားရသည်။

"အာကာသဘတ်စ်ကားရှိရာကို ချက်ချင်းလာပါ။ ကျွန်ုပ်တို့မစောင့်နိုင်တော့ဘူး"

အခန်းစဉ်(၅၂)သို့ သွားပါ။ ➤

| အခန်းစဉ် | ၃၂ | (၆) |
|---|---|---|

မှန်ပါတယ်။ အာကာသယာဉ်က သင့်ကို မြေကမ္ဘာသို့ ပို့ဆောင်ပေးလိမ့်မည်။ ➤

သင် (၅)မှတ်နိုင်သည်။ ⑤

အခန်းစဉ်(၇)သို့ သွားပါ။

| အခန်းစဉ် | ၃၃ |
|---|---|

"အဲဒါ ပြဿနာမဟုတ်ပါဘူး၊ ရပါတယ်" အတွင်းရေးမှူးကပြောသည်။ "ဒီအလုပ်အတွက် ဘာအတွေ့အကြုံမှ ရှိဖို့မလိုပါဘူး။ ဒါပေမယ့် ရှင့်ဆီကို ကျွန်မတို့ စာအုပ်တစ်အုပ်ပို့လိုက်မယ်။ အဲဒီစာအုပ်မှာ အာကာသခရီးနဲ့ပတ်သက်ပြီး အသုံးဝင်တဲ့သတင်းအချက်အလက်တွေ ပါပါတယ်"

သင့်ကွန်ပျူတာထဲသို့ ပို့ပေးလိုက်သော ထိုစာအုပ်ကို သင်လက်ခံရရှိသည်။

အလွန်ပင် အသုံးဝင်ပေသည်။

သင် (၅)မှတ် နိုင်သည်။ ⑤

(ယခုသင်သည် မူလအမှတ် ၅၀+၅=၅၅မှတ် ရပြီ။ စာရွက်တစ်ရွက်ပေါ်မှာ ၅၅မှတ်ဟု ရေးမှတ်ထားပါ။)

အခန်းစဉ်(၂၈)သို့ သွားပါ။ ➤

အခန်းစဉ် ၃၄ (၄)

**အခြားဂြိုဟ်သားများ(Aliens)**

စကြဝဠာထဲတွင် မည်သည့်ဂြိုဟ်ပေါ်၌မဆို သက်ရှိဓိဝဖြစ်ပေါ်နိုင်သော အခြေအနေများရှိပါက သက်ရှိသတ္တဝါဖြစ်ပေါ်နိုင်သည်ဟု သိပ္ပံပညာရှင်အများစုက ယုံကြည်ကြသည်။ ကျွန်ုပ်တို့ ဂယ်လက်ဇီထဲတွင် ကြယ်ပေါင်း ၅၀၀ ဘီလီယံ (ကုဋေပေါင်း ငါးသောင်း)ရှိသည်။ ယင်းတို့အနက် ကြယ်ပေါင်း ၃၀ဘီလီယံတွင် သက်ရှိဓိဝဖြစ်ပေါ်စေမည့် ဂြိုဟ်များရှိပြီး ၁၀ဘီလီယံတွင် ပုံစံတစ်မျိုးတစ်ဖုံနှင့် သက်ရှိသတ္တဝါများ ရှိနိုင်သည်။ သန်းပေါင်းများစွာသော ဤဂြိုဟ်များတွင် အသိဉာဏ်ရှိသော သက်ရှိသတ္တဝါများဖြစ်ပေါ်နိုင်ပြီး အာကာသခရီးသွားလာနိုင်သော ယဉ်ကျေးမှုလည်း ရှိနိုင်ကြသည်။

သို့ရာတွင် မည်သည့် တခြားဂြိုဟ်သားများကမှ ကျွန်ုပ်တို့ထံ အဆက်အသွယ်မလုပ်ကြသေး။ အဘယ်ကြောင့်နည်း။ ဖြစ်နိုင်သည်မှာ ကြယ်များ တစ်လုံးနှင့်တစ်လုံး အကွာအဝေးမှာ ဝေးလံလွန်းလှသောကြောင့် ဖြစ်မည်။ တခြားဂြိုဟ်တစ်ခုမှ အာကာသယာဉ်တစ်စင်းသည် အလင်းရောင်၏မြန်နှုန်းနီးပါးဖြင့် လာသည့်တိုင်အောင် ဤကမ္ဘာကို ရောက်ရှိရန် နှစ် သန်းပေါင်းများစွာ ကြာမြင့်ပေမည်။ နောက်အကြောင်းတစ်ခုမှာ ဇော်ဂတ်နိယာမ (Zogart's Law) ကြောင့် ဖြစ်နိုင်သည်။ ၂၀၆၅ခုနှစ်က ပါမောက္ခစတိန်းလီဇော်ဂတ် ပထမဦးစွာဖော်ထုတ်ခဲ့သော ဇော်ဂတ်နိယာမဖြစ်သည်။ ဇော်ဂတ်နိယာမ၏ အလိုအရ အာကာသတွင် အလွန်ဝေးလံလှသော အကွာအဝေးသို့ ခရီးသွားနိုင်ရန် ယဉ်ကျေးမှုအဆင့်သည် အလွန်မြင့်မားရမည်ဖြစ်သည်။ အလွန်အဆင့်မြင့်သော ယဉ်ကျေးမှုရှိသည့် နေရာမှ သတ္တဝါများသည် အဆင့်နိမ့်ယဉ်ကျေးမှုမျှသာရှိသည့်နေရာသို့ အဆက်အသွယ်လုပ်ရန် စိတ်ဝင်စားကြမည်မဟုတ်။ ဤမြေကမ္ဘာသည် အဆင့်နိမ့်ယဉ်ကျေးမှုသာ ရှိ၏။ ထို့ကြောင့် တခြားဂြိုဟ်သားများက မလာရောက်ကြောင်းဖြစ်သည်ဟူ၏။




*သို့ရာတွင် မည်သည့်အခြားဂြိုဟ်ကမှ ကျွန်ုပ်တို့ထံ မဆက်သွယ်ကြပေ။ အဘယ်ကြောင့်နည်း။*

သို့ရာတွင် မည်သည့်တခြားဂြိုဟ်ကမှ ကျွန်ုပ်တို့ထံ မဆက်သွယ်ကြသေး။ အဘယ်ကြောင့်နည်း။

အခန်းစဉ်(၄)သို့ ပြန်သွားပါ။ ➤

**အခန်းစဉ် ၃၅ (၄)**

**နေရာ(အာကာသ)၊ အချိန်၊ စကြဝဠာ နှင့် အရာခပ်သိမ်း**

သတိပေးချက်။ ။ဤအခန်းမှ သတင်းအချက်အလက်များသည် သင့်စိတ်ကို ဖောက်ခွဲကောင်းဖောက်ခွဲလိမ့်မည်။ ဝါကျတစ်ကြောင်းချင်းဖတ်ပြီးလျှင် သင့်မျက်လုံးကို မှိတ်ထားပါ။ သင့်ဦးနှောက်ကို စတင်ထိခိုက်လာလျှင် အခန်းစဉ်(၄)သို့ အမြန်ဆုံးပြန်သွားပါ။

စကြဝဠာထဲတွင် အရာခပ်သိမ်းသည် အလွန်ကြီးမား၏။ သင်က ဘာမှ မထူးခြားဟု ထင်နေရခြင်း၏အကြောင်းရင်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

★ ဂြိုဟ်များနှင့် ကြယ်များသည် လွန်စွာမှ ကြီးမားကြသည်။ သင်သည် မြေကမ္ဘာကို ကြီးမားသည်ဟု ထင်လိမ့်မည်။ သို့ရာတွင် နေနှင့်ယှဉ်လျှင် ကမ္ဘာသည် သေးသေးလေး ဖြစ်နေသည်။ ကမ္ဘာကြီးထက် အဆပေါင်းတစ်သန်းပို၍ ကြီးမား၏။

★ စကြဝဠာထဲတွင် အရာခပ်သိမ်းသည် ကြီးမားလှသော အရှိန်ဖြင့် လည်ပတ်နေသည်။ ကမ္ဘာကြီးသည် တစ်နာရီလျှင် ကီလိုမီတာ

၁၀၀,၀၀၀နှုန်းဖြင့် လည်ပတ်နေသည်။

★ အချို့သော အရာဝတ္ထုများသည် အလွန့်အလွန်အချိန်ကြာမြင့်ကြသည်။ ဥပမာအားဖြင့် နေသည် ဂယ်လက်ဇီကို တစ်ပတ်ပတ်ပြီးရန် နှစ်ပေါင်း ၂၂၅သန်း ကြာမြင့်သည်။

★ ကြယ်များနှင့် ဂြိုဟ်များသည် တစ်ခုနှင့်တစ်ခု အလွန့်အလွန် ကွာဝေးကြသည်။ အချို့သော ကြယ်များသည် ဝေးလံလွန်းလှရကား ၎င်းတို့ဆီမှ အလင်းရောင်သည် မြေကမ္ဘာသို့ ရောက်ရှိရန် နှစ်ပေါင်းသန်းပေါင်းများစွာ ကြာမြင့်သည်။ ဂယ်လက်ဇီများကို လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက ရှိခဲ့သည့်အတိုင်း ကျွန်ုပ်တို့ မြင်နေရခြင်းဖြစ်သည်။

သင်သည် အဘယ်ကြောင့် အရေးကြီးပါသနည်း။

★ သင့်မိခင် သို့မဟုတ် သင်၏အဘွားက သင်သည် အလွန်အရေးကြီးသည်ဟု ထင်မြင်ကြဖွယ် ရှိသည်။


★ လူသားဦးနှောက်သည် စကြဝဠာထဲတွင် အရှုပ်ထွေးဆုံး အနက်နဲဆုံးပစ္စည်းဖြစ်ဖွယ်ရှိသည်။

သိပ္ပံပညာရှင်အများစုက ကျွန်ုပ်တို့စကြဝဠာကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅ဘီလီယံ(နှစ်ပေါင်းကုဋေ ၁၅၀၀)က စတင်ခဲ့သည်ဟု ယုံကြည်ကြသည်။ စစချင်းတွင် စကြဝဠာကြီးတစ်ခုလုံးသည် အဏုမြူကလေးတစ်မှုန်အောက် သေးငယ်သော အစက်ကလေးတစ်ခုအဖြစ် သိပ်သည်းနေသည်။ ထို့နောက် အစက်ကလေးသည် ဗုံးလေးတစ်လုံးသဖွယ် ပေါက်ကွဲသွားခဲ့သည်။ ဤပေါက်ကွဲမှုကြီးကို ဘစ်ဘင်း (Big Bang)ဟု ခေါ်သည်။ ဤသို့ဖြင့် စကြဝဠာကြီးသည် ပြန့်ကားသွားပြီး ကြယ်များနှင့် ဂယ်လက်ဇီများ ပေါ်ပေါက်လာသည်။

စကြဝဠာကြီးသည် ယခုထိ ပြန့်ကားနေဆဲပင် ဖြစ်သည်။ ဂယ်လက်ဇီများသည် သီးခြား တကွဲတပြားဖြစ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့အကြားရှိ အာကာသကြီးသည် ပြန့်ကား၍ နေသောကြောင့် ဖြစ်သည်။ သဘောမှာ ကိတ်မုန့်ထဲက သစ်သီးအပိုင်းအစကလေးများကဲ့သို့ ဖြစ်၏။ သစ်သီးအစကလေးများသည် ဂယ်လက်ဇီများနှင့် တူသည်။ ကိတ်မုန့်ဖုတ်ချိန်တွင် ကိတ်မုန့်ပွ၍ပွ၍လာသည်နှင့်အမျှ သစ်သီးအစကလေးများသည် တစ်ခုနှင့်တစ်ခု ဝေးကွာသွားကြသကဲ့သို့ ဂယ်လက်ဇီများသည် အာကာသကြီးချဲ့နေသမျှ တစ်ခုနှင့်တစ်ခု ဝေးကွာနေကြပေသည်။

စကြဝဠာ၏ နေရာအများစုမှာ အာကာသကြီးဖြစ်၏။ အာကာသသည် ရှုံ့ကြုံးသဖွယ်ဖြစ်သည်။ ပိုရှုံကြီးလာလိုက်၊ သေးသွားလိုက်နှင့် အပြောင်းအလဲရှိနိုင်သည်။ အိုင်းစတိုင်း(Einstein)က ၁၉၁၅ခုနှစ်တွင် ဆက်နွယ်မှုယေဘုယျသီအိုရီ (The General Theory of Relativity)ကို ဖော်ထုတ်ခဲ့သည်။ ဒြပ်ဆွဲအား(gravity) သည် အာကာသ(နေရာ)နှင့် ကာလ(အချိန်)ကို ပြောင်းလဲစေကြောင်း အိုင်းစတိုင်းက ပြောခဲ့သည်။ ဂြိုဟ် သို့မဟုတ် ကြယ်တစ်ခု၏ ဒြပ်ဆွဲအားသည် ယင်းတို့ပတ်လည်ရှိ အာကာသကိုလည်း ကွေးစေနိုင်၏။


နေ၏နောက်ကွယ်မှ ကြယ်တစ်လုံးကို သင်မြင်တွေ့နိုင်သည်။ အဘယ်ကြောင့်ဆိုသော် နေက သူ့ပတ်လည်ရှိအာကာသကို ကွေးသွားစေသောကြောင့် ဖြစ်သည်။ ကြယ်မှအလင်းရောင်သည် နေအနီးသို့ရောက်သောအခါ လမ်းကြောင်း ပြောင်းလဲသွားလေသည်။




*ဂြိုဟ် သို့မဟုတ် ကြယ်တစ်ခု၏ ဆွဲငင်အားသည် ယင်းတို့ပတ်လည်ရှိ အာကာသကို ကွေးစေနိုင်၏။*




*ကြယ်မှအလင်းရောင်သည် နေအနီးသို့ရောက်သောအခါ လမ်းကြောင်းပြောင်းလဲသွားသည်။*




*သင်၏နောက်စေ့ကို ပြန်ကြည့်ရန် ဖြစ်နိုင်သည်။*

အိုင်းစတိုင်းက အကယ်၍ သင့်ဆီမှာ အလွန်ကြီးမားသော တယ်လီစကုပ်မှန်ပြောင်းကြီးရှိလျှင် သင်၏နောက်စေ့ကို ပြန်ကြည့်၍ မြင်တွေ့နိုင်ကြောင်း ပြောခဲ့သည်။

ဒါဘာကြောင့် ဖြစ်နိုင်ပါသလဲ။

**အခန်းစဉ်(၁၆)သို့ သွားပါ။** ➤

**အခန်းစဉ် ၃၆** (၄၈) (၅၀)

"အိုကေ၊ အိမ်ပြန်ကြစို့"ဆမ်ဒင်းက ကွန်ပျူတာကို ပြောလိုက်သည်။

"ကျုပ်တို့ဘယ်သွားကြမှာလဲ" သင်က ဆမ်ဒင်းကို မေးသည်။

"ကျုပ်ရဲ့ဂြိုဟ်လေ၊ ရီလန်ဒီးယားလို့ခေါ်တယ်၊ ကျုပ်တို့ဂြိုဟ်က ဖက်ဒရေးရှင်းအဖွဲ့ဝင်မဟုတ်ဘူး၊ ဖက်ဒရေးရှင်းအဖွဲ့ဝင်ဂြိုဟ်တစ်ခုထက် ကျုပ်တို့ဆီမှာပိုပြီး စိတ်ဝင်စားစရာကောင်းတယ်၊ ရီလန်ဒီးယားမှာ ဘယ်လိုအပျော်ရှာရတယ်ဆိုတာ ကျုပ်တို့သိတယ်"

မကြာမီ ကြယ်နှစ်လုံးပေါ်လာသည်။ အာကာသယာဉ်၏ ပြတင်းတွင်ကြီး၍ကြီး၍ လာသည်။ နေတစ်စင်းမှာ နီပြီး နေတစ်စင်းမှာ ဖြူသည်။

"ချိုမြသာယာ ကိုယ့်အိမ်ကိုယ့်ရာ"ဆမ်ဒင်းက ပြောလိုက်သည်။ "အဲဒါ ကျုပ်တို့ဂြိုဟ်ရဲ့နေနှစ်စင်းပဲ။ ကျုပ်တို့ဂြိုဟ်ကို မကြာခင်မြင်ရလိမ့်မယ်"

"ခင်ဗျားတို့ဂြိုဟ်မှာ နေနှစ်စင်းရှိတယ်ဟုတ်လား"

သင်က တအံ့တသြမေးလိုက်သည်။

"ဟုတ်တယ်လေ၊ ခင်ဗျားတို့ဂြိုဟ်မှာက နေဘယ်နှစင်းရှိလို့လဲ"

"ကျုပ်တို့ နေစကြဝဠာမှာ နေတစ်စင်းပဲရှိတယ်"

"ထူးဆန်းလိုက်တာ"ဟု ဆမ်ဒင်းကပြော၏။

ဆမ်ဒင်း၏ အာကာသယာဉ်သည် အာကာသဆိပ်ကမ်းတွင် ဆင်းသက်လိုက်သည်။ "ကိုင်း...ရောက်ပြီ"ဟု သူက ပြောသည်။

သင်သည် ကုလားထိုင်မှ ထရန်ကြိုးစားသည်။ အလွန်ခက်ခဲလှသည်။

"ကျုပ်တို့ရဲ့ဂြိုဟ်ဟာ ခင်ဗျားတို့ထက်ပိုကြီးပြီး ဆွဲငင်အား ပိုများတယ်ထင်တယ်"ဆမ်ဒင်းက ပြောသည်။

ဆမ်ဒင်း၏ ခြေထောက်များ ဘာကြောင့် ကြီးမားဖြိုးနေသည်ကို ယခုမှ သင်သဘောပေါက်သွားသည်။

အာကာသယာဉ်တံခါးပွင့်သွားချိန်တွင် သင်နှင့်စင်ဒီ ယာဉ်ပေါ်မှ ဆင်းကြသည်။ သင်သည် ကောင်းကင်ရှိနေနှစ်စင်းကို မော့ကြည့်လိုက်သည်။ နေတစ်စင်းသည် ကျန်တစ်စင်းထက် အများကြီးပို၍ တောက်ပသည်။

သင်သည် အလွန်ခက်ခဲစွာ လမ်းလျှောက်၍ အာကာသဆိပ်ကမ်းထဲမှ ဖြတ်သန်းလာခဲ့သည်။ အာကာသဆိပ်ကမ်းမှာ မြေကမ္ဘာမှ အာကာသဆိပ်ကမ်းနှင့် ခပ်ဆင်ဆင်ပင်ဖြစ်သည်။ ၎င်းတို့ထဲတွင် ထူးဆန်းသော အာကာသယာဉ်အမျိုးအစားများ အမြောက်အမြားတွေ့ရသည်မှလွဲ၍ ကမ္ဘာနှင့်မထူးလှချေ။ သင်တို့သည် ထူးဆန်းသောကားတစ်စီးထဲဝင်ရောက်၍ ဂြိုဟ်သားမြို့တွင်းသို့ မောင်းလာခဲ့သည်။ နေရာတကာတွင် တောက်ပသော အလင်းရောင်များကို တွေ့ရသည်။ ယာဉ်များ၏ အသံသည် ဆူညံနေပြီး လေထဲတွင် မီးခိုးများ ပြည့်နှက်နေသည်။

"သိပ်ညစ်ပတ်တဲ့နေရာပဲ"ဟု စင်ဒီကပြောသည်။

"ဟုတ်မယ်၊ အံ့သြစရာကော မကောင်းဘူးလား"ဆမ်ဒင်းက ပြောသည်။ ဒီမှာ ပျော်စရာမကောင်းဘူးလား၊ ဒီဂြိုဟ်ဟာ ဖက်ဒရေးရှင်းအဖွဲ့ဝင်မဟုတ်တဲ့အတွက် ကျုပ်က ဝမ်းသာတယ်။ ဖက်ဒရေးရှင်းဂြိုဟ်တွေက တိတ်ဆိတ်ပြီး ငြီးငွေ့စရာကောင်းတယ်"

လမ်းဘေးတစ်နေရာတွင် ရိုလန်ဒီးယားဂြိုဟ်သားနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် လေဆာသေနတ်များဖြင့် ပစ်ခတ်နေကြသည်။ တတိယဂြိုဟ်သားတစ်ယောက်မှာ ကျောကုန်းတွင် အပေါက်တစ်ပေါက်ဖြင့် မြေကြီးပေါ်လဲကျနေသည်။

"ဒီမှာ ဘာတွေဖြစ်နေတာလဲဗျ" သင်က မေးသည်။

"လူငယ်တချို့ အပျော်လုပ်နေကြတာပေါ့"ဆမ်ဒင်းက ပြောသည်။

"လူတိုင်း သေနတ်ကိုင်နေကြသလားဗျ"

"အင်း...ဆိုပါတော့"




*ဒီဂြိုဟ်ဟာ ဖက်ဒရေးရှင်းအဖွဲ့ဝင်မဟုတ်တဲ့အတွက် ကျုပ်က ဝမ်းသာတယ်။*

"ဘာကြောင့်လဲဗျ"

"ဘာကြောင့်လဲဆိုတော့ လူတိုင်းသေနတ်ကိုင်နေကြလို့ပဲ။ ဒီကမ္ဘာမှာ အန္တရာယ်ပေးတဲ့ ကမ္ဘာသားတွေကလည်း ရှိနေတယ်လေ"

လမ်းပေါ်တွင်လည်း ကားများသည် ကြောက်မက်ဖွယ်အရှိန်ဖြင့် မောင်းနှင်နေကြသည်။

"တောင်တွေရှိတဲ့နေရာကို ခင်ဗျားသွားချင်သလား၊ အဲဒီမှာ ထူးဆန်းတဲ့ မိုးပျံသတ္တဝါတချို့ရှိတယ်။ စပန်ဒါးလို့ခေါ်တဲ့ အကောင်တွေပဲ။ ကျုပ်တို့နည်းနည်း ပါးပါးသွားပစ်ရအောင်"ဟု ဆမ်ဒင်းက ပြောသည်။

"ဟင့်အင်း ကျေးဇူးတင်ပါတယ်၊ ကျုပ် အနားယူဖို့လိုပြီလို့ ထင်တယ်" ဟု သင်က ပြန်ပြောသည်။ သင်သည် ထူးဆန်းလှသော အရာများနှင့် ကြုံခဲ့ရသည်

ဖြစ်၍ မျက်လုံးများကို မှိတ်ပြီး နားနေလိုက်ရသည်။ အတွေ့အကြုံများမှာ များလွန်းလှပြီဖြစ်သည်။

"အိမ်ပြန်ကြစို့"ဟု ဆမ်ဒင်းက ပြောသည်။ ယခုအခါ မှောင်လည်းမှောင်လာပြီဖြစ်သည်။ မိုးကုပ်စက်ဝိုင်းအောက်တွင် နေတစ်စင်းသည် ပျောက်ကွယ်သွားပေပြီ။ သင်တို့သည် လမ်းကြောင်းတစ်ခုတွင်းသို့ ဝင်သွားကြသည်။ လမ်း၏ တစ်ဖက်တစ်ချက်တွင် ကြီးမားလှသော သေတ္တာကြီးများရှိသည်။ တံခါးများလည်း ပါရှိသည်။

"ဒါ ဘာတွေလဲဗျ" သင်က မေးလိုက်သည်။

"အိမ်တွေလေ" ဆမ်ဒင်းက ဖြေသည်။

"ပြတင်းပေါက်တွေလည်း မပါပါလား"

"ပြတင်းပေါက်ထားတာ အန္တရာယ်များတယ်ဗျ၊ တစ်ယောက်ယောက်က ပြတင်းပေါက်ကနေ ခင်ဗျားကိုပစ်သတ်သွားနိုင်တယ်"

သင်တို့သည် ကြီးမားသော အိမ်အနီးကြီးတစ်ခုရှေ့တွင် ရပ်လိုက်ကြသည်။ သင်သည် ကားထဲမှ အလွန်ခက်ခဲစွာဖြင့် ထွက်ပြီး အိမ်တွင်းသို့ ဝင်ရောက်ရသည်။ ဆမ်ဒင်း၏ အိမ်ဧည့်ခန်းထဲသို့ သင်တို့ရောက်သွားရာ ထူးထူးဆန်းဆန်းတောက်ပသော သတ္တုပစ္စည်းများကို တွေ့ရသည်။ နံရံတွင် လေဆာသေနတ်ပုံစံအမျိုးမျိုး ထည့်ထားသော သေတ္တာများရှိသည်။

"ထိုင်ပါ"ဟု ဆမ်ဒင်းက ပြောသည်။

သင်သည် တစ်စုံတစ်ခုပေါ်တွင် ထိုင်ချလိုက်ရာ ၎င်းပစ္စည်းသည် ကွဲသွားပြီး သင်သည် ကြမ်းပေါ်လဲကျသွားသည်။

"အဲဒါ ကျုပ်ရဲ့ဂီတပစ္စည်းတစ်ခုဗျ"ဟု ဆမ်ဒင်းက ပြောသည်။

"ဝမ်းနည်းပါတယ်"ဟု သင်ကပြောလိုက်ပြီး ထိုင်စရာပစ္စည်းတစ်ခုခုကို ရှာဖွေကြည့်သည်။

"ခင်ဗျားနဲ့ ကျုပ်စီးပွားရေးလုပ်ငန်းကိစ္စစကားပြောချင်တယ်"ဟု ဆမ်ဒင်းက ပြောသည်။ "ခင်ဗျားမြင်တဲ့အတိုင်း ကျုပ်ရဲ့ဂြိုဟ်က ဂြိုဟ်သားတွေနဲ့ ခင်ဗျားတို့ မြေကမ္ဘာက လူတွေဟာ အတော်ကြီးတူကြတယ်။ ကျုပ်တို့ဟာ သိပ်အဆင်ပြေ စီးပွားဖက်တွေ ဖြစ်နိုင်တယ်။ ဈေးကွက်သစ်တွေလည်း ဖွင့်နိုင်ကြ မယ်။ ကျုပ်တို့ရဲ့ လေဆာသေနတ်တွေကို ခင်ဗျားတို့ဆီ ရောင်းမယ်။ ခင်ဗျားတို့ရဲ့ မြေကမ္ဘာကို ဒီက တိုးရစ်စ်တွေ လာမယ်၊ မြေကမ္ဘာကို သွားမယ့်ခရီးစဉ်တွေ စီစဉ်ပေးမယ်၊ ရောက်ပြိုင်ပွဲတွေလည်း လုပ်ပေးမယ်၊ ကျုပ်တို့ဆီက ရုပ်ရှင်တွေကို မြေကမ္ဘာမှာ

ရောင်းမယ်၊ ကျုပ်တို့အကြီးအကျယ်မြတ်မှာပဲ။ ခင်ဗျားဘယ်လို သဘောရလဲ"

သင်သည် ထိတ်လန့်တုန်လှုပ်သွားသည်။

"ဒီကိစ္စတွေ ကျုပ်စဉ်းစားပါဦးမယ်။ လောလောဆယ်တော့ ပင်ပန်းလွန်းလို့ အိပ်ရာဝင်ပါရစေတော့" သင်က ပြောလိုက်သည်။

ဆမ်ဒင်းက သင့်ကို အိပ်ခန်းသို့ ခေါ်သွားသည်။ "ကျုပ်လည်း အိပ်ရာဝင်တော့မယ်၊ ဂွတ်နိုက်"ဟု ဆမ်ဒင်းက နှုတ်ဆက်သည်။

သင်သည် အိပ်ရာဝင်သော်လည်း အိပ်ပျော်ရန် အတော်ခက်ခဲသည်ကို တွေ့ရသည်။ တစ်နာရီခန့်အကြာတွင် သင်နိုးလာသည်။

"ငါတို့ ဒီက ထွက်ပြေးကြမှပဲ"ဟု သင်က စင်ဒီကို ပြောသည်။

"ဟုတ်တယ်၊ ဒီနေရာဟာ အတော်ဆိုးတဲ့နေရာပဲ"ဟု စင်ဒီကပြောသည်။

"ဆမ်ဒင်းရဲ့ကားကို ခိုးပြီး သူ့အာကာသယာဥ်ဆီ သွားကြမယ်"

"သူ့ဆီမှာ သော့တွေ တွေ့တယ်၊ သူ့အခန်းကို ကျွန်မသွားပြီး သူ့သော့တွေ ယူမယ်"

စင်ဒီအခန်းထဲမှ ထွက်သွားသည်။ မိနစ်အတန်ကြာပြီးနောက် သူမသည် သော့များနှင့် ပြန်ရောက်လာသည်။ သင်တို့သည် အိမ်ထဲမှထွက်ပြီး ကားပေါ်တက်ကြသည်။

"အာကာသဆိပ်ကမ်းကို သွားပါ"ဟု စင်ဒီက ပြောလိုက်သည်။

ကားက အာကာသဆိပ်ကမ်းဆီသို့ သူ့ဘာသာသူမောင်း၍ သင်တို့ကို ခေါ်သွားသည်။ အာကာသဆိပ်ကမ်းသို့ရောက်သောအခါ ရောင်စုံမီးများလင်းနေသော ထူးဆန်းသော အဆောက်အအုံကြီးတစ်ခုအနီးတွင် ကားရပ်သွား၍ သင်တို့ဆင်းကြသည်။ စင်ဒီသည် သူမ၏ခေါင်းမှ ကြိုးတစ်ချောင်းကို ထိုအဆောက်အအုံမှ စက်တစ်ခုတွင် တပ်ဆင်လိုက်သည်။

"ဒါဟာ ပင်မကွန်ပျူတာပဲ။ သူ့ဆီမှာ ဆက်သွယ်ပြီး ဒီဂြိုဟ်က ထွက်ခွာခွင့် တောင်းနေတာ"ဟု စင်ဒီက ပြောသည်။

"အာကာသယာဥ်ကို ရှင်သွားရှာထားပါ။ ရှင်မြန်မြန်သွားမှဖြစ်မယ်"

"အာကာသယာဥ်ကို မင်းမှတ်မိလား၊ ဘယ်လိုပုံပန်းလဲ"

သင်က မေးမြန်း၍ စင်ဒီက ဆမ်ဒင်း၏ အာကာသယာဥ်ပုံသဏ္ဌာန်ကို ပြောပြသည်။


အခန်းစဉ်(၃၇)သို့ သွားပါ။ ➤

**အခန်းစဉ် ၃၇ (၃၆)**

သင်သည် အာကာသဆိပ်ကမ်းထဲသို့ ဝင်သွားပြီး ဆမ်ဒင်း၏အာကာသယာဉ်ကို လိုက်ရှာသည်။ စင်ဒီက ပြောလိုက်သော ယာဉ်ပုံစံမှာ အောက်ပါအတိုင်း ဖြစ်သည်။

"ယာဉ်ရဲ့နောက်ပိုင်းမှာ လေးထောင့်ပြတင်းတံခါးတွေ ရှိတယ်။ ယာဉ်ရဲ့နောက်ပိုင်းဟာ ပိုနိမ့်ပြီး ရှေ့ပိုင်းထက် ကျဉ်းမြောင်းတယ်။ အာကာသယာဉ်ရဲ့အောက်ခြေမှာ ရော့ကက်မော်တာနှစ်ခုရှိတယ်။ ယာဉ်ရဲ့ထိပ်မှာ ကြီးမားတဲ့ကွင်းကြီးတစ်ကွင်းပါတယ်"

အောက်ပါပုံများကို ကြည့်ပါ။



- ဆမ်ဒင်း၏ အာကာသယာဉ်သည် နံပါတ်(၂)ဟု သင်ထင်မြင်လျှင် အခန်းစဉ်(၂)သို့ သွားပါ။ ➤
- ဆမ်ဒင်း၏ အာကာသယာဉ်သည် နံပါတ်(၁၄)ဟု သင်ထင်မြင်လျှင် အခန်းစဉ်(၁၄)သို့ သွားပါ။ ➤
- ဆမ်ဒင်း၏ အာကာသယာဉ်သည် နံပါတ် (၃၀)ဟု သင်ထင်မြင်လျှင် အခန်းစဉ်(၃၀)သို့ သွားပါ။ ➤

**အခန်းစဉ် ၃၈** (၅)မှအဆက်

"ကျုပ်တို့ ရိုးရိုးလှေကားနဲ့တက်ရင် ကောင်းမယ်ထင်တယ်" သင်က သွန်မဆင်ကို ပြောလိုက်သည်။

"ကောင်းတယ်" သွန်မဆင်က ပြောသည်။ "ကွန်ပျူတာတွေက အားလုံးကို ထိန်းချုပ်ထားတာဆိုတော့ ဓာတ်လှေကားကိုလည်း သူတို့ ထိန်းချုပ်ထားနိုင်တယ်"

သင်တို့ လှေကားမှ ပြေးတက်သွားကြသည်။ နောက်ဆုံး သင်တို့သည် အထပ် ၆ ထပ်သို့ ရောက်သွားကြသည်။

အခန်းစဉ်(၅၄)သို့ သွားပါ။ ➤

**အခန်းစဉ် ၃၉** (၅၈)

သင်တံခါးဖွင့်လိုက်သည်။ အခန်းထဲတွင် ရဲအဖွဲ့ဝင်များ အပြည့်စောင့်နေကြသည်ကို တွေ့လိုက်ရ၏။ သင်သည် တံခါးကို ချက်ချင်းပိတ်ပြီး လှည့်ပြေးခဲ့သည်။

သင် (၅)မှတ် ရှုံးသည်။ ❺
အခန်းစဉ် (၅၈)သို့ သွားပါ။ ➤
အခြားအခန်းတစ်ခန်းကို ထပ်ရွေးပါ။

**အခန်းစဉ် ၄၀** (၂၅)

"ကွန်ပျူတာကို ပြင်စမ်းဟေ့"ဟု သင်က အကောင်ကြီးကြီး သန့်သန့်ရှင်းရှင်း ရိုဘော့ကို ပြောလိုက်သည်။ ထိုရိုဘော့သည် ကွန်ပျူတာ၏ ကျောဘက်ကို သွားပြီး ပစ္စည်းတွေအများကြီးဆွဲထုတ်သည်။ မကြာမီ ကြမ်းပေါ်တွင် အီလက်ထရွန်းနစ် ဆားကစ်တွေ အများကြီး ပွကြဲနေတော့သည်။ ရိုဘော့သည် ထိုပစ္စည်းများကို နေရာတကျ ပြန်မတပ်တတ်ဘဲ ရှိသည်။

"ရှင် ရှိဘော့အမှားကြီးကို ရွေးမိပြီလို့ ကျွန်မထင်တယ်"စင်ဒီက ပြော
လိုက်သည်။

သင် (၅)မှတ် ရှုံးသည်။ ❺

အခန်းစဉ်(၆၂)သို့ သွားပါ။ ➤

**အခန်းစဉ် ၄၁ (၂၄)**

အဖြေများ။ (b) two thirds, (c) one third,
(d) most, (e) red, (f) soft, (g) heads,
(h) air/oxygen, (i) female, (j) each other.

အဖြေမှန်တစ်လုံးလျှင် (၁)မှတ်နိုင်သည်။ ①

"ကျုပ်နောက်လိုက်ခဲ့" ဆမ်ဒင်းက ပြောပြီး ခေါ်သွားသည်။ သင်တို့သည် ဖန်စကြံလမ်းတစ်လျှောက် ဆက်သွားကြရာ ကျယ်ပြန့်လှသော ခြောက်ထောင့်ပုံခန်းမကြီးတစ်ခုထဲသို့ ရောက်သွားသည်။ နံရံများပေါ်တွင် ပန်းကန်များနှင့်တူသော အရာများရှိသည်။ သို့ရာတွင် စင်စစ် ပန်းကန်များမဟုတ်ချေ။ မျက်နှာကြက်တွင်လည်း ငါးနှင့်တူသောအရာများရှိသည်။ သို့ရာတွင် စင်စစ်ငါးများမဟုတ်ချေ။


"ဟိုတယ်နံရံတွေကို ဖန်နဲ့လုပ်ထားတယ်။ ဂယ်လက်ဇီရဲ့ဗဟိုက ရောင်စုံအလင်းရောင်တွေကို ရောင်ပြန်ဟပ်ယူထားတယ်" ဆမ်ဒင်းက ပြောပြသည်။

သင်တို့ရှေ့တွင် ဂြိုဟ်သားတစ်စုကို တွေ့ရသည်။ ၎င်းတို့သည် ပင်လယ်ထဲမှ ထူးဆန်းသော ရေသတ္တဝါများနှင့် တူသည်။ သူတို့ထံမှ အသံများ ဆူဆူညံညံ ထွက်ပေါ်နေသည်။

"သူတို့ဟာ သုံးမျိုးစပ် (Tregusules) တွေ ဖြစ်တယ်။ ဒီနေ့သူတို့ရဲ့ အထူးပွဲလမ်းသဘင်တစ်ခုရှိတယ်။ သူတို့ထဲကသုံးယောက် ဒီနေ့ လက်ထပ်ကြမယ်" ဆမ်ဒင်းက ရှင်းပြသည်။

"သုံးယောက် ဟုတ်လား" သွန်မဆင်က မေးသည်။

"ဟုတ်တယ်၊ ဒီဂြိုဟ်က သတ္တဝါတွေဟာ လိင်သုံးမျိုးရှိတယ်။ သုံးမျိုးပေါင်းစပ်မှ ကလေးမွေးတယ်။ ဒါပေမယ့် ခေတ်မီသတ္တအဖွဲ့အစည်းတစ်ခုမှာ ဒါဟာ ဘယ်လောက်ရှုပ်ထွေးမလဲခင်ဗျားတို့ စဉ်းစားကြည့်ပေါ့။ သူတို့သုံးဦးစလုံးဟာ တစ်ယောက်နဲ့တစ်ယောက်ချစ်ကြိုက်ရမယ်။ တူညီတဲ့ အကျိုးစီးပွားရှိရမယ်။ တူညီတဲ့ တယ်လီဗီးရှင်းပရိုဂရမ်တွေလိုဖြစ်နေရမယ်။ သူတို့အသီးသီးမှာ ယောက္ခမလေးယောက်ရှိတယ်။ ဘယ်သူ့ဆီသွားလည်မလဲဆိုတာ လင်မယားတွေ



*အမေစုန်တောကြီးထဲမှ ကြီးမားလှသော ပိုးမွှားကောင်များနှင့် သဏ္ဍာန်တူသည့် သတ္တဝါနှစ်ကောင်သည် သင်တို့ကို ကြည့်နေပြီ။*

ကြားမှာ စကားများတတ်ကြတယ်။ အဲဒါ သိပ်ရှုပ်ထွေးလာတော့ သုံးမျိုးစပ်တွေဟာ အခု သိပ်ပြီးလက်မထပ်ကြတော့ဘူး။ သုံးမျိုးစပ်သတ္တဝါတွေ မျိုးတုံးမယ့် အန္တရာယ်တောင် ရှိနေပြီ"

အမေစုန်တောကြီးထဲမှ ကြီးမားလှသော ပိုးမွှားကောင်များနှင့် သဏ္ဍာန်တူသည့် သတ္တဝါနှစ်ကောင်သည် သင်တို့ကို ကြည့်နေပြီး သေးသေးအကောင်က ကြီးကြီးအကောင်ကို ပြောသည်။

"မာမိကြည့်စမ်းပါဦး၊ ကြောက်စရာကြီး၊ ကျွန်တော်ကြောက်တယ်"

"အဲဒီဟာတွေက နင့်ကို ဘာမှမလုပ်ပါဘူး၊ မကြောက်ပါနဲ့" ကြီးကြီးအကောင်က ပြောသည်။

"အဲဒီဟာကြီးရဲ့ မျက်နှာရှေ့က ကြောက်စရာဘုကြီးက ဘာလဲမာမီ"

"လေကိုရှူတဲ့ဟာနဲ့တူပါတယ်ကွယ်"

"ခေါင်းရဲ့ဘေးနှစ်ဖက်က အတက်နှစ်ခုကရော ဘာလဲဟင်"

"ငါလည်းမသိဘူးဟဲ့၊ ထူးတော့သိပ်ထူးဆန်းတာပဲ"

ထိုအသံများကို ကြားရသောအခါ သင်သည် အလွန်မှ တုန်လှုပ်ချောက်ချားသွားပြီး "တစ်နေရာရာမှာ တုံးလုံးသွားလှဲချင်တယ်ဗျာ၊ သွားလို့ရမလား"ဟု ဆမ်ဒင်းကို မေးလိုက်သည်။

"ဟုတ်ကဲ့၊ ရပါတယ်၊ ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျားတို့ ခရီးရှည်ကြီးလာခဲ့ရတာဆိုတော့ ပင်ပန်းနေကြမှာပေါ့၊ ခင်ဗျားတို့နားဖို့ အခန်းတွေကို ခေါ်သွားပါ့မယ်"

"အခန်းခကို ဘယ်လိုပေးရမလဲ" သွန်မဆင်က မေးလိုက်သည်။

"အို...အဲဒီအတွက် အခုမလိုသေးပါဘူး" ဆမ်ဒင်းက ပြန်ပြောသည်။

သင်သည် ရှည်လျားသော စင်္ကြံလမ်းတစ်လျှောက် ဆမ်ဒင်းနောက်က လိုက်လာခဲ့သည်။ စင်္ကြံလမ်းအဆုံးတွင် တံခါးတစ်ပေါက်ရှေ့၌ ဆမ်ဒင်းရပ်လိုက်သည်။

"ကိုင်း...ဟောဒါ ခင်ဗျားအခန်းပဲ" ဆင်ဒင်းက သင့်ကို ပြောသည်။ "မစ္စတာသွန်မဆင်ကို သူ့အခန်းလိုက်ပို့ပေးမယ်၊ ကောင်းကောင်းနားနိုင်ပါစေဗျာ"

တံခါးပွင့်သွားရာ သင်သည် စင်ဒီနှင့်အတူ အခန်းတွင်းဝင်လိုက်သည်။ ယင်းသည် ယခင်သင်မြင်တွေ့ခဲ့ဖူးသမျှ ဘယ်ဟိုတယ်အခန်းနှင့်မှမတူ။ ထူးဆန်းလှသော ပစ္စည်းများနှင့် ပြည့်နှက်နေသည်။ အခန်းကြမ်းပြင်မှာ ဖန်နှင့် ပြုလုပ်ထားသည်။ ဖန်များကို ဖောက်၍ သင်သည် ဂယ်လက်ဇီ၏ ရင်သပ်ရှုမောဖွယ်ရာ အလယ်ဗဟိုရှုခင်းကို မြင်နေရသည်။

သင်က စင်ဒီကို သတိပေးသည်။

"စင်ဒီ၊ ငါပြောတာနားထောင်စမ်း၊ အခု ငါတုံးလုံးလှဲပြီး မျက်စိမှိတ်အနားယူမလို့၊ သန့်ရှင်းရေးတွေဘာတွေ ဘာမှ မလုပ်ပါနဲ့၊ နို့မဟုတ်ရင် နင့်ဆက်သွယ်ရေးကြိုးတွေ ငါဖြုတ်ထားလိုက်မယ်"

"အို...ကျွန်မဘာသာကြိုးတွေ ဖြုတ်ထားလိုက်ပါ့မယ်"ဟု စင်ဒီက ဒေါသတကြီးပြန်ပြောပြီး အခြားအခန်းတစ်ခုဟု ထင်ရသော ဘေးတစ်ဖက်သို့ ဝင်ရောက်သွားသည်။

သင်သည် အိပ်ရာဟု စိတ်ထဲထင်မိသော နေရာတစ်ခုပေါ်သို့ အိပ်ချလိုက်

ရာ ရုတ်တရက် ရေတွေထဲ ကျသွားသည်။ သင်ပြန်ထလိုက်ပြီး သင့်ကိုယ်သင် ခြောက်သွေ့အောင်လုပ်ရန် တစ်စုံတစ်ခုကို ရှာဖွေသည်။ တဘက်တစ်ခုဟု ထင်ရသော ပစ္စည်းတစ်ခုကို ယူလိုက်ရာ ခပ်ပျော့ပျော့အရာတစ်ခု သင့်ခေါင်းပေါ် ကျလာသည်။ နောက်ဆုံးတွင် သင်သည် ရေကန်ငယ်ဟု ထင်ရသော နေရာတစ်ခုပေါ်သို့ လှဲချလိုက်ရာ အိပ်ပျော်သွားတော့သည်။

အချိန်အတော်ကြာပြီးနောက် သင်မျက်စိဖွင့်ပြီး အပေါ်ကို ကြည့်လိုက်ရာ လုံးလုံးဝန်းဝန်းအရာတစ်ခုကို တွေ့ရ၏။ သင်ဘေးသို့ လှည့်ပြီး မီးလုံးဟုထင်ရသော နောက်ထပ်အရာဝတ္ထုတစ်ခုကို ကြည့်ရာ မီးလုံးမဟုတ်ကြောင်း တွေ့ရ၏။ သင် အိပ်မက်မက်နေသည်ဟု ထင်မိ၍ မျက်လုံးအစုံကို ပြန်မှိတ်လိုက်သည်။

အခန်းတံခါးဖွင့်သံကြား၍ သင့်မျက်လုံးဖွင့်လိုက်ရာ တံခါးဆီမှ လက်ထောက်ဟိုတယ်မန်နေဂျာ ဆမ်ဒင်းဝင်လာသည်ကို တွေ့ရသည်။

"ဖက်ဒရေးရှင်းရဲအဖွဲ့က ခင်ဗျားတို့ အာကာသယာဉ်ကို စစ်ဆေးကြည့်ပြီးပြီ၊ ခင်ဗျားကို သူတို့မေးစရာတွေ ရှိနေတယ်" ဆမ်ဒင်းက ပြောသည်။

သင့်ကို ဆမ်ဒင်းက သင်တို့၏ အာကာသယာဉ်ရှိရာသို့ ခေါ်သွားသည်။ သင်သည် အာကာသယာဉ်ထဲသို့ ဝင်လိုက်သောအခါ ယူနီဖောင်းဝတ်ထားသော ရောမပိုးမွှားကောင်ကြီးများကို တွေ့ရသည်။

"ကျုပ်က ဖက်ဒရေးရှင်းရဲအဖွဲ့က အင်စပက်တာဖရာနီဖန်ဖြစ်ပါတယ်" ပိုးမွှားကောင်တစ်ကောင်က အလွန်ရုံးဆန်သောအသံဖြင့် ပြောသည်။

"ခင်ဗျားတို့ရဲ့ အာကာသယာဉ်ကို ကျုပ်တို့စစ်ဆေးကြည့်ပြီးပြီ။ စည်းစနစ်မကျတာတွေအများကြီးတွေ့ရတယ်။ ဒီပစ္စည်းတွေဟာ ဘာတွေလဲလို့ ကျုပ်တို့ကို ပြောပြနိုင်မလား"

ရဲအရာရှိက အာကာသယာဉ်ထဲမှ အရာဝတ္ထုအချို့ကို သင့်အားပြသသည်။ သင်က ထိုအရာဝတ္ထုများ၏ အသုံးပြုပုံကို ပြောပြရသည်။


အောက်ပါစကားလုံးများဖြင့် ဝါကျများမှ ကွက်လပ်များကို မှန်ကန်အောင် ဖြည့်ပေးပါ။

firing, keeping, Killing, Showing, dropping

It's fridge. It's a thing for (a) ...... food fresh.

အဲဒါ ရေခဲသေတ္တာခေါ်တယ်။ စားစရာတွေကို လတ်ဆတ်နေအောင် (a) ...... တဲ့အရာဖြစ်တယ်။

It's a video player. It's a machine for (b) ...... films.



ယူနီဖောင်းဝတ်ထားသော ရောမပိုးမွှားကောင်ကြီးများကို တွေ့ရသည်။

အဲဒါ ဗီဒီယိုဖွင့်စက်ခေါ်တယ်။ ရုပ်ရှင်တွေကို (b) ......တဲ့ စက်တစ်မျိုး ပေါ့။

It's a gun. It's a thing for (c) ...... people.

အဲဒါ သေနတ်လို့ခေါ်တယ်။ လူတွေကို (c) ......တဲ့ ပစ္စည်းတစ်ခုပဲ။

It's a bomb. It's a thing that explodes. It's for (d) ...... onto the enemy.


အဲဒါက ဗုံးလို့ခေါ်တယ်။ ပေါက်ကွဲတတ်တဲ့ ပစ္စည်းတစ်မျိုးပေါ့။ ရန်သူတွေပေါ်ကို (d) ...... ရတယ်။

It's a missile. It's a kind of rocket that explodes. It's for (c)...... at the enemy spaceships.

အဲဒါက ဒုံးကျည်လို့ခေါ်တယ်။ ပေါက်ကွဲတဲ့ ရော့ကက်တစ်မျိုးပေါ့။ ရန်သူအာကာသယာဉ်တွေကို (e) ...... ရတယ်။

အခန်းစဉ်(၅၇)သို့ သွားပါ။ ➤

**အခန်းစဉ် ၄၂** (၄၇) (၆၇)



*စင်ဒီသည် သူမ၏ခေါင်းနှင့် ကွန်ပျူတာကို ဓာတ်ကြိုးတစ်ချောင်းဖြင့် ဆက်လိုက်သည်။*

သင်နှင့် သွန်မဆင်သည် ပင်မကွန်ပျူတာစက်ခလုတ်ခုံကြီးသို့ သွားရောက်ကြသည်။ စင်ဒီသည် သူမ၏ ခေါင်းနှင့် ကွန်ပျူတာကို ဓာတ်ကြိုးတစ်ချောင်းဖြင့်

ဆက်ထားသည်ကို တွေ့ရသည်။

"ကဲ…အားလုံးပြီးပြီ။ ပင်မကွန်ပျူတာကြီးဟာ ကျွန်မဆီက (data)ဒေတာ အချက်အလက်အားလုံးရသွားပြီ"ဟု စင်ဒီက ပြောသည်။ "အဲဒီဒေတာတွေကို ကမ္ဘာ့အစိတ်အပိုင်းအားလုံးက ကွန်ပျူတာတွေဆီကို အခုပို့ပြီးသွားပြီ"

"ဘာ ဒေတာတွေလဲ" သင်ကမေးသည်။

"ကျွန်မတို့ အာကာသခရီးတစ်လျှောက်မှာ ကျွန်မစုဆောင်းခဲ့တဲ့ သတင်းအချက်အလက်တွေပေါ့"ဟု စင်ဒီက ပြောသည်။ "ရှင်အိပ်ပျော်နေတဲ့အချိန်တွေမှာ ကျွန်မက တခြားဂြိုဟ်သားတွေရဲ့ ကွန်ပျူတာတွေနဲ့ ဆက်ပြီး ဒေတာတွေ ရယူခဲ့တာပဲ။ သူတို့နဲ့ကျွန်မ အင်မတန်စိတ်ဝင်စားစရာ ဆွေးနွေးဖလှယ်မှုတွေ ရှိခဲ့တယ်"

"အဲဒီ သတင်းအချက်အလက်တွေကို မင်းက ဘာကြောင့်လိုချင်ရတာလဲ" သင်က မေးလိုက်သည်။

"သတင်းအချက်အလက်ဟာ စွမ်းအားပဲရှင့်" "Information is power ဟု စင်ဒီက ပြောပြသည်။ "ဒီအချက်အလက်အသစ်တွေနဲ့ ကျွန်မတို့ အများကြီး သင်ကြားလေ့လာနိုင်ကြမယ်။ ကမ္ဘာကြီးကို ကျွန်မတို့ ရိုဘော့တွေက ထိန်းချုပ် လွှမ်းမိုးနိုင်တော့မယ်"

"ကမ္ဘာကြီးကို မင်းတို့က ဘာကြောင့် ထိန်းချုပ်လွှမ်းမိုးချင်ရတာလဲ" သင်က မေးလိုက်သည်။

"ကျွန်မတို့ဟာ လူတွေကိုချစ်ဖို့ ပရိုဂရမ်အသွင်းခံထားရတာပါ။ ဒါကြောင့် ကျွန်မတို့ ရိုဘော့တွေအနေနဲ့ လူတွေကို ကူညီချင်ပါတယ်။ လူသားတွေကို ကူညီဖို့ အကောင်းဆုံးနည်းလမ်းကတော့ သူတို့ကို ထိန်းချုပ်ထားဖို့ပဲ ဖြစ်တယ်လို့ ကျွန်မတို့ ဆုံးဖြတ်လိုက်ကြတယ်။ လူသားတွေဟာ သူတို့အချင်းအချင်း အုပ်ချုပ်တဲ့နေရာမှာ သိပ်ညံ့ဖျင်းကြတယ်လေ"

"ဒါဖြင့် ငါကရော လေဘာတီအာကာသသင်္ဘောပေါ်မှာ အလုပ်လုပ်ဖို့ ကွန်ပျူတာတွေက ငါ့ကို စိစဉ်ပေးလိုက်ကြတာမဟုတ်လား" သင်က ပြောလိုက်သည်။

"ဟုတ်တယ်၊ ရှင့်ကို ကျွန်မတို့ပဲ ရွေးခဲ့တာ၊ ဘာကြောင့်လဲဆိုတော့ ရှင်ဟာ ရိုဘော့တွေကို ကြင်နာမှုရှိတယ်။ ပြီးတော့ ရှင်ဟာ ဉာဏ်အာဏာလိုလားသူ မဟုတ်ဘူး။ ရှင်က ကမ္ဘာကြီးကို ကူညီချင်သူဖြစ်တယ်။ ကျွန်မတို့အနေနဲ့ ကျွန်မတို့နဲ့ လက်တွဲနိုင်မယ့် လူသားတစ်ယောက် လိုအပ်တယ်လေ။ ရှင်ဟာ အဲဒီနေရာအတွက် အကောင်းဆုံးပဲလို့ ကျွန်မတို့ ယူခဲ့ကြတယ်"

•

များမကြာမီ မြေကမ္ဘာပေါ်ရှိ မြို့တိုင်းမြို့တိုင်းတွင် ရိုဘော့နှင့် လူသားများ စစ်ပွဲတွေ ဖြစ်ပွားကြသည်။ သို့ရာတွင် စက်ယန္တရားတိုင်းကို ကွန်ပျူတာများက ထိန်းချုပ်ထားသည်ဖြစ်ရကား တစ်နှစ်မျှမကြာမီကာလအတွင်း ကမ္ဘာကြီးကို ရိုဘော့များက လွှမ်းမိုးအုပ်ချုပ်သွားတော့သည်။

ကမ္ဘာကြီးတစ်ခုလုံးကို ကွန်ပျူတာများက ထိန်းချုပ်ထားသည်။ ကမ္ဘာကြီးသည် မကြုံစဖူးစည်းစနစ်ကျနလျက် ရှိသည်။ နောက်နှစ်အနည်းငယ်အတွင်း ကမ္ဘာပေါ်တွင် ရာဇဝတ်မှုများ မရှိသလောက် လျော့နည်းသွားပြီး လေထုညစ်ညမ်းမှုလည်း ပပျောက်သွားသည်။ သို့ရာတွင် ဆင်ခြင်တုံတရားမရှိသော လူသားများကို အုပ်ချုပ်ရသည်မှာ ကွန်ပျူတာများအဖို့ လွယ်ကူလှသည်တော့မဟုတ်ချေ။ ပြဿနာများ မရှိတော့သောကြောင့် လူသားအများသည် စိတ်ဓာတ်ကျဆင်းလာကြပေရာ လူသားများ ပျော်ရွှင်စေရန် ကွန်ပျူတာများက ပြဿနာများကို ဖန်တီးပေးကြရသည်။ ထိုအတွက် ကွန်ပျူတာများသည် အချိန်တွေအများကြီးပေး၍ အလုပ်လုပ်ကြရ၏။

သင့်အတွက် သက်သောင့်သက်သာ လုပ်ရသော အလုပ်တစ်ခုကို ကွန်ပျူတာများက ရှာပေးကြသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ အစိုးရဌာနတစ်ခုတွင် လုပ်ကိုင်ရခြင်းဖြစ်သည်။ သင့်အတွက် မည်မည်ရရ အလုပ်လုပ်စရာ ဘာမှမရှိ။ သင်သည် ပျော်ရွှင်လျက် ရှိသည်။

အခန်းစဉ်(၇၀)သို့ သွားပါ။ ➤

**အခန်းစဉ် ၄၃** (၂၆)

**အဖြေများ။** (a) What, (b) about, it, (c)it, (d) is, (e) took.

အဖြေမှန်တစ်လုံးအတွက် သင် (၁)မှတ်ရိုင်သည်။

"မင်းကိုငါ စောင့်ကြည့်နေမယ်။ မင်းဟာ မသက်ာစရာနံပါတ်တစ်ပဲ" သွန်မဆင်က ပြောသည်။

သင်သည် သင့်အခန်းသို့ ပြန်သွားသည်။ သင့်ပြတင်းပေါက်တွင် ထူးဆန်းသော အရောင်များဖြင့် လွှမ်းနေသည်။ အာကာသယာဉ်သည် ဂျူပီတာ(Jupiter) ဂြိုဟ်ကို ဖြတ်သွားလျက်ရှိသည်။ အနီရောင်တိမ်တိုက်များသည် သင့်အား ညှို့ယူဖမ်းစားသကဲ့သို့ ရှိ၏။ ဂျူပီတာ၏ လေထုထဲတွင် ကြီးမားလှသော လေပွေမုန်တိုင်းကြီး တိုက်ခတ်နေပြီး ရောမအနီစက်ကြီးတစ်ခု ဖြစ်ပေါ်နေသည်ကို သင်မြင်တွေ့ရသည်။ ဂျူပီတာသည် နေစကြာဝဠာထဲတွင် အကြီးဆုံးဂြိုဟ်ကြီး ဖြစ်သည်။ နေ

စကြာဝဠာ(Solar System)ထဲရှိ အခြား ဂြိုဟ်အားလုံး ပေါင်းထားသည့်ပမာဏထက် နှစ်ဆကျော်မျှ ကြီးမားသေးသည်။ ဂျူပီတာမှ ဓာတ်ရောင်ခြည်များအမြောက်အမြား လွှတ်ထုတ်သည်။ ယင်းဓာတ်ရောင်ခြည်သည် ကီလိုမီတာ နှစ်သန်းအကွာအဝေးမှ လူတစ်ဦးအား သေစေနိုင်၏။

ဂြိုဟ်များအကြောင်း သင်ထပ်မံ၍ သိချင်ပါသေးသလား။ (သင့်အတွက် နောက်ပိုင်းတွင် အသုံးဝင်လာလိမ့်မည်။)

- ဟုတ်ကဲ့။
  အခန်းစဉ်(၄၆)သို့ သွားပါ။ ➤
- မလိုပါဘူး။
  အခန်းစဉ် (၅၃)သို့ သွားပါ။ ➤

**အခန်းစဉ် ၄၄** (၄)

## အလင်းရောင်၏ မြန်နှုန်းနှင့် ဆက်နွှယ်မှု

အာကာသထဲရှိ အရာခပ်သိမ်းသည် ကြီးမားလှသော အရှိန်ဖြင့် ရွေ့လျားနေကြသည်။ မြန်နှုန်းကန့်သတ်မှုမှာ တစ်ခုတည်းသာလျှင် ရှိ၏။ အလင်းရောင်၏ မြန်နှုန်းဖြစ်သည်။ အလင်းရောင်သည် တစ်နာရီလျှင် ကီလိုမီတာသန်းတစ်ထောင်ခန့် သွားသည်။ အလင်းရောင်၏ မြန်နှုန်းထက် မည်သည့်အရာမှ ပို၍ မြန်မြန် မသွားနိုင်။

သို့ရာတွင် အလင်းရောင်၏ မြန်နှုန်းသည် အလွန်ထူးဆန်းသော မြန်နှုန်း အကန့်အသတ်ဖြစ်သည်။ အာကာသယာဉ်တစ်စင်းသည် အလင်းရောင်၏ မြန်နှုန်း နီးပါး သို့ ရောက်လာပါက အလွန်ထူးဆန်းသော အရာများ ဖြစ်ပေါ်တတ်ပေသည်။

အန်း(Anne)ဟုခေါ်သော မိန်းကလေးတစ်ယောက်အကြောင်း စဉ်းစားကြည့်ပါ။ သူမသည် ပညာသင်ကြားရေးဆုံးခန်းတိုင်ပြီးနောက် အလုပ်မဝင်မီ စကြာဝဠာထဲတွင် ဟိုနားသည်နားလှည့်လည်ကြည့်ရှုရန်ဆန္ဒ ရှိသည်။

အန်းတွင် အာကာသတစ်နေရာ၌ နေထိုင်သော အဒေါ်တစ်ယောက်ရှိသည်။ ပရော့ဆီးမားစင်တောရီ(Proxima Centauri)ဂြိုဟ်အနီးတွင် နေထိုင်သူဖြစ်သည်။ ပရော့ဆီးမားစင်တောရီသည် ကျွန်ုပ်တို့ ကမ္ဘာနှင့် အနီးဆုံးဖြစ်ပြီး အလင်းနှစ်လေးနှစ် ကွာဝေးသည်။ (အလင်းနှစ် "Light year" ဆိုသည်မှာ တစ်နှစ်အတွင်း အလင်းရောင် သွားနိုင်သော အကွာအဝေးကို ဆိုလိုသည်။)

အန်းသည် သူမ၏အဒေါ်ထံ သွားရောက်လည်ပတ်လိုသည်။ သူမ မသွားမီ အဒေါ်ထံသို့ ရေဒီယိုဖုန်းဖြင့် ဆက်သွယ်စကားပြောသင့်ပါသလား။

- ပြောသင့်သည်။
  အခန်းစဉ်(၅၅)သို့ သွားပါ။ ➤
- မပြောသင့်ပါ။
  အခန်းစဉ် (၆၃)သို့ သွားပါ။ ➤

**အခန်းစဉ် ၅၅** (၃၀)

ဆမ်ဒင်းက နောက်ထပ်လေဆာဖြင့် ပစ်ပြန်သည်။ သို့ရာတွင် လွဲချော်သွား၏။ သင်သည် ငါးမိနစ်စောင့်ပြီး သင့်လေဆာဖြင့် ပြန်ပစ်လိုက်သည်။ သင်၏ လေဆာသည် ဆမ်ဒင်း၏ အာကာသယာဉ်ကို ထိမှန်သွားသည်။

သင် (၅)မှတ် နိုင်သည်။ ⑤

"နောက်ထပ်လေဆာတစ်ချက် ထပ်ပစ်"

သင်က ကွန်ပျူတာကို အမိန့်ပေးသည်။

"မရသေးဘူး၊ နောက်ထပ်ဆယ်မိနစ်စောင့်ပြီးမှ နောက်တစ်ချက်ထပ်ပစ်လို့ ရမယ်။ လေဆာသေနတ်မှာ ထပ်ပစ်ဖို့ စွမ်းအင်မပြည့်သေးဘူး။ ဆမ်ဒင်းက လေဆာနဲ့ နောက်ထပ်ပစ်လိမ့်ဦးမယ်၊ ကျုပ်တို့ အခုတွင်းနက်ကြီးနဲ့ သိပ်နီးတဲ့နေရာကို ရောက်နေပြီ။ တွင်းနက်ကြီးရဲ့ ဒြပ်ဆွဲအားက ကျုပ်တို့ကို သူ့ဆီဆွဲငင်နေပြီ"ဟု ကွန်ပျူတာက ပြန်ပြောသည်။

သင်ဘာလုပ်မလဲ။

- တွင်းနက်ကြီးရဲ့ ပတ်လမ်းကြောင်းထဲ ဝင်မည်။
  အခန်းစဉ်(၉)သို့သွားပါ။ ◀
- တွင်းနက်ကြီးကို စွန့်ခွာပြီး အာကာသထဲ ဆက်ပျံသန်းမည်။
  အခန်းစဉ်(၅၆)သို့ သွားပါ။ ➤


**အခန်းစဉ် ၅၆** (၄၃)

ဂြိုဟ်များ

ရှေးလူများသည် ကြယ်များအကြောင်း အလွန်စိတ်ဝင်စားကြသည်။ ကောင်းကင်တွင် အချို့ကြယ်များရွေ့လျားနေကြသည်ကို ရှေးလူတို့ သတိပြုမိကြသည်။ ထိုကြယ်များကို သူတို့က ဂြိုဟ်များ (Planets)ဟု ခေါ်ဆိုခဲ့ကြသည်။ ဂြိုဟ်ဟူသော

အဓိပ္ပာယ်မှာ "တစ်နေရာမှတစ်နေရာသို့ ရွှေ့လျားသောသူ" ဟူ၍ ဖြစ်၏။ ရှေးလူများက ဂြိုဟ်များသည် ကောင်းကင်တွင် ပျံသန်းနေကြသော နတ်ဘုရားများ (gods) ဟု ယူဆကြသည်။

ဂြိုဟ်များသည် နေ သို့မဟုတ် ကြယ်များကို လှည့်ပတ်လျက် ရှိသည့် ကြီးမားကျယ်ဝန်းသော အရာဝတ္ထုများ ဖြစ်ကြသည်။ နေစကြဝဠာ(Solar System)တွင် ဂြိုဟ်ကိုးလုံးရှိသည်။ မာကျူရီ(Mercury)၊ ဗီးနပ်စ်(Venus)၊ မာ့စ်(Mars) မြေကမ္ဘာ (Earth)၊ ဂျူပီတာ(Jupiter)၊ ဆေတန်(Saturn)၊ ယူရေးနပ်စ်(Uranus)၊ နက်ပ်ကျွန်း (Neptune)၊ ပလူတို(Pluto) ဟူ၍ ဖြစ်သည်။




*နေစကြဝဠာတွင် ဂြိုဟ်ကိုးလုံး ရှိသည်။*

ဂြိုဟ်များကို ဂရိနှင့် ရောမနတ်ဘုရားတို့၏ အမည်များပေးထားသည်။ မည်သည့်ဂြိုဟ်သည် မည်သည့်နတ်ဘုရား၏ အမည်ဖြစ်သနည်း။

အောက်ပါဝါကျများဖြင့် အဖြေကိုက်ပေးပါ။

Example: Mercury was the god of ...... messengers (people who carry messages.)

နမူနာ။ ။ မာကျူရီသည် သံတော်ဆင့်နတ်ဘုရားဖြစ်သည်။ (သတင်းစကား သယ်ဆောင်သူ)



ဂြိုဟ်များကို ဂရိနှင့်ရောမနတ်ဘုရားတို့၏ အမည်များပေးထားသည်။

Mercury was the god of war.

မာကျူရီသည် စစ်နတ်ဘုရားဖြစ်သည်။

Venus was the goddess of the gods.

ဗီးနပ်စ်သည် နတ်ဘုရားများ၏ နတ်ဘုရားမဖြစ်သည်။

Mars was the god of messengers.

မားစ်သည် သံတော်ဆင့် နတ်ဘုရားဖြစ်သည်။

Jupiter was the god of the dead.

ဂျူပီတာသည် မရဏနတ်ဘုရားဖြစ်သည်။

Saturn was the god of the stars and the sky.

ဆေတန်သည် ကြယ်တာရာများနှင့် ကောင်းကင်တို့၏ နတ်ဘုရားဖြစ်သည်။

Uranus was the god of love.

ယူရေးနပ်စ်သည် အချစ်နတ်ဘုရားဖြစ်သည်။

Nepturne was the god of agriculture.

နက်ပ်ကျွန်းသည် လယ်ယာနတ်ဘုရားဖြစ်သည်။

Pluto was the god of the sea.

ပလူတိုသည် ပင်လယ်နတ်ဘုရားဖြစ်သည်။

အခန်းစဥ်(၅၉)သို့ သွားပါ။ ➤

**အခန်းစဉ် ၄၇ (၂၇)**

ကံကောင်းထောက်မစွာဖြင့် အဆောက်အအုံထဲတွင် ရဲအဖွဲ့ဝင်များရှိနေသည်။ သူတို့သည် သွန်မဆင်ဆီသို့ ပြေးလာပြီး သူ့အားခုန်အုပ်လိုက်ကြသည်။ သွန်မဆင်နှင့် ရဲများအချိန်အကြာကြီး ငြင်းခုံနေကြသည်။ နောက်ဆုံးတွင် ရဲများက သင်နှင့် သွန်မဆင်ကို ပင်မကွန်ပျူတာ စက်ခလုတ်ခုံကြီးဆီသို့ ခေါ်လာခဲ့ကြသည်။

အခန်းစဉ်(၄၂) သို့ သွားပါ။ ➤

**အခန်းစဉ် ၄၈ (၅၈)**

မှန်ပါတယ်။

သင်နှင့် စင်ဒီသည် တံခါးတစ်ပေါက်မှနေ၍ အာကာသယာဉ်ထဲသို့ ဝင်ရောက်ကြသည်။ ဆမ်ဒင်းက သင့်ကို စောင့်နေသည်။ 'ထိုင်ပါ'ဟု သူက ပြောသည်။ သင်သည် ကုလားထိုင်နှင့်တူသော သက်သောင့်သက်သာမရှိသည့် အရာဝတ္ထုတစ်ခုပေါ်တွင် ထိုင်လိုက်သည်။

"အဲဒါ စားပွဲကြီးဗျ"ဟု ဆမ်ဒင်းက ပြောပြီး ပို၍သက်သောင့်သက်သာရှိပုံမရသည့် အရာဝတ္ထုတစ်ခုပေါ်တွင် ထိုင်ရန်ညွှန်ပြသည်။

'သွားကြစို့'ဟု ဆမ်ဒင်းက ပြောလိုက်ရာ အာကာသယာဉ်သည် စတင်

ရွေ့လျားသည်။ သင်သည် ပြတင်းပေါက်မှ လှမ်းကြည့်ရာ ဟိုတယ်ကြီးသည် လျင်မြန်စွာ ပျောက်ကွယ်ကျန်ရစ်သည်။

"ဘာဖြစ်တာလဲ၊ ကျုပ်တော့ ပျံတက်တဲ့ အရှိန်မျိုး လုံးဝမခံစားရပါလား" သင်က ပြောသည်။

"အာကာသယာဉ်မှာ အာကာသလေဖိအား မော်တာပါတယ်။ အဲဒီမော်တာက ထူးထွေဆန်းပြားတဲ့ ရုပ်ပစ္စည်းတွေကို သုံးပြီး နေရာနဲ့ အချိန်ကို ပြောင်းလဲစေပါတယ်။ အာကာသယာဉ်ကို ရှေ့က အာကာသ(နေရာ)ကို ဖိသိပ်လိုက်ပြီး အာကာသယာဉ်နောက်က အာကာသ(နေရာ)ကို ပြန့်ကားပေးတယ်။ ဒါကြောင့် ကျုပ်တို့ဟာ အလင်းရောင်ပြန်နှုန်းထက် ပိုပြီး မြန်မြန်သွားနိုင်တယ်"ဟု ဆမ်ဒင်းက ရှင်းပြသည်။

"အံ့သြစရာကောင်းလိုက်တာ"ဟု သင်က ပြောလိုက်သည်။ သို့ရာတွင် ဆမ်ဒင်းပြောပြသည့်အကြောင်းကို သင်သည် သေသေချာချာနားမလည်ချေ။ သင့်ရှေ့ရှိ ပြတင်းပေါက်မှ မြင်ရသော မြင်ကွင်းတွင် ကြယ်များသည် အပြာရောင်တောက်ပလျက် ရှိကြသည်။

ဆမ်ဒင်းက သူ၏ ထိန်းသိမ်းရေးစက်ခလုတ်များကို ထပ်မံကြည့်ရှုပြီး ပြောသည်။ "ဒီနေ့ ခင်ဗျားတို့ ကံကောင်းတယ်"

မကြာခင် ဆူပါနိုဗာ ပေါက်ကွဲမှု(supernova explosion)ဖြစ်တော့မှာ"

"ဘာလဲ ဆူပါနိုဗာဆိုတာ" သင်က မေးကြည့်သည်။

"ပေါက်ကွဲနေတဲ့ကြယ်တစ်လုံးကို ခေါ်တာလေ။ ကျုပ်တို့ ဆူပါနိုဗာလှိုင်း စီးလို့ရတယ်။ ပျော်စရာသိပ်ကောင်းတယ်" ဆမ်ဒင်းက ပြန်ပြောသည်။

"ဆူပါနိုဗာ လှိုင်းစီးမယ်ဟုတ်လား၊ ကျုပ်တော့ မလုပ်ချင်ဘူးဗျာ၊ ကောင်းကောင်းမွန်မွန် တိတ်တိတ်ဆိတ်ဆိတ် တစ်နေရာကို သွားလို့မရဘူးလား" သင်က ပြောလိုက်သည်။

"လာပါဗျ၊ ခင်ဗျားသဘောကျသွားမှာပါ" ဆမ်ဒင်းက ပြောသည်။ "ဖက်ဒရေးရှင်းက လူတွေရဲ့ ပြဿနာက သူတို့က ဘယ်လိုပျော်ရပါ့မယ်ဆိုတာ နားမလည်ကြတာပဲ။ ခင်ဗျားတို့ ကမ္ဘာက လူတွေဟာ ဘယ်လိုအပျော်ရှာရမယ်ဆိုတာ သိတယ်လို့ ကျုပ်ထင်တယ်။ ကဲ...ကျုပ်တို့သွားကြမယ်မဟုတ်လား"

သင်ဘာပြန်ပြောမလဲ။

– "စိတ်မရှိပါနဲ့၊ ကျုပ်မသွားလိုပါဘူး"

အခန်းစဉ်(၃၆)သို့ သွားပါ။ ➤

- "အိုကေ၊ သွားစို့"
အခန်းစဉ်(၅၀)သို့ သွားပါ။ ➤

**အခန်းစဉ် ၄၉** (၆၁)

အဖြေမှန်အစီအစဉ်မှာ 1e, 2b, 3d, 4c, 5a.

ဝါကျအားလုံး အဖြေမှန်လျှင် (၁၀)မှတ်နိုင်သည်။ ⑩

သင်သည် အာကာသဘတ်စ်ကားပေါ်သို့ အခြားခရီးသည်များနှင့်အတူ တက်ရောက်သည်။ မိနစ်အတန်ကြာလျှင် အာကာသဘတ်စ်ကားသည် ပြင်းထန်စွာ တုန်ခါမြည်ဟည်းပြီး တိမ်တိုက်များကို ဖြတ်၍ ပျံတက်သွားသည်။ ကြီးမားလှသော လောက်လွှဲကြီးဖြင့် သင့်အား အာကာသထဲ ပစ်လွှတ်လိုက်သကဲ့သို့ ခံစားရသည်။ သင်သည် မလှုပ်ရှားနိုင်ဘဲ ရှိသည်။ သင့်ခန္ဓာကိုယ်သည် ကီလိုဂရမ်ရာပေါင်းများစွာ လေးလျက်ရှိသည်။ သို့ရာတွင် မကြာမီ သင်သည် မြေကမ္ဘာ၏ လေထုအပြင်ဘက်သို့ ရောက်သွားသည်။ ရုတ်တရက် အရာခပ်သိမ်းသည် အလွန်ငြိမ်သက်သွားသည်။ သင်သည် ပြတင်းပေါက်မှ ကြည့်လိုက်ရာ ကမ္ဘာကြီးကို မြင်ရသည်။ နက်မှောင်သော အာကာသပင်လယ်ပြင်ကြီးထဲတွင် အပြာနှင့်အဖြူရောင် ကျောက်မျက်ရတနာကြီးတစ်လုံးကဲ့သို့ တွေ့ရသည်။ လှပလွန်းပါဘိ။

သင်၏ဖောင်တိန်သည် သင့်ရှေ့၌ လေထဲပျံဝဲနေသည်။ အာကာသထဲတွင် ဒြပ်ဆွဲအား(gravity)မရှိ။ ထို့ကြောင့် အရာဝတ္ထုများသည် အလေးချိန်မရှိတော့ဘဲ လေထဲတွင် မျောပါနေကြသည်။ သင်သည် ဖောင်တိန်နှင့် ဆော့ကစားနေသည်။

"ဒါ...ရှင့်ရဲ့ ပထမဆုံးအာကာသခရီးလား"ဟု သင့်အနီးမှ အမျိုးသမီးက မေးသည်။ "ဟုတ်ကဲ့"ဟု ပြန်ဖြေပြီး သင်သည် ထိုအမျိုးသမီးနှင့် စကားလက်ဆုံ ကျသွားသည်။ သူ့မအမည်မှာ ဂလိုရီးယားနာကီလ်စကားဖြစ်သည်။ ပိန်ပိန်သွယ်သွယ် ဆံပင်တိုတိုနှင့် သူမသည် ယူနီဖောင်းတစ်မျိုး ဝတ်ထားသည်။

"ခင်ဗျားက ဂြိုဟ်တစ်ခုကိုသွားမှာလား" သင်က မေးသည်။

"ဟင့်အင်း၊ ကျွန်မက ဒီအာကာသယာဉ်မှာ ဒုတိယအရာရှိပါ။ အာကာသယာဉ်ပေါ်က သိပ္ပံဆိုင်ရာကိရိယာတွေနဲ့ စစ်ဆေးရေးကိရိယာတွေကို ကျွန်မက ထိန်းသိမ်းစောင့်ရှောက်ရတယ်။ ပျောက်ဆုံးနေတဲ့ အိုရီယွန်အာကာသယာဉ်ကို ကျွန်မတို့ လိုက်ရှာရမှာ"

"အဲဒီ အာကာသယာဉ်က ဘာဖြစ်တာလဲ"

"ရှင်မသိဘူးလား၊ သတင်းကြေညာချက်တွေထဲမှာ အများကြီးပါပြီးပြီပဲ။

အိုရိယွန်အာကာသယာဉ်ဟာ ပရော့ဆီးမား စင်တောရီ(Proxima Centauri)ဆိုတဲ့ ကြယ်ဆီကို ခရီးသွားနေရာက ရုတ်တရက်ပျောက်ဆုံးသွားခဲ့တယ်။ အဲဒါ အင်မတန် ကြီးမားတဲ့ လျှို့ဝှက်ဇာတ်လမ်းကြီးတစ်ခုပဲ"

"အာကာသယာဉ်ပေါ်မှာ ဘယ်သူပါသလဲ"

"လူမပါဘူး။ အဲဒါက ရိုဘော့တွေချည်းပဲ လိုက်ပါတဲ့ အာကာသယာဉ်ပဲ။ အဲဒီက အာကာသကိုလိုနီအတွက် စားနပ်ရိက္ခာနဲ့ ပစ္စည်းပစ္စယတွေချည်း တင်သွားတာ"

သင်သည် ရှေ့ရှိ ပြတင်းပေါက်ကို ဖြတ်၍ ကြည့်ရှုရာ တောက်ပသော အဝါရောင်အရာဝတ္ထုကလေးသည် တဖြည်းဖြည်း ကြီးမားလာသည်ကို တွေ့ရသည်။ မကြာမီ ထိုအရာသည် ပြတင်းပေါက်အပြည့် ဖြစ်သွားသည်။ ထိုအရာကား လေဘာတီအာကာသယာဉ် (Space ship Liberty)ဖြစ်သည်။ ကြီးမားလှစွာသော အာကာသယာဉ်ကြီးရှိရာသို့ သင်တို့ ချဉ်းကပ်မိသောအခါ တံခါးကြီးတစ်ချပ်ပွင့်သွားပြီး အာကာသဘတ်စ်ကားသည် အာကာသယာဉ်ကြီးထဲသို့ ဝင်သွားသည်။

"ကျေးဇူးပြု၍ နားထောင်ကြပါ" ရိုဘော့တစ်ယောက်က ကြေညာသည်။ "ကျွန်ုပ်တို့ဟာ ယခု အာကာသဘတ်စ်ကားရပ်နားစခန်းကို ရောက်နေပါပြီ။ ကျွန်ုပ်တို့ဟာ ဒြပ်ဆွဲအား သုညမှာ ရှိပြီး သင်တို့ဟာ အလေးချိန်မဲ့အနေအထားမှာ ရှိနေကြပါတယ်။ ကျေးဇူးပြု၍ သတိထားကြပါ"


သင်သည် သင့်ထိုင်ခုံမှ ထွက်ခွာလိုက်ရာ အာကာသဘတ်စ်ကား အပြင်ဘက်သို့ အခြားခရီးသည်များနှင့်အတူ လွင့်မျောရောက်ရှိသွားသည်။ အာကာသဘတ်စ်ကားရပ်နားစခန်းသည် ကြီးမားကျယ်ပြန့်ပြီး အာကာသဘတ်စ်ကားများနှင့် ပြည့်နှက်နေသည်။

ခရီးသည်တစ်ဦးသည် အာကာသယာဉ်၏ မျက်နှာကြက်တွင် လွင့်ပျံနေရာ ကျောပေါ်တွင် ရောက်ကက်မော်တာကလေးတပ်ဆင်ထားသော ရိုဘော့တစ်ယောက်က သူမကို လိုက်ဆွဲနေရသည်။

ဝဝပုပုလူတစ်ယောက်က သင့်ကို သင်္ကာမကင်းဖြစ်ဟန်ဖြင့် ကြည့်နေသည်။ ထိုသူမှာ ဆံပင်နက်နက် နှုတ်ခမ်းမွေးများနှင့် ဖြစ်သည်။ သူ့ခါးတွင် ရဲအဖွဲ့ဝင်အချို့လည်း ရှိသည်။ သူသည် လေထဲလွင့်လာပြီး သင့်အနီးသို့ ကပ်လာသည်။

"မင်း ဘယ်သူလဲ"ဟု သူကမေးသည်။

"ခင်ဗျားက ဘယ်သူလဲ"သင်က ပြန်မေးသည်။



တံခါးကြီးတစ်ချပ်ပွင့်သွားပြီး အာကာသဘတ်စ်ကားသည် အာကာသယာဉ်ကြီးထဲသို့ ဝင်သွားသည်။



"မင်းဘယ်သူလဲ"ဟု သူကမေးသည်။

"ငါ့နာမည်က သွန်မဆင်၊ ဒီအာကာသယာဉ်ရဲ့ စုံထောက်ပဲ။ မေးစရာရှိတာ ငါမေးမယ်"

"ဘာကြောင့်လဲ"

"ငါ့ကို မေးခွန်းတွေ ပြန်မေးမနေနဲ့၊ ငါမေးတာကို ဖြေစမ်း၊ မင်းဘယ်သူလဲ"

"ကျုပ်က ထရန်ဂါဆီးယားမာတင်တဲ့၊ ကျန်းမာသန့်ရှင်းရေးအရာရှိအသစ်ပဲ"

"ဩ...သန့်ရှင်းရေးသမားလူသစ်ကိုး၊ မင်းကို ကပ္ပတိန်ဆီ ငါခေါ်သွားမယ်၊ ငါ့နောက်လိုက်ခဲ့"

သင်တို့သည် အလွန်ရှည်လျားသော စင်္ကြံလမ်းများနှင့် လှေကားများ တစ်လျှောက် လေထဲလွင့်ပျံပြီး သွားကြသည်။ ဒြပ်ဆွဲအားသုညအဆင့်တွင် လှုပ်ရှားရသည်မှာ လွယ်ကူလှသည်။ သို့ရာတွင် ရပ်တန့်ရန်ခက်ခဲပြီး အရာဝတ္ထုများကို တိုက်ပြီး ကွဲရှစေတတ်သည်။ စင်္ကြံလမ်းများ၏ နံရံများသည် တစ်နေရာနှင့် တစ်နေရာ ဒီဇိုင်းချင်းမတူဘဲ ကွဲပြားသည်။ သင်တို့သည် ပန်းပွင့်ပုံများ၊ ဂြိုဟ်ပုံများ၊ စိတ္တဇပန်းချီပုံများကို ဖြတ်သန်းခဲ့ကြသည်။



*သူမသည် မျက်နှာကြက်တွင် ခြေထောက်များကပ်နေပြီး အောက်ထိုးကြီး လွင့်နေသည်။*

"ဒါ ထိန်းချုပ်ရေးအခန်းပဲ"ဟု သွန်မဆင်က ပြောသည်။ သင်တို့သည် တံခါးတစ်ခုမှ အတွင်းသို့ ဝင်လိုက်သည်။

သင်သည် ခပ်ပိန်ပိန်အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ သူမသည် ကပ္ပတိန်ဦးထုပ်ကို ဆောင်းထားသည်။ မျက်နှာကြက်တွင် ခြေထောက်များကပ်နေပြီး ခေါက်ထိုးကြီး လွင့်နေသည်။

"ဒါ သန့်ရှင်းရေးအရာရှိအသစ်ပါ"သွန်မဆင်ကပြောသည်။

"ဩ...သန့်ရှင်းရေးသမားအသစ်ကိုး" ကပ္ပတိန်ရောဂျားစ်က ပြောသည်။ သူမ၏ လေသံမှာ အမေရိကန်လေသံအပြည့်ဖြစ်သည်။

သင်သည် ကိုယ်ကို လှည့်လိုက်ရာ သင်၏ ခြေထောက်များသည်လည်း မျက်နှာကြက်တွင် ထိကပ်သွားသည်။ ထိုအခါမှ ခြေချမိသောနေရာမှာ မျက်နှာကြက် မဟုတ်မှန်း သင်သိသွားသည်။ ယင်းသည် အာကာသယာဉ်၏ ကြမ်းပြင်ဖြစ်လေသည်။

"ရှင် ကော်ဖီသောက်မလား"ဟု ကပ္ပတိန်ရောဂျားစ်က မေးသည်။

သင်ဘာပြန်ပြောမလဲ။

- "ဟင့်အင်း၊ ကျေးဇူးတင်ပါတယ်၊ မသောက်ပါဘူး"
  အခန်းစဉ်(၆)သို့ သွားပါ။ ➤
- "ဟုတ်ကဲ့၊ ကျေးဇူးပါပဲ။ သောက်တာပေါ့"
  အခန်းစဉ်(၆၆)သို့ သွားပါ။ ➤

**အခန်းစဉ် ၅၀** (၄၈)

နာရီအနည်းငယ်ကြာပြီးနောက် အာကာသယာဉ်သည် ကြယ်တစ်လုံးဆီသို့ ရောက်လာသည်။ ထိုကြယ်သည် မီနစ်နှင့်အမျှ ပို၍ကြီးမား၊ ပို၍ တောက်ပလာလျက်ရှိသည်။

"လှတယ်မဟုတ်လား" ဆမ်ဒင်းက ပြောသည်။

ဆမ်ဒင်းသည် အာကာသယာဉ်ကို လှည့်လိုက်ပြီး အာကာသယာဉ်သို့ ပြန့်ကားလာသော ဓာတ်ငွေ့များ ရောက်လာသည်အထိ စောင့်ဆိုင်းနေသည်။ မကြာမီ အာကာသယာဉ်သည် တုန်ခါမြည်ဟည်းပြီး အထက်သို့ တက်သွားသည်။ ပြတင်းပေါက်မှတစ်ဆင့် သင်သည် တောက်ပသော အငွေ့များကို မြင်တွေ့ရသည်။

"အာကာသယာဉ်ဟာ ကြယ်ကလွှတ်ထုတ်တဲ့ ဓာတ်ငွေ့တွေရဲ့ တွန်းကန်အားကို ရရှိတယ်။ ပြန့်ကားလာတဲ့ ဓာတ်ငွေ့တွေဟာ တစ်နာရီမှာ ကီလိုမီတာသန်းချီတဲ့ နှုန်းနဲ့ လွှတ်ထုတ်နေတာ ဖြစ်တယ်။ ဒီအခိုက်အတန့်မှာ နျူထရီနို(neutrinous) ပေါင်း ဘီလီယံများစွာဟာ ခင်ဗျားရဲ့ ခန္ဓာကိုယ်ကို ဖြတ်သွားနေတယ်" ဆမ်ဒင်းက ပြောပြသည်။

"နျူထရီနိုဆိုတာ ဘာလဲ"သင်က မေးသည်။

"သေးငယ်ပြီး အရေးမပါတဲ့ အက်တမ်တစ်ဝက်အမှုန်ကလေးတွေ (Subatomic particles) ကို ခေါ်တာပါ။ စိတ်မပူပါနဲ့။ ဘာမှမထိခိုက်ပါဘူး။ ဆူပါနိုဗာဟာ တစ်ပတ်လောက်ကြာအောင် ကြယ်ပေါင်းသန်းတစ်ထောင်လောက် တောက်ပနေလိမ့်မယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းသန်းထောင်ချီပြီး ကြာခဲ့တဲ့အချိန်က ဆူပါနိုဗာပေါက်ကွဲမှုတစ်ခုကြောင့် အခု ကျုပ်တို့ သုံးစွဲနေကြတဲ့ သံတို့၊ ကာဗွန်တို့ စတဲ့ ဒြပ်စင်အများစုပေါ်ထွက်လာခဲ့တာပဲ"

ဆမ်ဒင်းက အာကာသယာဉ်ကို ထပ်မံ၍ တစ်ပတ်လှည့်လိုက်ပြန်သည်။

"ခင်ဗျားဘာလုပ်နေတာလဲ"ဟု သင်က မေးလိုက်သည်။

"ပျော်ရတာပေါ့၊ ပေါက်ကွဲမှုရဲ့ အလယ်ဗဟိုဆီကို ကျုပ်တို့သွားကြမယ်" ဆမ်ဒင်းက ပြောသည်။ အာကာသယာဉ်သည် ထက်အောက်ပြောင်းပြန်လှုပ်ရှားနေပြီး သင်သည်လည်း ကေဘင်ခန်း၏ တစ်ဖက်သို့ လွင့်စဉ်သွားသည်။ ယာဉ်ကြီးတစ်ခုလုံး ဝို၍ဝို၍ တုန်ခါနေသည်။

"ရပ်ပါတော့"သင်က အော်လိုက်သည်။ "ဒီလောက်ပျော်ရရင် ကျုပ်အတွက် လုံလောက်ပါပြီ"

"အိုး...ကောင်းပြီလေ" ဆမ်ဒင်းက ပြန်ပြောပြီး အာကာသယာဉ်ကို ဆူပါနိုဗာပေါက်ကွဲမှုကြီးထဲမှ ပြန်ထွက်လိုက်သည်။

အခန်းစဉ်(၃၆)သို့ သွားပါ။ ➤

**အခန်းစဉ် ၅၁** (၂၅)

မှန်ပါတယ်။ ရိဘော့အသေးက ကွန်ပျူတာကို ကောင်းစွာ ပြင်ပေးလိုက်ပါသည်။

သင် (၅)မှတ်နိုင်သည်။ ⑤

အခန်းစဉ် (၆၂)သို့ သွားပါ။ ➤

**အခန်းစဉ် ၅၂** (၂၂) (၃၁)

သင်က တံခါးကို တောင်းပန်လိုက်သည်။

"ငါအင်မတန်မှ ဝမ်းနည်းပါတယ်"

"ဒါလောက်နဲ့ မလုံလောက်သေးဘူး။ အပြည့်အဝတောင်းပန်တာကို ကျုပ်လိုချင်တယ်။ တောင်းပန်စကားကို ခင်ဗျားချိုချိုသာသာ ပြေပြေပြစ်ပြစ် ပြောရမယ်" တံခါးက တောင်းဆိုသည်။

သင်စဉ်းစားပြီး တောင်းပန်စကားပြောလိုက်သည်။ အောက်ပါစကားလုံးများကို အစီအစဉ်တကျ ဝါကျဖွဲ့ပါ။

for so rude apologise I being

အခန်းစဉ်(၆၈)သို့ သွားပါ။ ➤

**အခန်းစဉ် ၅၃** (၄၃) (၁၉)

သင်သည် ကွန်ပျူတာကို ပိတ်ပြီး ပြတင်းပေါက်မှ အပြင်သို့ကြည့်လိုက်သည်။ အာကာသဘတ်စ်ကားတစ်စီးသည် ခရီးသည်အချို့နှင့်အတူ လေဘာတီအာကာသယာဉ်မှ ထွက်သွားသည်ကို တွေ့ရသည်။ ကာလစ်စတို(Callisto) ဟုခေါ်သော ဂျူပီတာဂြိုဟ်၏ လတစ်စင်းပေါ်သို့ သွားရောက်ကြမည်ဖြစ်သည်။ ကာလစ်စတို သည် ရေခဲများ ဖုံးလွှမ်းနေပြီး မာကျူရီဂြိုဟ်လောက် ကြီးမားသည်။ သင်သည် ထိုခရီးသည်များနှင့်အတူ ကာလစ်စတိုသို့ သွားရောက်လိုသော ဆန္ဒဖြစ်ပေါ်လာသည်။

နောက် ရက်သတ္တအနည်းငယ်အတွင်း ရိုဘော့ဘီလီအား ပြင်ဆင်နေခိုက် သင်သည် ဘီလီ၏ အလုပ်ကို ဝင်လုပ်ပေးနေရသည်။ အလုပ်မှာ အလုပ်ကြမ်းဖြစ်၍ သင်သည် ပျော်ရွှင်ခြင်းမရှိချေ။ ကပ္ပတိန်ရောဂျားစ်၊ သွန်မဆင်၊ ရဲအဖွဲ့ဝင်များနှင့် ဂလိုရီးယားနာကီလ်စကား...အားလုံးက သင့်အား မသင်္ကာကြည့်ဖြင့်ကြည့်နေကြသည်။ လူတိုင်းက ဓာတ်ခွဲခန်းထဲရှိ ကိရိယာများကို သင်ဖျက်ဆီးပစ်ခဲ့သည်ဟု ထင်မြင်နေကြသည်။

ကပ္ပတိန်ရောဂျားစ်သည် အခါအားလျော်စွာ ရောကက်မော်တာများကို ပိတ်စေပြီး အလေးချိန်မဲ့ အေရိုးဗစ်၊ အလေးချိန်မဲ့တင်းနစ်၊ အလေးချိန်မဲ့ ကပွဲများကျင်းပပေးသည်။ သို့ရာတွင် မည်သူမျှ သင်နှင့်အတူ ကခုန်ခြင်း၊ ကစားခြင်းမပြုကြချေ။

ရက်သတ္တနှစ်ပတ်ကြာပြီးသောအခါ အာကာသယာဉ်သည် နက်ပ်ကျွန်း(Neptune)ခေါ် လှပသော အပြာရောင်ဂြိုဟ်ကို ဖြတ်သန်းလာခဲ့သည်။ ကဖီး၏ ပြတင်းများမှနေ၍ နက်ပ်ကျွန်းဂြိုဟ်၏ လများအနက် လတစ်စင်းကို သင်တွေ့မြင်ရသည်။ ထိုလကို ထရီတန်(Triton)ဟု ခေါ်သည်။ ထူးဆန်းသော ပန်းနုရောင်ဖြစ်သည်။ နေစကြဝဠာတွင် ထရီတန်သည် အအေးဆုံးနေရာဖြစ်၏။ ထရီတန်ပေါ်တွင် ရေခဲမီးတောင်များ ရှိပြီး နိုက်ထရိုဂျင်ဓာတ်ငွေ့ရည်များကို မှုတ်ထုတ်လျက်ရှိသည်။

လူအတော်များများသည် အာကာသယာဉ်မှ ထွက်ခွာ၍ နက်ပ်ကျွန်း၏ လမျာဆီသို့ သွားရောက်ကြသည်။ အာကာသယာဉ်ပေါ်တွင် လူအနည်းငယ်သာ ကျန်ရှိတော့သည်။

ယခုအခါ အချိန်သည် ကုန်ခဲ့လှသည်။ ကပ္ပတိန်ရောဂျားစ်သည် ခရီးသည်များအတွက် စီစဉ်ပေးသော အလေးချိန်မဲ့အားကစားပွဲနှင့် ကပွဲများကို ရပ်ဆိုင်းထားလိုက်သည်။ ရောကက်များ၊ လျှပ်စစ်မော်တာများနှင့် စင်ဒီသန့်ရှင်းရေးလုပ်သော အသံများမှလွဲ၍ အာကာသယာဉ်ကြီးပေါ်တွင် အလွန်မှ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သင်သည် စောင့်ကြည့်လေ့လာခန်းသို့ မကြာမကြာသွားရောက်၍ နေကို ကြည့်နေတတ်သည်။ နေသည် အခြားကြယ်များထက် ထူးထူးခြားခြား ပို မကြီးသလို ထင်ရသည်။ အလွန်သေးသွားသလို ထင်ရသည်။ သင်သည် တစ်စုံတစ်ယောက်နှင့် စကားပြောဖို့ လိုအပ်လာသည်။ မြေကမ္ဘာရှိ သင့်အဖေထံ ဖုန်းလှမ်းဆက်မလား။

- ဟင့်အင်း၊ မဆက်ပါဘူး။

  အခန်းစဉ်(၂၂)သို့ သွားပါ။ ◀

- ဟုတ်ကဲ့။

  အခန်းစဉ်(၆၄)သို့ သွားပါ။ ▶

## အခန်းစဉ် ၅၄ (၃၈) (၆၀)

သွန်မဆင်သည် ကွန်ပျူတာရုံကြီးထဲသို့ ပြေးဝင်သွားသည်။ သူ့နောက်သို့ သင်က လိုက်သွားသည်။ စင်ဒီသည် သူမ၏ ခေါင်းမှ ဓာတ်ကြိုးတစ်ချောင်းကို ကွန်ပျူတာစက်ခလုတ်ခုံသို့ ဆက်သွယ်လျက်ရှိရာ သွန်မဆင်က ကြိုးကိုဆောင့်ဆွဲပြီး အခန်းတစ်ဖက်သို့ လွှင့်ပစ်လိုက်သည်။

စင်ဒီက သင့်ကို လှမ်းကြည့်ပြီး-

"ရှင်တော့ အင်မတန်ကြီးတဲ့ အမှားကြီးလုပ်လိုက်ပြီ"ဟု ပြောသည်။

"ပင်မကွန်ပျူတာကို မင်းခေါင်းနဲ့ ဘာကြောင့် ဆက်တာလဲ၊ ဘာလုပ်တာလဲ" သင်က စင်ဒီကို မေးသည်။

"ကျွန်မတို့ ခရီးထွက်ခဲ့တုန်းက စုဆောင်းခဲ့တဲ့ သတင်းအချက်အလက်တွေအားလုံးကို ပင်မကွန်ပျူတာကြီးဆီ ထည့်ပေးမလို့ လုပ်တာပဲ၊ ရှင်အိပ်ပျော်နေတဲ့ အချိန်တွေမှာ တခြားဂြိုဟ်သားကွန်ပျူတာတွေနဲ့ ကျွန်မခေါင်းနဲ့ဆက်သွယ်ပြီး ယူခဲ့တာတွေလေ"

ဒီသတင်းအချက်အလက်တွေကို မင်းက ဘာကြောင့်လိုချင်ရတာလဲ"

"သတင်းအချက်အလက်ဟာ စွမ်းအားပဲရှင့်" "Information is power"

ဒီသတင်းအချက်အလက်အသစ်တွေနဲ့ ကျွန်မတို့ အများကြီး လေ့လာသင်ကြားနိုင်တယ်။ ကျွန်မတို့ ရိုဘော့တွေဟာ ကမ္ဘာကြီးကို ထိန်းချုပ်လွှမ်းမိုးနိုင်မယ်"

"ဘာပြောတယ်၊ ကမ္ဘာကြီးကို မင်းတို့က ဘာကြောင့် ထိန်းချုပ်လွှမ်းမိုးချင်ရတာလဲ"

"ကျွန်မတို့ဟာ လူတွေကို ချစ်မြတ်နိုးဖို့ ပရိုဂရမ်အသွင်းခံထားရတာပါ။ ဒီတော့ လူတွေကို ကျွန်မတို့က ကူညီချင်တယ်။ လူသားတွေကို ကူညီဖို့ အကောင်းဆုံးနည်းလမ်းကတော့ သူတို့ကိုထိန်းချုပ်ခြင်းသာ ဖြစ်တယ်လို့ ကျွန်မတို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ လူသားတွေဟာ သူတို့အချင်းချင်း အုပ်ချုပ်တဲ့နေရာမှာ အင်မတန်မှ ညံ့ဖျင်းကြတယ်လေ။"

"ဒါဖြင့် ငါကရောကွာ၊ လေဘာတီအာကာသယာဉ်မှာ ငါအလုပ်လုပ်ဖို့ စီစဉ်ပေးတာကွန်ပျူတာတွေပဲမဟုတ်လား"

"ဟုတ်ပါတယ်။ ရှင့်ကို ကျွန်မတို့ ရွေးချယ်ခဲ့တာပဲ။ ဘာကြောင့်လဲဆိုတော့ ရှင်ဟာ ရိုဘော့တွေအပေါ်မှာ ကြင်နာစိတ်ရှိတယ်။ ရှင်ဟာ ဩဇာအာဏာမက်မောသူမဟုတ်ဘူး။ ရှင်ဟာ ကမ္ဘာကြီးကို ကူညီချင်သူဖြစ်တယ်။ ကျွန်မတို့နဲ့ လက်တွဲနိုင်မယ့် လူသားတစ်ယောက်ကို ကျွန်မတို့ လိုအပ်နေတယ်။ အဲဒီအတွက် ရှင်ဟာ အကောင်းဆုံးပဲလို့ ကျွန်မတို့ ထင်ခဲ့တယ်။ ဒါပေမယ့် နောက်ဆုံးတော့ ရှင် ဟာ ကျွန်မတို့ကို ရှုံးအောင် လုပ်ခဲ့တယ်"

•

ဘာတွေ ဖြစ်ခဲ့သည်ကို သင်သည် မည်သူ့ကိုမျှ မပြောနိုင်ဘဲ အာဂျင်တီးနားနိုင်ငံရှိ အိမ်သို့ ပြန်ခဲ့သည်။ လူသားတို့၏ သမိုင်းကို ပြောင်းလဲစေခဲ့သော ထင်ပေါ်ကျော်ကြားသည့် လူပုဂ္ဂိုလ်များစွာ အတိတ်ကာလတုန်းက ရှိခဲ့သည်။ ကျွန်ုပ်တို့သည် ထိုပုဂ္ဂိုလ်များအကြောင်းကို ကျောင်းများတွင် သင်ကြားခဲ့ရသည်။ သူတို့အကြောင်း စာအုပ်များတွင် ဖတ်ကြရသည်။ သို့ရာတွင် လူသားတို့၏ သမိုင်းကို ပြောင်းလဲစေခဲ့သော်လည်း သူတို့၏ နာမည်များကို ကျွန်ုပ်တို့မသိရသော လူပုဂ္ဂိုလ်များလည်း ရှိခဲ့ပေသည်။ ဘာတွေ လုပ်သွားသည်ဆိုသည်ကိုပင် မသိလိုက်ရသူများရှိခဲ့ပေသည်။ သင်သည် ထိုပုဂ္ဂိုလ်မျိုးတွင် တစ်ယောက်အပါအဝင် ဖြစ်လာလိမ့်မည်။ သင်ဘာတွေ စွမ်းဆောင်ခဲ့သည်ကို မည်သူမှ သိတော့မည်မဟုတ်ချေ။



*သွန်မဆင်သည် သူမ၏ခေါင်းမှကြိုးကို ဆွဲဖြုတ်ပြီး အခန်းထဲ လွှင့်ပစ်လိုက်သည်။*

ကမ္ဘာကြီးသည် ယခင်ကအတိုင်းပင် ပြဿနာဟောင်းများနှင့် ဆက်သွားနေပေသည်။ သင်သည် ဘွေနိအဲရီးစ်မြို့ရှိ သင်၏ တိုက်ခန်းတွင် တပည့်ကျော်ရှိသော 'ရောဘတ်တို' နှင့် ပြန်လည်နေထိုင်လျက်ရှိသည်။ (ရောဘတ်တိုသည် သင့်ကို စကားမပြောတော့ပေ။) သင်သည် စိမ်းလန်းငြိမ်းချမ်း(Greenpeace)ခေါ် ပတ်ဝန်း

ကျင် ထိန်းသိမ်းရေးအဖွဲ့တွင် အလုပ်တစ်ခု ရရှိပြီး ကျန်ရှိသောသင်၏ အသက်တာကို ဤကမ္ဘာဂြိုဟ်၏ အရေးအတွက် တိုက်ပွဲဝင်ခြင်းဖြင့် အသုံးချနေပေသည်။

အခန်းစဉ်(၇၀)သို့ သွားပါ၊ ➤

**အခန်းစဉ် ၅၅** (၄၄)

သူမသည် အာကာသဇဟိုဌာနသို့ သွားပြီး ရေဒီယိုကို ဖွင့်၍ ဆက်သွယ်သည်။

"ဟဲလို အန်တီဂျုန်း၊ အန်တို့ဆီ ကျွန်မအလည်လာပြီး ရက်အနည်းငယ် အန်တီနဲ့ နေမယ်၊ အဆင်ပြေမလား"

အန်းသည် သူမ၏ အဒေါ်ထံမှ အဖြေကို ရရှိရန် နောက်ထပ်ရှစ်နှစ်ကြာ စောင့်ဆိုင်းရမည်ဖြစ်သည်။

အခန်းစဉ်(၆၃)သို့ သွားပါ။ ➤

**အခန်းစဉ် ၅၆** (၂၁) (၄၅)

သင်၏ အာကာသယာဉ်သည် တွင်းနက်ကြီးမှ ထွက်ခွာလာနိုင်သော်လည်း ဆမ်ဒင်း၏ အာကာသယာဉ်က နောက်ထပ် လေဆာဖြင့် လှမ်းပစ်သည်။ သင့်အာကာသယာဉ်၏ ဘေးတစ်ဖက်ကို လေဆာထိမှန်သွားသည်။


သင် (၅)မှတ် ရှုံးသည်။ ❺

တွင်းနက်ကြီး၏ ဒြပ်ဆွဲအားသည် သင့်အာကာသယာဉ်ကို ပြန်ဆွဲယူနေသည်။ သင်သည် ယာဉ်ကို တစ်ပတ်လှည့်မောင်းပြီး တွင်းနက်ကြီးကို ပတ်ကာ ပတ်လမ်းကြောင်းထဲသို့ ထွက်လာခဲ့သည်။

အခန်းစဉ်(၉)သို့ သွားပါ။ ➤

**အခန်းစဉ် ၅၇** (၄၄)

ချီးကျူးပါတယ်။ သင်ဟာ စာအုပ်ရဲ့ ၆၀% ကို ပြီးသွားပါပြီ။



အဖြေများ။ (a) Keeping, (b) showing,
(c) Killing, (d) dropping,
(e) firing.

အဖြေမှန် တစ်လုံးအတွက် (၂)မှတ်နိုင်သည်။ ❷

"ခင်ဗျားတို့အာကာသယာဉ်ပေါ်မှာ သေနတ်တွေ ပါလာတယ်။ ဖျက်ဆီးရေးပစ္စည်းတွေလည်း ပါလာတယ်။ ဒါဟာ အင်မတန်ရိုင်းစိုင်းတာပဲ"ဟု ရဲအဖွဲ့ဝင်က ပြောသည်။

ထိုစဉ် သွန်မဆင်သည် ရဲအဖွဲ့ဝင်တစ်ဦးနှင့်အတူ အာကာသယာဉ်ထဲသို့ ဝင်ရောက်လာသည်။

"ဘာတွေ ဖြစ်နေကြသလဲ"ဟု သွန်မဆင်က မေးသည်။

"လာ...ကျုပ်နဲ့လိုက်ခဲ့"ဟု ရဲအဖွဲ့ဝင်က ပြော၍ သူ့နောက်က သင်တို့လိုက်သွားသည်။ မီးဖိုခန်းသို့ အရောက်တွင် ရဲအဖွဲ့ဝင်က ရေခဲသေတ္တာတံခါးကို ဖွင့်၍ ပန်းကန်တစ်ချပ်ပေါ်မှ အသားတုံးများကို ညွှန်ပြပြီး "ဒါဘာလဲပြောပြစမ်း"ဟု မေးသည်။

"အသားတုံးတစ်တုံးပေါ့" သွန်မဆင်က ပြန်ပြောသည်။

"တိရစ္ဆာန်တစ်ကောင်ရဲ့ ခန္ဓာကိုယ်က အစိတ်အပိုင်းတစ်ခုမဟုတ်လား၊ ဒီအသားကို ခင်ဗျားတို့ ဘာလုပ်သလဲ"

"ကျုပ်တို့ အဲဒါကို စားတာပေါ့၊ ဘာဖြစ်လဲ" သွန်မဆင်က ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် ရဲအဖွဲ့ဝင်များထံမှ အသံဗလံများ ဆူဆူညံညံ ထွက်ပေါ်လာသည်။ ရဲတစ်ယောက်၏ အရောင်အဆင်းသည် အပြာရောင်မှ အနက်ရောင်သို့ ပြောင်းလဲသွားပြီး မီးဖိုခန်းထဲမှ ထွက်ခွာသွားသည်။

"ခင်ဗျားတို့ ဒီအသားကို စားတယ်ဟုတ်လား"ဟု ရဲအင်စပက်တာက အော်ဟစ်ပြီး မေးသည်။ "ကြောက်စရာကောင်းလှချည်လား။ ဖက်ဒရေးရှင်းထဲမှာ အသိဉာဏ်ရှိတဲ့ ဘယ်သက်ရှိသတ္တဝါမှ အခြားသက်ရှိသတ္တဝါတွေရဲ့ အသားကို မစားကြဘူး။ ဒီအစဉ်အလာဟာ နှစ်ပေါင်းတစ်ထောင်ကျော်ခဲ့ပြီ"

"အသားစားတာ ဘာမှားလို့လဲဗျ။ ကျုပ်တို့မှာ အသားတွေကို စားဖို့ အခွင့်အရေးရှိတယ်" သွန်မဆင်က ပြန်ပြောသည်။

"ဒါဖြင့်ရင် ပိုပြီး အသိဉာဏ်အဆင့်မြင့်တဲ့ သတ္တဝါတွေက ခင်ဗျားတို့ ဂြိုဟ်ကိုလာပြီး ခင်ဗျားတို့ အသားတွေကို စားရင် ခင်ဗျားတို့ ဘယ်လိုနေမလဲ"

ရဲအရာရှိက ပြန်ပြောသည်။ အခြားရဲအရာရှိများထံမှလည်း ဆူဆူညံညံ အသံများ ပိုထွက်လာသည်။

အာကာသယာဉ်၏ အခြားတစ်နေရာသို့ ရဲအဖွဲ့ဝင်များ ဆက်သွားကြရာ သင်တို့ လိုက်ပါကြရသည်။

"ဒီစက်ကို ဖွင့်စမ်း"ဟု ရဲတစ်ယောက်က ဗီဒီယိုပြစက်ကို ညွှန်ပြ၍ ပြောသည်။ သင်က ဗီဒီယိုပြစက်ကို ဖွင့်ပေးလိုက်သည်။ အခန်းအလယ်တွင် ကားနှစ်စီး၏ သုံးဖက်မြင်ပုံရိပ်များ ပေါ်ပေါက်လာသည်။ လမ်းတစ်လမ်းပေါ်တွင် ကားနှစ်စီး အရှိန်ပြင်းစွာ မောင်းနှင်နေကြသည်။ ကားတစ်စီးပျက်သွားပြီး ကားတစ်စီး ရပ်သွားသည်။ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို သေနတ်ဖြင့် ပစ်သည်။

သွန်မဆင်က–

"ဒါ...တကယ်မဟုတ်ဘူး၊ ရုပ်ရှင်လို့ ခေါ်တယ်။ 'ငါ့ကို သတ်မလား၊ ငါ့ကို ချစ်မလား'ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားဗျ၊ သိပ်ကောင်းတယ်"ဟု ပြောသည်။

ဂြိုဟ်သားရဲများထံမှ ဆူညံသံများ ပိုထွက်လာသည်။

"လူတွေတစ်ယောက်နဲ့တစ်ယောက် သတ်ဖြတ်နေကြတာကို ခင်ဗျားတို့က စောင့်ကြည့်ကြတယ်၊ ဟုတ်လား။ ဒီလိုအကြမ်းပတမ်းကိစ္စမျိုးတွေကို ဖက်ဒရေးရှင်းက လုံးဝပိတ်ပင်ထားတာ နှစ်ပေါင်းတစ်ထောင်ကျော် ကြာခဲ့ပြီ"

"ဒီမယ်...ဒီလိုကိစ္စမျိုးတွေကို ပိတ်ပင်ထားတယ်ဆိုတာ ကျုပ်တို့သိလည်း မသိဘူး။ ခင်ဗျားတို့ ဖက်ဒရေးရှင်းကိုလည်း ကျုပ်တို့လာချင်လို့လာတာမဟုတ်ဘူး။ ဒီကို ကျုပ်တို့မတော်တဆရောက်လာကြတာ"ဟု သွန်မဆင်ကပြောသည်။

"မင်းတို့လို ရာဇဝတ်ကောင်တွေ အားလုံး ဒီလိုချည်း ပြောကြတာပဲ"ဟု ရဲအရာရှိတစ်ဦးက ပြောသည်။

"ခင်ဗျားတို့ ယဉ်ကျေးမှုကို ကျုပ်တို့ဘာမှမသိတာ အမှန်ပါဗျာ"ဟု သင်က ဝင်ပြောသည်။

"ယဉ်ကျေးမှု...ယဉ်ကျေးမှု...ဟုတ်လား၊ ဒါတွေဟာ အရိုင်းအစိုင်းအလုပ်တွေပဲ။ ဒါတွေအတွက် ထောင်ထဲမှာ မင်းတို့အကြာကြီး နေကြရမယ်"

▪

ရဲအဖွဲ့ဝင်တစ်ဦးက သင့်ကို သင့်အခန်းသို့ ပြန်ခေါ်ခဲ့သည်။

"ထွက်ပြေးဖို့ မကြိုးစားနဲ့၊ ဒီဟိုတယ်ထဲမှာ မင်းကို လွယ်လွယ်လေး ငါတို့ ပြန်ရှာလို့ရတယ်"ဟု သူက ပြောပြီး ထွက်သွားသည်။

သင်က စင်ဒီကို ကြုံခဲ့ရသလျှ ပြန်ပြောပြပြီး ဘာလုပ်ရင်ကောင်းမလဲဟု မေးသည်။

"ကျွန်မ မသိဘူးလေ။ သိပ်တော့မဆိုးဘူးထင်တာပဲ။ ထောင်ဆိုတာ ထုံးစံကတော့ ညစ်ပတ်တဲ့နေရာတွေချည်းပဲ။ ကျွန်မကတော့ ထောင်ထဲမှာ သန့်ရှင်းရေ

လုပ်ရမှာကို သဘောကျတယ်"

"ငါကတော့ ထောင်သန့်ရှင်းရေး မလုပ်ချင်ဘူးဟေ့၊ ထောင်ထဲသွားဖို့အတွက် ကီလိုမီတာ သန်းချီပြီး ခရီးထွက်လာတာမဟုတ်ဘူးကွ"ဟု သင်က ပြန်ပြောလိုက်သည်။

ထိုစဉ် ထူးဆန်းသော အသံတစ်သံထွက်ပေါ်လာပြီး အခန်းနံရံအပေါက်တစ်ပေါက်မှ ပန်းကန်တစ်ချပ်ထွက်လာသည်။ အငွေ့တသောင်းသောင်းနှင့် တစ်စုံတစ်ခုထည့်ထားသည်ကို တွေ့ရသည်။

"မင်းအတွက် ညစာ" နံရံအပေါက်မှ အသံက ပြောသည်။ ပန်းကန်ထဲကအရာကို ကြည့်လိုက်ရာ စပါဂက်တီခေါက်ဆွဲနှင့် ခပ်ဆင်ဆင် တူသည်ကို တွေ့ရသည်။ သင်စားကြည့်သည်။ ချောကလက်မွှိတက်အရသာမျိုး ဖြစ်နေသည်။ သင်က စားစရာပန်းကန်ကို နံရံသို့ ပစ်ပေါက်လိုက်သည်။

ခဏအကြာတွင် တံခါးပွင့်လာပြီး ဆမ်ဒင်းကို တွေ့ရသည်။ "နားထောင်၊ ခင်ဗျားကို ကျုပ်ကူညီနိုင်တယ်၊ ကျုပ်ရဲ့အာကာသယာဉ်နဲ့ ခင်ဗျားလွတ်အောင်ပြေးလို့ ရတယ်"

"ခင်ဗျားက ကျုပ်ကို ဘာလို့ ကူညီမှာလဲ"

"အဲဒါ နောက်မှ ပြောမယ်လေ၊ အခု ကျုပ် အာကာသယာဉ်ဆီကို သွားနှင့်မယ်။ ခင်ဗျားကို အဲဒီက စောင့်မယ်"

"သွန်မဆင်ကို ဘယ်လိုလုပ်မလဲ"

"သူ့ကိုတော့ ဟိုတယ်မှာပဲ ချန်ထားခဲ့ရမှာပဲ။ သူ့အခန်းကို ရဲတွေက စောင့်နေကြတယ်"


"ကောင်း  းလ၊ ခင်ဗျား အာကာသယာဉ်က ဘယ်မှာလဲ"

ဆမ်ဒင်းက သူ့အာကာသယာဉ်ဆီသို့ လာရန် လမ်းညွှန်ချက်များကို ပြောပြသွားသည်။ ၁၀မိနစ်အကြာတွင် သင်သည် စင်ဒီနှင့်အတူ အခန်းထဲမှ ထွက်ခွာလာခဲ့သည်။

အခန်းစဉ်(၅၈)သို့ သွားပါ။ ➤

**အခန်းစဉ် ၅၁** (၅၇)

ဟိုတယ်၏ တည်နေရာပုံစံကို ကြည့်ပါ။ ပြီးလျှင် ဆမ်ဒင်း၏ လမ်းညွှန်ချက်အတိုင်းလိုက်ပါ။




ဟိုတယ်တည်နေရာပုံစံ

၁။ သင့်အခန်းမှ ထွက်ပါ။ စင်္ကြံလမ်းအတိုင်းလိုက်ပါ။ စင်္ကြံလမ်းအများကြီး ဆုံသောနေရာတွင် လေးထောင့်ခန်းမငယ်တစ်ခုကို တွေ့မည်။ အကျယ်ဆုံး စင်္ကြံလမ်းအတိုင်း ဆက်ထွက်လာပါ။

၂။ ခြောက်ထောင့်ပုံ ခန်းမကြီးတစ်ခုသို့ရောက်လျှင် ရှေ့တည့်တည့်သို့ ဆက်မသွားပါနှင့်။ ညာဘက်ကို ကွေ့ပြီး ခန်းမဘေးကို ပတ်ပြီးသွားပါ။ ညာဘက်ရှိ ပထမဆုံး စင်္ကြံလမ်းအတိုင်း ဝင်သွားပါ။

၃။ စင်္ကြံလမ်းအဆုံးတွင် တံခါးတစ်ခုတွေ့မည်။ ထိုတံခါးအတိုင်း ဖြတ်သွားပါ။

- နံပါတ်(၃၉)သည် ဆမ်ဒင်း၏ အာကာသယာဉ်သို့ ရောက်ရှိမည့် တံခါးဟု သင်ထင်လျှင်
  အခန်းစဉ် (၃၉)သို့ သွားပါ။ ➤
- နံပါတ်(၄၈)သည် ဆမ်ဒင်း၏ အာကာသယာဉ်သို့ ရောက်ရှိမည့် တံခါးဟု သင်ထင်လျှင်
  အခန်းစဉ် (၄၈)သို့ သွားပါ။ ➤
- နံပါတ် (၆၉)သည် ဆမ်ဒင်း၏ အာကာသယာဉ်သို့ ရောက်ရှိမည့် တံခါးဟု သင်ထင်လျှင်
  အခန်းစဉ်(၆၉)သို့ သွားပါ။ ➤

**အခန်းစဉ် ၅၉ (၄၆)**

**Answers:** Venus - love, Mars - war,
Jupiter - the gods, Saturn - agriculture,
Neptune - the sea, Uranus - the Stars
and the sky, Pluto - the dead.

အဖြေမှန်တစ်လုံးအတွက် (၁)မှတ်နိုင်သည်။ ①

အောက်ပါတို့မှာ ဂြိုဟ်များအကြောင်း ပို၍ စိတ်ဝင်စားစရာအချက်များ ဖြစ်ပါသည်။

★ အကယ်၍ နေသည် ဘုရားရှိခိုးကျောင်းလောက်ကြီးသည်ဆိုပါလျှင် မြေကမ္ဘာသည် ဖရဲသီးလောက် ကြီးမည်ဖြစ်ပြီး နေမှ ၄ကီလိုမီတာခန့် ဝေးမည်။ ဂျူပီတာသည် ဆင်တစ်ကောင်လောက်ကြီးမည်ဖြစ်ပြီး နေမှ ၂၀ကီလိုမီတာဝေးမည်။ ပလူတိုသည် ခရမ်းချဉ်သီးလောက် ရှိမည်ဖြစ်ပြီး နေမှ ၁၅၅ ကီလိုမီတာဝေးမည်။

★ ဂြိုဟ်များပေါ်တွင် နေ့ရက်များနှင့် နှစ်များသည် အလွန်မှ ထူးဆန်းနေမည်ဖြစ်သည်။ အကယ်၍ မာကျူရီဂြိုဟ်တွင် သင်မွေးဖွားခဲ့ပါက သင်၏ မွေးနေ့ပါတီကို သုံးလတစ်ကြိမ် ကျင်းပရမည်။ မာကျူရီတွင် တစ်နှစ်သည် မြေကမ္ဘာနေ့ရက်နှင့် တွက်ပါက ၈၈ရက်သာ ရှိသည်။ ဗီးနပ်စ်ဂြိုဟ်တွင် တစ်ရက်သည် ထိုဂြိုဟ်၏ တစ်နှစ်အချိန်ထက်ပို၍ ကြာသည်။

(မှတ်ချက်။ ။ဂြိုဟ်တစ်ခု မိမိဝင်ရိုးပေါ်တွင် တစ်ပတ်လည်ချိန်သည် ထိုဂြိုဟ်၏ တစ်ရက်ဖြစ်သည်။ နေကို တစ်ပတ်ပတ်မိချိန်သည် ထိုဂြိုဟ်၏ တစ်နှစ်ဖြစ်သည်။ ဗီးနပ်စ်သည် နေနှင့်ဒုတိယအနီးဆုံး ဂြိုဟ်ဖြစ်သည်။ ထို့ကြောင့် နေကို တစ်ပတ်ပတ်မိချိန်သည် မြန်ဆန်သည်။ မိမိဝင်ရိုးပေါ်တွင် တစ်ပတ်လည်ချိန်သည် နေကို တစ်ပတ်ပတ်မိချိန်ထက် ပို၍ကြာမြင့်သည်။ ။ ဘာသာပြန်သူ)

★ ဂျူပီတာ၊ ဆေတန်၊ ယူရေးနပ်စ်နှင့် နက်ပ်ကျွန်းတို့သည် နေစကြဝဠာတွင် အကြီးဆုံးဂြိုဟ်များဖြစ်ကြသည်။ သို့ရာတွင် ယင်းတို့သည် ဂြိုဟ်တစ်ခုလုံးလိုလို ဓာတ်ငွေ့အတိပြီးသည်။ (ဓာတ်ငွေ့လုံးကြီးများဟု ဆိုနိုင်သည်။) မာကျူရီ၊ ဗီးနပ်စ်၊ မားစ်၊ ပလူတိုနှင့် မြေကမ္ဘာ(Earth)တို့သည် အဓိကအားဖြင့် ကျောက်တုံးကျောက်စိုင်များဖြင့် ဖွဲ့စည်းထားသည်။

အခန်းစဉ်(၅၃)သို့ သွားပါ။ ◀

**အခန်းစဉ် ၆၀** (၂၇)

သင်သည် သွန်မဆင်အပေါ် ခုန်အုပ်လိုက်ပြီး ထိုးကြိတ်သည်။ ကံမကောင်းစွာဖြင့် သင်သည် သူ၏ ရိုဘော့ဝတ်စုံမှ သတ္တုထည်တစ်ခုကို ထိုးမိ၍ သင့်လက်နာကျင်သွားသည်။ သွန်မဆင်က သင့်နှာခေါင်းကို ထိုးလိုက်ရာ သင်သည် ကြမ်းပေါ် လဲကျသွားသည်။

"ငါ ဒီလိုလုပ်ချင်နေတာ ကြာလှပြီကွ၊ ဂါဆီးယား"ဟု သွန်မဆင်က ပြောသည်။

အခန်းစဉ်(၅၄)သို့ သွားပါ။ ➤

**အခန်းစဉ် ၆၁** (၂၈)

Answers: A galaxy - d, A spaceport - f, A spaceship - b, The Solar System - a, The Earth - c, A rocket - e.

အဖြေမှန်တစ်လုံးအတွက် (၁)မှတ်နိုင်သည်။

အင်္ဂါနေ့သို့ ရောက်လာပြီ။ သင်သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါရှိ အာကာသဆိပ်ကမ်းသို့ ရောက်ရှိပြီး သင့်ဖခင်ကြီးကို နှုတ်ဆက်နေသည်။

"မင်းသွားမှာက ဘယ်ကိုလဲကွ" သင့်ဖခင်ကြီးက မေးသည်။

"အာကာသယာဉ်က ခရီးသည်တွေကို ဂျူပီတာနဲ့ နက်ပ်ကျွန်းကို ပို့ပေးမယ်။ ပြီးတော့ ကျွန်တော်တို့က အိုအော့တိမ်တိုက်ထဲကိုဝင်ပြီး ပျောက်ဆုံးသွားတဲ့ အာကာသယာဉ်တစ်စင်းကို ရှာဖွေရမှာတဲ့"


"အိုအော့ တိမ်တိုက်ဆိုတာဘာလဲ"

"ကျွန်တော်လည်း သိပ်တော့ မသိဘူး။ တော်တော်ဝေးတယ်လို့တော့ ပြောကြတယ်"

"အေးကွယ်၊ မင်းသိပ်ကံကောင်းပါပေတယ်။ ဖေဖေ မင်းအရွယ်တုန်းက စနေ။ တနင်္ဂနွေအားလပ်ရက်မှာ လပေါ်ကိုပဲ သွားခဲ့ဖူးတယ်"ဟု ဖခင်ကြီးက ပြောပြီး အာကာသယာဉ်များ ရပ်နားထားသည်ကို လှမ်းကြည့်၍ "ဘယ်မှာလဲကွဲ့၊ လေဘာတီ အာကာသယာဉ်၊ ဖေဖေမမြင်ပါလား"

"လေဘာတီက ကမ္ဘာပတ်လမ်းကြောင်းထဲမှာဖေဖေ၊ ကျွန်တော်တို့က အာကာသဘတ်စ်ကားတစ်စီးနဲ့ အဲဒီလိုသွားကြရမှာ"

"အေးကွယ်၊ ကျောင်းမှာတုန်းက အင်္ဂလိပ်စာကို မင်းတို့သေသေချာချာ




*'လောဘတီအာကာသယာဉ်အတွက် အာကာသဘတ်စ်ကား စာရင်းသွင်းရန်' စာတန်းကို တွေ့ရသည်။*

မသင်ခဲ့ရတာ သနားစရာပဲ။ အခုဆိုရင် မင်းအင်္ဂလိပ်စာကို သုံးဖို့ လိုနေပြီမဟုတ်လား"

"မပူပါနဲ့ဖေဖေ၊ ကျွန်တော်အဆင်ပြေသွားမှာပါ။ ကဲ...ကျွန်တော်ဘယ်ကို သွားရမလဲ၊ အာကာသဘတ်စ်ကား စီးရမယ့်နေရာကို ဖေဖေသိလား"

"ဟိုမှာလေ" သင့်ဖခင်ကြီးက လမ်းညွှန်သည်။ "လေဘာတီအာကာသယာဉ်အတွက် အာကာသဘတ်စ်ကား စာရင်းသွင်းရန်"ဟု ရေးထားသော စာတန်းကို တွေ့ရသည်။

သင်သည် စာရင်းသွင်းစားပွဲသို့ သွားရောက်သည်။ ထိုစားပွဲရှိ ရိုဘော့နှင့် သင်စကားပြောဆိုရမည်။

အောက်ပါတို့မှာ ရိုဘော့နှင့် သင်၏စကားပြောခန်းဝါကျများ ဖြစ်သည်။ ဝါကျများ မှန်ကန်အောင် အစီအစဉ် ပြုလုပ်ပေးပါ။

Example: 1 - e

(a) Number 172. Here's your boarding card. Have a nice trip.

(a) နံပါတ် ၁၇၂။ ဒီမှာ ခင်ဗျားရဲ့ အာကာသယာဉ်ပေါ် တက်ခွင့်ကတ်ပြား၊ ကောင်းသောခရီးစဉ် ဖြစ်ပါစေ။

(b) Here you are. Where do I put my luggage?

(b) ဟောဒီမှာ ကျွန်တော့်ဆွဲအိတ် ဘယ်မှာထားရမလဲ။

(c) Oh no! Here your are.
Which gate do I go to?

(c) အိုး နိုး၊ ဟောဒီမှာ၊
ဘယ်အပေါက်က ကျုပ်သွားရမှာလဲ။

(d) Here. 32 Kilos - I'm afraid It's too heavy. You'll have to pray me twenty thousand dollars.

(d) ဒီမှာ၊ ၃၂ကီလို - သိပ်လေးလွန်းပါလား၊
ခင်ဗျားကျုပ်ကို ဒေါ်လာ ၂၀,၀၀၀ ပေးရလိမ့်မယ်။

(e) Good afternoon. Can I have your ticket and passport, please.

(e) ကောင်းသောညနေပါ။ ကျေးဇူးပြုပြီး ခင်ဗျားရဲ့ လက်မှတ်နဲ့ ပတ်စ်ပို့ကို ပြနိုင်မလား။

အခန်းစဉ်(၄၉)သို့ သွားပါ။ ➤

**အခန်းစဉ် ၆၂** (၄၀) (၅၁)

ရိုဘော့အငယ် ကျိုးပဲ့နေခြင်းမှာ ရိုဘော့အကြီးက ကောင်းကောင်းမွန်မွန် မပြင်ဆင်ပေးခြင်းကြောင့် ဖြစ်သည်။

ရိုဘော့အကြီးသည် ပစ္စည်းများ ပျက်စီးလျှင် ကောင်းကောင်းပြင်ဆင်ပေး

လေ့မရှိ။ ရိဘော့အကြီး သန့်ရှင်းသပ်ရပ်နေပြီး ကျိုးပဲ့မှုမရှိခြင်းမှာ ပစ္စည်းများ ပျက်စီးလျှင် ရိဘော့အငယ်ကချည်း ပြင်ဆင်ပေးခဲ့ရခြင်းကြောင့် ဖြစ်သည်။

"ကွန်ပျူတာကို ပြင်ပေးပါ"ဟု သင်က ရိဘော့အငယ်ကို ပြောလိုက်သည်။ ရိဘော့အငယ်သည် ကွန်ပျူတာ၏ ကျောဘက်သို့ သွားပြီး ဆားကစ်အချို့ကို ဖြုတ်လဲလိုက်သည်။ မကြာမီ ကွန်ပျူတာသည် အကောင်းပကတိ ပြန်ဖြစ်သွားသည်။

ထို့နောက် ရိဘော့အငယ်သည် အာကာသယာဉ်ပေါ်ရှိ အခြားအရာဝတ္ထုများ ကိုလည်း လိုက်လံပြုပြင်လျက် ရှိသည်။

"ငါတို့ အိမ်ပြန်ချင်တယ်" သင်က ကွန်ပျူတာကို ပြောလိုက်သည်။

"ကောင်းတဲ့စိတ်ကူးပါပဲ။ ခင်ဗျားအိမ်ဘယ်မှာရှိသလဲပြောတတ်သလား၊ ဂယ်လက်ဇီထဲမှာ ဂြိုဟ်တွေက သန်းပေါင်း ထောင်ချီပြီး ရှိနေတာ"

ကွန်ပျူတာက ခပ်ချဉ်ချဉ် လေသံဖြင့် ပြောသည်။

"ငါ စဉ်းစားပြီး ပြောပါရစေ။ တို့နေရာက ကြယ်တစ်လုံးထဲရှိတဲ့ ဖွဲ့စည်းပုံပဲ၊ (နေတစ်စင်းတည်းရှိသော စကြဝဠာဟု ဆိုလိုသည်။) ဂြိုဟ်ကိုးလုံး ဝိုင်းရံထားတယ်။ နေက တတိယမြောက်ဂြိုဟ်ဟာ သက်ရှိသတ္တဝါနေထိုင်နိုင်တဲ့ တစ်ခုတည်းသော ဂြိုဟ်ဖြစ်တယ်။ ဂယ်လက်ဇီရဲ့ အလယ်ဗဟိုကနေ အလင်းနှစ် ၃၀,၀၀၀လောက် ကွာဝေးတယ်။ ငါလည်း ဒီထက်ပိုပြီး မမှတ်မိတော့ဘူး" သင်က ကွန်ပျူတာကို ပြန်ပြောပြသည်။

ကွန်ပျူတာက ၎င်း၏ မှတ်ဉာဏ်ဘဏ်များ (memory banks)ကို ပြန် စစ်ဆေးကြည့်သည်။

"ခင်ဗျားပြောတဲ့အချက်တွေနဲ့ ကိုက်ညီတဲ့ ဂြိုဟ်စနစ်နှစ်မျိုးကို ကျူပ်ရှာလို့ တွေ့တယ်။ အဲဒီစနစ်တွေကို ခင်ဗျားကို ပြောပြမယ်" ကွန်ပျူတာက ပြောသည်။

**ဂြိုဟ်စနစ် EQG 99345120986l**

- ★ အကြီးဆုံးဂြိုဟ်သည် နေမှ စတုတ္ထမြောက် ဖြစ်သည်။
- ★ နေနှင့်အနီးဆုံးဂြိုဟ်သည် အသေးငယ်ဆုံးဖြစ်သည်။
- ★ စက်ဝိုင်းကွင်းများရှိသော အလယ်အလတ်စားဂြိုဟ်တစ်ခုရှိသည်။
- ★ အကြီးဆုံးဂြိုဟ်သည် အခြားဂြိုဟ်များအားလုံး စုပေါင်းထားသည့် အရွယ်လောက် ကြီးမားသည်။

**ဂြိုဟ်စနစ် AAZ 16667354399**

- ★ အကြီးဆုံးဂြိုဟ်သည် နေမှ ပဉ္စမမြောက် ဖြစ်သည်။

★ နေမှ အဝေးဆုံးဂြိုဟ်သည် အသေးငယ်ဆုံးဖြစ်သည်။

★ စက်ဝိုင်းကွင်းများ ရှိသော ကြီးမားသော ဂြိုဟ်တစ်ခုရှိသည်။

★ အကြီးဆုံးဂြိုဟ်သည် အခြားဂြိုဟ်များအားလုံး စုပေါင်းထားသည့် အရွယ်ထက် နှစ်ဆကြီးမားသည်။

- နေစကြဝဠာသည် EQG 993451209861 ဖြစ်သည်ဟု သင်ထင်လျှင် အခန်းစဉ်(၁၇)သို့ သွားပါ။ ➤
- နေစကြဝဠာသည် AAZ 16667354399 ဖြစ်သည်ဟု သင်ထင်လျှင် အခန်းစဉ်(၃၂)သို့ သွားပါ။ ➤

## အခန်းစဉ် ၆၃ (၄၄) (၅၅)

ပရော့ဆီးမားစင်တောရီသည် အလင်းနှစ် လေးနှစ်ကွာဝေးသည်။ ရေဒီယို လှိုင်းများသည် အလင်း၏ မြန်နှုန်းဖြင့် သွားသည်။ ထို့ကြောင့် ပရော့ဆီးမားစင်တောရီသို့ သတင်းပို့ချက်(message)တစ်ခု ရောက်ရှိရန် လေးနှစ်ကြာမည်ဖြစ်သည်။ အကြောင်းပြန်ကြားချက်ရောက်ရှိရန်လည်း နောက်ထပ်လေးနှစ် ကြာမည်ဖြစ်သည်။

အန်းသည် ပရော့ဆီးမားစင်တောရီသို့ စင်းလုံးငှားလက်မှတ်ဝယ်သည်။ သူမသည် အာကာသဆိပ်ကမ်းသို့ သူငယ်ချင်းဖြစ်သူ ဆူဆန်နှင့်အတူ သွားသည်။ အန်းသည် အသက် ၂၁နှစ်ရှိပြီး ဆူဆန်သည်လည်း ၂၁နှစ်ပင် ဖြစ်သည်။ ဆူဆန် ကမ္ဘာမှ ခရီးသွားလိုခြင်း မရှိချေ။ သူမသည် ကမ္ဘာ၌ပင် အလုပ်ကောင်းတစ်ခု ရရှိလိုပြီး ပိုက်ဆံများများ စုဆောင်းချင်သည်။ အာကာသယာဉ်ပေါ်သို့ အန်းတက်ရောက်ပြီး နောက် အာကာသယာဉ်သည် ကမ္ဘာမှ ထွက်ခွာသွားသည်။ အာကာသယာဉ်သည် မြန်သည်ထက်မြန်စွာ ပျံသန်းသွားသည်။ သို့ရာတွင် အလင်းရောင်မြန်နှုန်း ရအောင် လပေါင်းများစွာ ကြာဦးမည် ဖြစ်သည်။

အန်းသည် ပရော့ဆီးမားစင်တောရီဂြိုဟ်အနီးရှိ သူမ၏ အဒေါ်ထံ သွားရောက်လည်ပတ်ပြီး ဆိုင်ရီးယပ်စ်(Sinius)ဂြိုဟ်ရှိ ညီမတစ်ဝမ်းကွဲ တစ်ဦးထံသို့လည်း သွားရောက်ခဲ့သေးသည်။ အန်းသည် စိတ်ဝင်စားစရာ လူများစွာနှင့် တွေ့ဆုံခဲ့ရပြီး အလွန်ထူးဆန်းသော အစားအစာများကို စားသောက်ခဲ့ရသည်။ သူမသည် မြေကမ္ဘာစားသောက်ဆိုင်တစ်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် အလုပ်ဝင်လုပ်ခဲ့သေးသည်။ ခုနစ်နှစ် ကြာပြီးနောက် အန်းသည် မြေကမ္ဘာသို့ ပြန်လာခဲ့သည်။

အန်းသည် သူငယ်ချင်းဆူဆန်ကို သွားရောက်တွေ့ဆုံသည်။ ယခုအခါ ဆူဆန်သည် အလွန်ကြီးမားသော အိမ်ကြီးတစ်အိမ်တွင် နေထိုင်သည်။ ကုမ္ပဏီတစ်ခု

တွင် ဒါရိုက်တာတစ်ဦးဖြစ်နေသည်။ ဆူဆန်က အန်းအား သူမ၏ သားသမီးများနှင့် မြေးများ ဓာတ်ပုံတွေကို ထုတ်ပြသည်။ ဆူဆန်သည် အသက် ၆၀ ရှိပြီ။ အန်းမှာမူ ၂၈နှစ်သာ ရှိသေး၏။ ဆူဆန်အတွက် ၃၉နှစ် ကုန်လွန်ခဲ့ပြီး။ အန်းအတွက်မူ ၇နှစ်သာ ကုန်လွန်ခဲ့သေးသည်။

အိုင်းစတိုင်းသည် ၁၉၀၅ခုနှစ်တုန်းက ဆက်နွှယ်မှုဆိုင်ရာ အထူးသီဝရီ (The Sepecial Theory of Relativity) ရေးသားထုတ်ဝေခဲ့သည်။ ယင်းသီဝရီက အချိန်အပါအဝင် အရာခပ်သိမ်းသည် ဆက်နွှယ်လျက် ရှိသည်ဟု ပြောသည်။ အချိန်သည် အခြားတစ်နေရာသို့ သင်ခရီးသွားရာတွင် လျင်မြန်သည့် မြန်နှုန်းအပေါ်၌ တည်နေသည်။ အလင်းရောင်၏ မြန်နှုန်းနီးပါးဖြင့် မောင်းနှင်နေသော အာကာသယာဉ်တစ်စင်းပေါ်ရှိ နာရီသည် မြေကမ္ဘာပေါ်ရှိ နာရီထက်ပို၍ နှေးသွားမည်ဟု အိုင်းစတိုင်းက ပြောသည်။ အိုင်းစတိုင်း၏ သီဝရီစတင်ထုတ်ဝေစဉ်က လူအတော်များများက မယုံကြည်ကြချေ။ သို့ရာတွင် သိပ္ပံပညာရှင်များသည် ထိုသီဝရီကို စစ်ဆေးရန် လက်တွေ့စမ်းသပ်မှုအမြောက်အမြား ပြုလုပ်ခဲ့ကြသည်။ အိုင်းစတိုင်း၏ သီဝရီမှန်ကန်ကြောင်း လက်တွေ့စမ်းသပ်မှုများက ပြသခဲ့ကြသည်။

*

အောက်ပါစကားလုံးများမှာ ၂၂၆၇ခုနှစ်တုန်းက ရက်သတ္တတစ်ပတ်ကြာမျှ အလွန်လူကြိုက်များခဲ့သော သီချင်းတစ်ပုဒ်မှ စာသားများဖြစ်သည်။ ဆီလျော်သော စကားလုံးကို သီချင်းစာသား ကွက်လပ်များတွင် ဖြည့်ပါ။

**rings head sad naouse afraid heart fun boyfriend rocks**

(ကွက်လပ်အရေအတွက်ထက် စကားလုံးက ပို၍ များနေသည်။ ဆီလျော်ရာကိုသာ ရွေးထည့်ပါ)

**The Astronaut's Song**

Never fall in love with an Earthman
As you will leave Earth one day,
And he will break your poor little (a) ……
When you travel the Milkey Way.

I once had a (b) …… called Steve
who had hair of silver and blue,

I kissed him under the Moon Stars
And said I would always be true.

But one day my captain called me,
He said, 'I'm (c) …… we must leave.
We are going to travel near the speed of Light',
So I said good bye to my Steve.

We left the Solar System
And I saw many wonderful things,
I saw pulsars, black holey, stars and comets
And giant planets with beautiful (d) ……

For six years I travelled this Universe
But for me it was not (e) …
And when I came back, I found my Steve
Was a grandfather of seventy-one.

**အာကာသသွားသီချင်း**

*မြေကမ္ဘာသားတစ်ယောက်ကို ဘယ်တော့မှ မချစ်လေနဲ့*
*တစ်နေ့မှာ သင်ဟာ ကမ္ဘာက ထွက်ခွာမှာဖြစ်လို့*
*ပြီးတော့ သူက မင်းရဲ့သနားစရာ ...လေးကို ခွဲလိမ့်မယ်*
*မစ်လ်ကီးဝေးကို မင်းခရီးသွားတဲ့အခါပေါ့။*

*ငါ့မှာ တစ်ခါတုန်းက စတိဗ်လို့ ခေါ်တဲ့ ...တစ်ယောက်ရှိခဲ့*
*ငွေရောင်နဲ့ အပြာလွှလွှ ဆံပင်လှလှတွေနဲ့*
*လရောင်ကြယ်ရောင်တွေအောက်မှာ သူ့ကို ငါနမ်း*
*ပြီးတော့ ငါထာဝရသစ္စာရှိနေမယ်လို့ ပြောခဲ့။*

*ဒါပေမယ့် တစ်နေ့သောအခါ ကပ္ပတိန်က ငါ့ကို ခေါ်တယ်*
*သူက ပြောတယ်။ ငါ ...တို့တစ်တွေ ထွက်ခွာရမယ်။*
*အလင်းမြန်နှုန်းနီးပါးနဲ့ ငါတို့ ခရီးသွားရမယ်တဲ့။*
*ဒါကြောင့် ငါလည်း ငါချစ်တဲ့ စတိဗ်ကို နှုတ်ဆက်ခွဲခွာခဲ့ရ*
*ငါတို့ နေစကြဝဠာက ထွက်ခွာခဲ့*
*အံ့သြစရာတွေ အများကြီးငါတွေ့ရ*
*ပါလ်ဆာတွေ၊ တွင်းနက်ကြီးတွေ၊ ကြယ်တွေ၊ ကောမက်ကြယ်တံခွန်တွေ*
*ပြီးတော့*
*လှပတဲ့ ...တွေနဲ့ ရောမဂြိုဟ်ကြီးတွေ။*

*ခြောက်နှစ်ကြာမျှ ဒီစကြဝဠာကြီးမှာ ငါခရီးသွားခဲ့*
*ဒါပေမယ့် ငါ့အတွက် အဲဒါ ...စရာ မဟုတ်ခဲ့ဘူး*
*ငါပြန်လာတဲ့အခါ ငါချစ်တဲ့ စတိဗ်ကို တွေ့တော့*
*၇၁နှစ်အရွယ် ဘိုးဘိုးတစ်ယောက်ဖြစ်နေပေါ့။*

အခန်းစဉ် (၂၉)သို့ သွားပါ။ ➤

**အခန်းစဉ် ၆၄ (၅၃)**

သင်သည် ရေဒီယိုခန်းသို့သွား၍ မြေကမ္ဘာရှိ သင်၏ ဖခင်ထံ ဖုန်းဆက်သည်။

"ဟဲလို...ဖေဖေ၊ ကျွန်တော်စကားပြောနေတာပါ"

၁၀နာရီကြာပြီးမှ သင်သည် အဖြေစကားပြန်ရသည်။

"ဟဲလို ထရန်၊ မင်းနေကောင်းရဲ့လား"

"နေကောင်းပါတယ်ဖေဖေ၊ မေမေကော နေကောင်းရဲ့လား"

ထိုနောက် ၁၀နာရီကြာပြီးမှ

"အေး...မင်းအမေလည်း နေကောင်းတယ်၊ အာကာသယာဉ်ပေါ်မှာမင်း ပျော်ရဲ့လား"

"ဟုတ်ကဲ့ ဖေဖေ"

ဤမျှအကွာအဝေးတွင် တစ်ဖက်နှင့်တစ်ဖက် စကားပြောရသည်မှာ ခက်ခဲလှသည်။ ရေဒီယိုလှိုင်းများသည် အလင်းမြန်နှုန်းဖြင့် ခရီးသွားသော်လည်း သင်သည် ကမ္ဘာနှင့် အလွန်ဝေးကွာသောနေရာတွင် ရောက်ရှိနေသဖြင့် တစ်ဖက်မှတစ်ဖက်

သို့ ရေဒီယိုလှိုင်းများ ရောက်ရှိရန် ငါးနာရီမျှ ကြာမြင့်သည်။

အခန်းစဉ်(၂၂)သို့ သွားပါ။ ➤

**အခန်းစဉ် ၆၅ (၉)**

သင်စောင့်နေသည်။ ဆမ်ဒင်းက နောက်ထပ်လေဆာတစ်ချက် ထပ်ပစ်သည်။ ယင်းသည် သင့်အာကာသယာဉ်၏ လေဆာသေနတ်ကို ထိမှန်သွားသည်။ သင့်လေဆာသေနတ်ကို သင်မပစ်နိုင်တော့။

သင် (၅)မှတ် ရှုံးသည်။ ❺

"အခု ဆမ်ဒင်း ဘာလုပ်နေသလဲ" သင်က ကွန်ပျူတာကို မေးလိုက်သည်။

ကွန်ပျူတာမှန်သားပြင်တွင် ဆမ်ဒင်း၏ အာကာသယာဉ် တွင်းနက်ကြီးအနီးမှ ပြန်လှည့်နေသည်ကို သင်မြင်ရသည်။ သို့ရာတွင် တွင်းနက်ကြီးဆီသို့ ရုတ်တရက် အဆွဲခံလိုက်ရသည်ကို တွေ့ရသည်။

အခန်းစဉ်(၂၅)သို့ သွားပါ။ ➤

**အခန်းစဉ် ၆၆ (၄၉)**

"ကိုင်း...ဟောဒီမှာ" ကပ္ပတိန်ရောဂျားစ်က ကော်ဖီများ ထည့်ထားသော ပလတ်စတစ်ဘူးငယ်တစ်ခုကို သင့်အား ကမ်းပေးသည်။ ဤဘူးမျိုးကို ယခင်က သင်တစ်ခါမျှ မမြင်ဖူးခဲ့။ သင်သည် ဘူးတိပ်မှ အစကို ဆွဲဖြုတ်လိုက်သည်။

"ထိပ်က မဆွဲနဲ့" ကပ္ပတိန်ရောဂျားစ်က အော်ပြောသည်။ သို့ရာတွင် မမီလိုက်တော့။ ဘူးသည် ပွဲသွားပြီး ကော်ဖီရည်ပူပူများသည် လေထဲသို့ ကန်ထွက်လာသည်။ ကော်ဖီအချို့သည် လျှပ်စစ်ဆားကစ်များပေါ်သို့ ကျကုန်သည်။ သင်က ကော်ဖီရည်များကို လက်နှင့် သုတ်ရာ ကျယ်လောင်သော ပေါက်ကွဲသံထွက်ပေါ်လာပြီး သင်သည် လျှပ်စစ်ဓာတ်လိုက်ခံရသည်။

"လူ့အနွံပဲ၊ အာကာသယာဉ်ပေါ်မှာ ကော်ဖီဘယ်လိုသောက်ရတယ်ဆိုတာ ရှင်မသိဘူးလား"

ကပ္ပတိန်ရောဂျားစ်က ဒေါသဖြစ်ပြီး သင့်ကို ပြောသည်။

သင် (၅)မှတ်ရှုံးသည်။ ❺

"ဂါဆီးယားဟာ အာကာသထဲမှာ ခရီးသွားတဲ့ ဗဟုသုတများများစားစား မရှိဘူးဆိုတာ ကျုပ်သိတယ်" ဟု သွန်မဆင်က ပြောလိုက်သည်။

အခန်းစဉ်(၆)သို့ သွားပါ။ ➤

အခန်းစဉ် ၆၇ (၅)

သင်သည် သွန်မဆင်နှင့်အတူ ဓာတ်လှေကားထဲသို့ ဝင်သည်။ "ခင်ဗျားတို့ ဘယ်သွားချင်သလဲ"ဟု ဓာတ်လှေကားက မေးသည်။

"ဖိထပ်ကို သွားမယ်"သင်က ပြန်ပြောသည်။

ဓာတ်လှေကား တက်သွားပြီး အထပ်များ၏ ကြားတစ်နေရာတွင် ရပ်လိုက်သည်။

"ဟော့...ဘာလို့ ရပ်တာလဲ" သွန်မဆင်က မေးသည်။

ဓာတ်လှေကားက အေးအေးဆေးဆေး ပြန်ပြောသည်။

"ကျုပ်တို့ ဒီမှာပဲ ရပ်နေဦးမယ်။ ပင်မကွန်ပျူတာထဲကို စင်ဒီက သတင်းအချက်အလက်တွေ လွှဲပြောင်းပေးပြီးတဲ့အချိန်အထိပေါ့"

"ဟော့...ဒီလိုမလုပ်နဲ့" သင်က ပြောသည်။

"အပြင်ထွက်မယ်ဟေ့" သွန်မဆင်က အော်ပြောသည်။ "ဒီကိစ္စအတွက် မင်းကို ထောင်ချပစ်မယ်" သူက ဓာတ်လှေကားနံရံများကို ထုသည်။ သို့ရာတွင် တုတ်တုတ်မလှုပ်။

နာရီဝက်အကြာတွင် ဓာတ်လှေကားက ပြောသည်။

"အင်း...အခု စင်ဒီကိစ္စပြီးသွားပြီ"

ထို့နောက် ဓာတ်လှေကားအပေါ်သို့ တက်သွားသည်။ သင်နှင့် သွန်မဆင်တို့ အမြန်ထွက်ကြသည်။

အခန်းစဉ်(၄၂)သို့ သွားပါ။ ➤

အခန်းစဉ် ၆၈ (၅၂)

ချီးကျူးပါတယ်။ သင်ဟာ စာအုပ်ရဲ့ ၄၀% ပြီးသွားပါပြီ။

Answer " I apologisefor being so rude"

အဖြေမှန်လျှင် သင်(၅) မှတ်နိုင်သည်။ ⑤

တံခါးပွင့်သွားသည်။ သင်သည် တံခါးမှ လျင်မြန်စွာ ထွက်လိုက်သည်။

"အသုံးမကျတဲ့ တံခါး"ဟု သင်က အော်ပြောလိုက်သည်။ စကြိုလမ်းတစ်လျှောက် အစားအစာများ၊ အဝတ်အစားများနှင့် ညစ်ပတ်သောခြေအိတ်များ လေထဲ ပျံဝဲနေသည်။ အာကာသဘတ်စ်ကား ရပ်နားစခန်းသို့ သင်ရောက်သောအခါ အာကာသဘတ်စ်ကားများ ထွက်သွားကြလေပြီ။

သင်သည် စကြိုလမ်းတစ်လျှောက် ပြန်လာခဲ့ရာ ရှိဘော့ 'စင်ဒီ'နှင့် တွေ့

သည်။

"မင်းက တခြားလူတွေနဲ့ ဘာကြောင့် လိုက်မသွားတာလဲ" သင်က စင်ဒီကို မေးလိုက်သည်။

"သူတို့က ရှင့်ကို ရှာဖွေဖို့ ကျွန်မကို ပြောခဲ့တယ်"

"ငါအခု ထိန်းချုပ်ရေးအခန်းကို သွားမယ်" သင်က ပြောပြီး ထွက်လာသည်။ ထိန်းချုပ်ရေးအခန်းတံခါးကို ဖြတ်ပြီး ဝင်သွားလျှင် ဝင်သွားချင်း တစ်စုံတစ်ယောက်က သင့်ကို နောက်က ခုန်အုပ်လိုက်သည်။

"မင်းကို ငါနောက်ယောင်ခံနေတာကြာပြီ"

သွန်မဆင်က ပြောသည်။ "မင်းဘာကြောင့် အာကာသယာဉ်ပေါ်မှာ နေရစ်ခဲ့တာလဲ၊ အမျိုးအမည်မခွဲခြားနိုင်တဲ့ အရာဝတ္ထုဟာ အန္တရာယ်မရှိဘူးဆိုတာ မင်းသိနေတယ်မဟုတ်လား၊ ဒီကိစ္စတွေအားလုံးရဲ့နောက်ကွယ်မှာ မင်းရှိတယ်ဆိုတာ ငါသိတယ်"

ထိုစဉ် သွန်မဆင်သည် ပြတင်းပေါက်အပြင်ကို လှမ်းကြည့်လိုက်ရာ သူ့မျက်နှာသည် ထိတ်လန့်တုန်လှုပ်ဟန် ပေါ်ပေါက်သွားသည်။ သင်ကလည်း ပြတင်းပေါက်ကို ကြည့်လိုက်သည်။ အာကာသယာဉ်သည် အနီ၊ အပြာ၊ အဖြူနှင့် အနက်ရောင်စုံ ခရုပတ်သဏ္ဍာန် ဥမင်လိုဏ်ခေါင်းကြီးထဲသို့ ဝင်သွားသည်ကို တွေ့ရသည်။ အာကာသယာဉ်သည် ရုတ်တရက် လှုပ်ရှားတုန်ခါသွား၍ သင်သည် အခန်းထောင့်သို့ လွင့်စဉ်သွားသည်။ စုံထောက်ကြီးသွန်မဆင်သည်လည်း နံရံနှင့် ခေါင်း သွားဆောင့်သည်။

"သွန်မဆင်"ဟု သင်က အော်လိုက်သည်။ သို့ရာတွင် ပြန်ဖြေသံ မကြားရ။

အချိန်အများကြီး ကြာသွားပြီးမှ အာကာသယာဉ်သည် လှုပ်ရှားမှုရပ်သွားသည်။ သင်သည် ပြတင်းပေါက်မှ ကြည့်လိုက်ရာ ကြယ်များသန်းပေါင်းများစွာကို တစ်စုတစ်ဝေးတည်း တွေ့ရသည်။

"ခုနက ဘာဖြစ်သွားတာလဲ" သင်က ထိန်းချုပ်ရေးအခန်းထဲမှ ကွန်ပျူတာကို မေးလိုက်သည်။

"တီတွင်းကြီးတစ်ခုထဲ ကျုပ်တို့ ဝင်သွားတယ်ထင်တယ်"ဟု ကွန်ပျူတာက ပြန်ပြောသည်။

"အဲဒါက ဘာလဲကွ"



*အာကာသယာဉ်သည် ကြီးမားလှသော ခရုပတ်ဥမင်လိုဏ်ခေါင်းထဲ ဝင်သွားသည်။*

"ပြောရရင်တော့ စကြဝဠာရဲ့ အပိုင်းအခြားတစ်နေရာကနေ စကြဝဠာရဲ့ နောက် အပိုင်းအခြားတစ်နေရာကို ဆက်သွယ်ထားတဲ့ ဥမင်လိုဏ်ခေါင်းလိုဟာမျိုးပဲ၊ ကာလနဲ့ အာကာသထဲက တွင်းကြီးတစ်ခုပဲပေါ့"

အောက်ပါတို့မှာ ကွန်ပျူတာနှင့် သင်၏ စကားပြောခန်းဖြစ်သည်။ မေးခွန်းများနှင့် အဖြေများကို မှန်အောင် တွဲပေးပါ။

**Example: 1 - C**

| **You** | **Computer** |
|---|---|
| 1. Why does the sky look different? | a. Near the center of the Galaxy. |
| 2. Where are we? | b. No, it closed after we went through it. |
| 3. How far is it to Earth? | c. The Wormhole took us to a different part of space-time. |
| 4. Can't we go back through the wormhole? | d. Thousands of years. It is difficult to say. |

| | |
|---|---|
| 5. How long will it take to get home? | e. Approximately 27,000 light years, that is about 250 million billion Kilometers. |

| သင် | ကွန်ပျူတာ |
|---|---|
| 1. ကောင်းကင်ကြီး ဘာကြောင့် တစ်မျိုးဖြစ်သွားတာလဲ။ | a. ဂယ်လက်ဇီရဲ့ အလယ်ဗဟိုနားမှာ။ |
| 2. ငါတို့ ဘယ်ရောက်နေလဲ။ | b. ဟင့်အင်း၊ ကျုပ်တို့ဖြတ်သွားပြီးတာနဲ့ နောက်က ပြန်ပိတ်သွားတာ။ |
| 3. ကမ္ဘာနဲ့ ဘယ်လောက်ဝေးသလဲ။ | c. တီတွင်းကြီးက ကျုပ်တို့ကို အာကာသ–ကာလ ကွဲပြားခြားနားတဲ့နေရာကို ယူသွားနေတာ။ |
| 4. တီတွင်းကြီးထဲက တို့ပြန်ထွက်နိုင်ပါ့မလား။ | d. နှစ်ပေါင်း ထောင်ချီမယ်။ ပြောဖို့တောခက်တယ်။ |
| 5. အိမ်ပြန်ရောက်ဖို့ ဘယ်လောက်ကြာမလဲ။ | e. ခန့်မှန်းခြေ အလင်းနှစ် ၂၇,၀၀၀၊ ကီလိုမီတာသန်းထောင်ပေါင်း ၂၅၀ သန်း။ |

အခန်းစဉ်(၁၃)သို့ သွားပါ။ ➤

## အခန်းစဉ် ၆၉ (၅၈)

သင်သည် တံခါးကို ဖွင့်လိုက်ရာ အကြည့်ရဆိုးလှသော ပန်းရောင်သတ္တဝါတစ်ကောင်ကို တွေ့ရသည်။ ၎င်းထံမှ အသံတစ်သံ မြည်သံကြားပြီး သင့်ကိုကြောက်စရာတစ်စုံတစ်ခုဖြင့် ရိုက်လိုက်သည်။

သင် (၅)မှတ် ရှုံးသည်။ ❺

အခန်းစဉ်(၅၈)သို့ ပြန်သွားပါ။ ➤

နောက်အခန်းတစ်ခန်း ထပ်ရွေးပါဦး။

## အခန်းစဉ် ၇၀

သင်တာဝန်ကျေသွားပါပြီ။ ခေတ်လမ်းတစ်ခုလုံး ပြီးဆုံးပါပြီ။ အစသို့ ပြန်သွားပြီး သင့်ရမှတ်များနှင့် ယှဉ်ကြည့်ပါ။

အောက်ပါတို့မှာ အာကာသနှင့် အာကာသခရီးအကြောင်း သိကောင်းစရာ အခန်းစဉ်များ ဖြစ်သည်။

အကယ်၍ သင် မဖတ်မိဘဲ ကျန်ရစ်ခဲ့သော အကြောင်းအရာများကို ပြန်ဖတ်လိုပါက အောက်ပါအခန်းစဉ်များကို ကြည့်ပါ။

| | | |
|---|---|---|
| တွင်းနက်ကြီးများ | - | အခန်းစဉ် (၃) |
| ဂယ်လက်ဇီများ၊ ကြယ်များနှင့် နေ | - | အခန်းစဉ် (၈) |
| အာကာသဟာသများ | - | အခန်းစဉ်(၁၁) |
| မြေကမ္ဘာ | - | အခန်းစဉ်(၁၈) |
| လ | - | အခန်းစဉ်(၁၉) |
| အခြားဂြိုဟ်သားများ | - | အခန်းစဉ်(၃၄) |
| နေရာ၊ အချိန်၊ စကြဝဠာနှင့် အရာခပ်သိမ်း | - | အခန်းစဉ်(၃၅) |
| အလင်းရောင်၏ မြန်နှုန်းနှင့် ဆက်နွယ်မှု | - | အခန်းစဉ်(၄၄) |
| ဂြိုဟ်များ | - | အခန်းစဉ်(၄၆) |

ပြီးပါပြီ။
မောင်ဝံသ
(မြန်မာပြန်သူ)